ကြေးမုံ
The Mirror Daily
၁၉၅၇ ဇူလိုင် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၈ ခုနှစ် တော်သလင်းလဆန်း ၆ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday , 7 September 2016 (၈၆၇၇)

**မပြစ်မှားမိအောင်သတိပြု**

မပြစ်မှားအပ်သော ပုဂ္ဂိုလ်တို့ကို တုတ်၊ ဓား၊ လုံ စသည် လက်နက်တို့ဖြင့် ပြစ်မှားသောသူမှာ ဆင်းရဲ၏။ ပြင်းထန်သော ဝေဒနာခံစားရ၏။ ဉစ္စာပစ္စည်းဆုံးရှုံး၏။ ကိုယ်အင်္ဂါ ပျက်စီး၏။ အနာစွဲကပ်၏။ ရူးသွပ်၏။ စိတ်ပျံ့လွင့်၏။ အစွပ်စွဲခံရ၏။ ဆွေမျိုးတို့ ပျက်စီး၏။ ပကတိမီး၊ လောင်မီးတို့ လောင်ခြင်းခံရ၏။ သေသော် ငရဲသို့ ကျရောက်ရ၏။ (မပြစ်မှားအပ်သော ပုဂ္ဂိုလ်တို့ကို မပြစ် မှားမိအောင် သတိပြုဆင်ခြင်သင့်၏။)

ဒဏ္ဍဝဂ်(ဓမ္မပဒ-၁၄၀)

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၂၈)ကြိမ်မြောက် အာဆီယံခေါင်းဆောင်များ မျက်နှာစုံညီအစည်းအဝေးသို့ တက်ရောက် အာဆီယံနိုင်ငံအကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့်အတူ အာဆီယံကြေညာချက်၌ လက်မှတ်ရေးထိုး

**ဗီယင်ကျန်း စက်တင်ဘာ ၆**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့တွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ အမျိုးသားကွန်ဗင်းရှင်းဗဟိုဌာန၌ ကျင်းပသည့် (၂၈)ကြိမ်မြောက်နှင့် (၂၉)ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနား၊ (၂၈)ကြိမ်မြောက် အာဆီယံခေါင်းဆောင်များ မျက်နှာစုံညီအစည်းအဝေး၊ အာဆီယံပါလီမန်များညီလာခံ၏ ကိုယ်စားလှယ်များနှင့် တွေ့ဆုံပွဲ၊ အာဆီယံ လူငယ်ကိုယ်စားလှယ်များနှင့် တွေ့ဆုံပွဲ၊ အာဆီယံစီးပွားရေး အကြံပေးကောင်စီနှင့် တွေ့ဆုံပွဲများသို့ တက်ရောက်သည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီ မိနစ် ၄၀ တွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ရှိ အမျိုးသားကွန်ဗင်းရှင်းဗဟိုဌာန၌ ကျင်းပသည့် (၂၈)ကြိမ်မြောက်နှင့် (၂၉)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ အာဆီယံအလှည့်ကျဥက္ကဋ္ဌ လာအိုနိုင်ငံဝန်ကြီးချုပ်နှင့် ဇနီးတို့က ဖွင့်ပွဲအခမ်းအနားနှင့် ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်လာကြသည့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများအား အမျိုးသားကွန်ဗင်းရှင်းဗဟိုဌာန အဝင်မုခ်ဦး၌ ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါဖွင့်ပွဲအခမ်းအနားသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ လာအို၊ မလေးရှား၊ မြန်မာ၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ ဝန်ကြီးများ၊ အဆင့်မြင့် အရာရှိကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်၊ အာဆီယံဆိုင်ရာအမြဲတမ်း ကိုယ်စားလှယ်များ၊ အာဆီယံအစိုးရချင်းဆိုင်ရာ လူ့အခွင့်အရေးကော်မရှင်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ပြည်တွင်း ပြည်ပမှ သတင်းမီဒီယာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့☆



အာဆီယံထိပ်သီးအစည်းအဝေးဖွင့်ပွဲအခမ်းအနားသို့တက်ရောက်လာသည့်နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား အာဆီယံအလှည့်ကျဥက္ကဋ္ဌ လာအိုနိုင်ငံဝန်ကြီးချုပ် မစ္စတာ သောင်လွန်းဆီဆိုလစ်နှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်စဉ်။

(သတင်းစဉ်)

# ၂၀၁၇ ခုနှစ် အာဆီယံအလှည့်ကျဥက္ကဋ္ဌအဖြစ် ဖိလစ်ပိုင်သမ္မတနိုင်ငံ တာဝန်ထမ်းဆောင်မည်

**နေပြည်တော် စက်တင်ဘာ ၆**

လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ ကျင်းပလျက်ရှိသည့် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများမှ စက်တင်ဘာ ၇ ရက်တွင် (၂၉)ကြိမ်မြောက် အာဆီယံသီးသန့်အစည်းအဝေး၊ (၁၉)ကြိမ်မြောက် အာဆီယံ-တရုတ် ထိပ်သီးအစည်းအဝေးနှင့် (၂၅)နှစ်မြောက် အာဆီယံ-တရုတ်အထိမ်းအမှတ် ထိပ်သီးအစည်းအဝေး၊ (၁၉)ကြိမ်မြောက် အာဆီယံ-ဂျပန်ထိပ်သီးအစည်းအဝေး၊ (၁၈)ကြိမ်မြောက် အာဆီယံ-ကိုရီးယားထိပ်သီးအစည်းအဝေး၊ (၁၉)ကြိမ်မြောက် အာဆီယံ-အပေါင်းသုံး ထိပ်သီးအစည်းအဝေး၊ ဒုတိယအကြိမ်မြောက် အာဆီယံ-ဩစတြေးလျ ထိပ်သီးအစည်းအဝေး၊ (၈)ကြိမ်မြောက် အာဆီယံ-ကုလသမဂ္ဂ ထိပ်သီးအစည်းအဝေးနှင့် (၈)ကြိမ်မြောက် မဲခေါင်-ဂျပန်ထိပ်သီးအစည်းအဝေးများကို ကျင်းပမည် ဖြစ်သည်။

စက်တင်ဘာ ၈ ရက်တွင် (၁၄)ကြိမ်မြောက် အာဆီယံ-အိန္ဒိယထိပ်သီးအစည်းအဝေး၊ စတုတ္ထအကြိမ်မြောက် အာဆီယံ-အမေရိကန် ထိပ်သီးအစည်းအဝေး၊ (၁၁)ကြိမ်မြောက် အရှေ့အာရှထိပ်သီးအစည်းအဝေးများနှင့် ဒေသတွင်းဘက်စုံ စီးပွားရေးမိတ်ဖက်ပြုမှုဆိုင်ရာ နိုင်ငံခေါင်းဆောင်များ၏ ပူးတွဲကြေညာချက် ထုတ်ပြန်ခြင်းအခမ်းအနား၊ (၂၈)ကြိမ်မြောက်နှင့် (၂၉)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးများ ပိတ်ပွဲအခမ်းအနားနှင့် ၂၀၁၇ ခုနှစ် အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ထမ်းဆောင်မည့် ဖိလစ်ပိုင်သမ္မတနိုင်ငံသို့ အာဆီယံဥက္ကဋ္ဌတာဝန်လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားတို့ကို ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**



# ကြေးမုံ

## အမြော်အမြင်ကြီးကြီးဆောင်ရွက်ရမည့် ရခိုင်ပြည်နယ်အရေး

နိုင်ငံခြားသားတို့က မြန်မာနိုင်ငံကို မြန်မာနိုင်ငံသားများကဲ့သို့ ချစ်မြတ်နိုးမည်မဟုတ်ဟူသော အတွေးအခေါ်ဟု မသတ်မှတ်နိုင်သည့် အများသိပြီး အယူအဆတို့ကိုရှေ့တန်းတင်ပြောဆိုလာသည်ကို တွေ့ရပါသည်။ နိုင်ငံကိုကိုယ်စားပြုဆောင်ရွက်နေကြသော သံတမန်တို့သည်လည်းကောင်း၊ ကမ္ဘာတစ်လွှားစီးပွားရှာနေကြသော နိုင်ငံခြားကုမ္ပဏီတို့သည်လည်းကောင်း မိမိနိုင်ငံ(သို့မဟုတ်) မိမိကုမ္ပဏီအကျိုးစီးပွားကိုသာ ရှေ့တန်းတင်ဆောင်ရွက်ကြသည်မှာ ဖြစ်ရိုးဖြစ်စဉ် ကိစ္စရပ်သာဖြစ်ပါသည်။ ဖြစ်ရိုးဖြစ်စဉ်ကိစ္စရပ်တို့ကို ပုံကြီးချဲ့၍ ရှေ့တန်းတင်ပြောဆိုခြင်း နောက်ကွယ်၌ မရိုးသားသော အကြံအစည်တို့ရှိနေတတ်သည်မှာလည်း ဖြစ်ရိုးဖြစ်စဉ်ကိစ္စသာဖြစ်ပါသည်။

ဖန်တစ်ရာတေနေပြီဖြစ်သော (၁၈) ရာစုခေတ် နယ်ချဲ့ကျူးကျော်မှုဖြစ်ရပ်တို့ကို ဖုန်ခါသန့်ရှင်းပြီး အသစ်သဖွယ် တင်ပြလာခြင်းသည်လည်း မရိုးသားမှုကို ထပ်ဆင့်အတည်ပြုခြင်းသာ ဖြစ်ပါသည်။ (၁၈) ရာစု ခေတ်၏ ကြန်အင်လက္ခဏာတို့ကို (၂၁) ရာစုခေတ်၏ ကြန်အင်လက္ခဏာတို့နှင့် ထပ် တူပြု၍ မရသည်မှာလည်း ထပ်မံရှင်းလင်းရန် မလိုသောသမိုင်းပကတိအမှန်တရားဖြစ်ပါသည်။ ပို၍တိတိကျကျတင်ပြရပါက ဟောင်းနွမ်းဆွေးမြည့်နေသော အတွေးအခေါ်ဟောင်းတို့ကို ဆုပ်ကိုင်တင်ပြလာခြင်းသည် မရိုးသားခြင်းကို ဖော်ပြသကဲ့သို့ အတွေးအခေါ်မရှိခြင်းကိုလည်း လှစ်ဟဖော်ပြနေပါသည်။ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ကို မစ္စတာကိုဖီအာနန် ဦးဆောင်သည်ဆိုရုံမျှဖြင့် စိုးရိမ်ကြောက်ရွံ့သည်ဆိုသည်မှာလည်း ကျဉ်းမြောင်းသော အတွေးအခေါ်ကိုထင်ဟပ်နေခြင်းသာဖြစ်ပါသည်။

နိုင်ငံတကာမျက်နှာစာတွင် လှုပ်ရှားမှုများရှိနေခြင်းက ရခိုင်ပြည်နယ်အရေးကိုင်တွယ်ဖြေရှင်းပုံသည် နိုင်ငံတကာကို လက်ခံနားဝင်စေမည့် ကိုင်တွယ်ဖြေရှင်းပုံမျိုးဖြစ်ရန် ထောက်ပြနေပါသည်။ နိုင်ငံတကာကို လက်ခံနားဝင်စေခြင်းနှင့် နိုင်ငံတကာ၏ ဖိအားကို အလျှော့ပေးလိုက်လျောခြင်းသည် လုံးဝမတူကွဲပြားခြားနားသော ဖြစ်စဉ်ဖြစ်ရပ်များသာ ဖြစ်ပါသည်။ နိုင်ငံတကာ၏ အမြင်ရှုထောင့်တို့ကို နားလည်သော နိုင်ငံခြားသားတို့က ရခိုင်ပြည်နယ်အရေးကိစ္စကို အဆိုပါအမြင်ရှုထောင့်ဘောင်အတွင်းမှ ဖြေရှင်းတင်ပြနိုင်ရန် ကြိုးပမ်းမည်ဖြစ်ပါသည်။ နိုင်ငံတကာက ရခိုင်ပြည်နယ်အရေးကို လူ့အခွင့်အရေးနှင့် လူသားချင်းစာနာထောက်ထားသော ရှုထောင့်မှ သုံးသပ်ပြီး မြန်မာနိုင်ငံသားတို့က ရခိုင်ပြည်နယ်အရေးကို အမျိုးသားရေးရှုထောင့်မှ သုံးသပ်ပါသည်။ လူ့အခွင့်အရေးနှင့် လူသားချင်းစာနာထောက်ထားမှုရှုထောင့်မှ ရှုမြင်သုံးသပ်သူတို့ကို အမျိုးသားရေးရှုထောင့်မှ ရှုမြင်သုံးသပ်တင်ပြပါက နားထောင်သူနားလည်နိုင်စွမ်းမရှိသော ဘာသာစကားဖြင့် ရှင်းလင်းတင်ပြခြင်းမျိုးသာဖြစ်နေမည်ဖြစ်ပါသည်။ တိတိကျကျ တင်ပြရပါက မြန်မာနိုင်ငံ၏ ရခိုင်ပြည်နယ်အရေးနှင့် ပတ်သက်သော ဆုံးဖြတ်ချက်သည် လူ့အခွင့်အရေးချိုးဖောက်ခြင်း မဟုတ်သကဲ့သို့ လူသားချင်းစာနာထောက်ထားမှုတို့ထင်ဟပ်ပါဝင်နေသည်ကို ပေါ်လွင်ထင်ရှားစေရမည်ဖြစ်ပါသည်။ မစ္စတာကိုဖီအာနန်သည် ဤတာဝန်ကို ထမ်းဆောင်မည်ဟု ယုံကြည်ပါသည်။

ကမ္ဘာ့ကုလသမဂ္ဂ၏သတ္တမမြောက်အတွင်းရေးမှူးချုပ်တာဝန်ထမ်းဆောင်ခဲ့သော မစ္စတာကိုဖီအာနန်သည် မြန်မာနိုင်ငံ၏ သမိုင်းအချက်အလက်တို့ကို လက်လွတ်စပယ်အသုံးချ၍ မိမိ၏ဂုဏ်သိက္ခာကို ပွန်းပဲ့ထိခိုက်စေမည့် ပုဂ္ဂိုလ်မျိုးမဟုတ်သည်မှာ ထင်ရှားပါသည်။ ဆီးရီးယားနိုင်ငံဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂနှင့် အာရပ်အဖွဲ့ချုပ်တို့၏ ကိုယ်စားလှယ်အဖြစ် မစ္စတာကိုဖီအာနန်၏ မအောင်မြင်မှုသည် ကမ္ဘာ့အင်အားကြီးနိုင်ငံတို့ကြား မစေ့စပ်စတမ်း အားပြိုင်မှုကြောင့်သာဖြစ်ပါသည်။ ဆီးရီးယားနိုင်ငံရေး၌ မအောင်မြင်၍ ရခိုင်ပြည်နယ်အရေး၌လည်း အောင်မြင်မှုမရနိုင်ဟု တွေးခေါ်ခြင်းသည်လည်း လေ့နံ့ခေးထစ် အယူအဆသာဖြစ်ပါသည်။ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်တွင် နိုင်ငံခြားသားများပါဝင်သည်ဟူသော အချက်တစ်ခုတည်းအပေါ် အခြေခံ၍ ထင်ရာမြင်ရာ ပြောဆိုဝေဖန်မှုများသည် ပြဿနာကို ပိုမိုရှုပ်ထွေးစေသော အပြုအမူများဖြစ်ပါသည်။ ပြည်သူတို့ကို ဘူးလုံးနားမထွင်းဖြစ်စေသော အပြုအမူများသာဖြစ်ပါသည်။ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်တွင် နိုင်ငံခြားသားတို့ ပါဝင်သည်ဆိုရုံမျှဖြင့် လူ့အခွင့်အရေးနှင့် လူသားချင်းစာနာထောက်ထားမှုရှုထောင့်တို့မှ အလေးကဲ၍သာသာထိုးထိုး တင်ပြတော့မည်ဟု စိုးရိမ်ခြင်းသည် မိုးပြိုမည်ကို စိုးရိမ်ကြောက်ရွံ့နေသော ယုန်သူငယ်၏ အတွေးအခေါ်မျိုးသာ ဖြစ်ကြောင်းတင်ပြအပ်ပါသည်။ ။

## အေးချမ်းသာယာ ပြည်မြန်မာ ရောင်စုံဓာတ်ပုံပြိုင်ပွဲဖိတ်ခေါ်

**ရန်ကုန် စက်တင်ဘာ ၆**

၂၀၁၇ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲအား **"အေးချမ်းသာယာ ပြည်မြန်မာ"** ဟူသော ခေါင်းစဉ်ဖြင့် ကျင်းပသွားပါမည်။ အဆိုပါ ပြိုင်ပွဲသို့ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုများ၊ သာယာလှပမှုများ၊ အေးချမ်းတည်ငြိမ်မှုများ၊ တိုင်းရင်းသားရိုးရာ အလှအပများ စသည်တို့ကို ဖော်ညွှန်းရိုက်ကူးထားသည့် ဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်ပါသည်။

ပြိုင်ပွဲစည်းကမ်းချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ပြိုင်ပွဲဝင်ဓာတ်ပုံအရွယ်အစားမှာ ၁၀ လက်မ× ၁၄လက်မ အရွယ်အစား တစ်မျိုးတည်းသာ ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ပုံအရေအတွက် အကန့်အသတ်မရှိ ပါဝင်ယှဉ်ပြိုင်နိုင်ပါသည်။
(ခ) မည်သည့်ကင်မရာအမျိုးအစားမဆို အသုံးပြုနိုင်ပါသည်။
(ဂ) ဒစ်ဂျစ်တယ်နည်းပညာဖြင့်ပြုပြင်ဖန်တီးထားသော ဓာတ်ပုံများနှင့် ပြည်တွင်း၊ပြည်ပ ဓာတ်ပုံပြိုင်ပွဲများတွင် ဆုရရှိခဲ့ဖူးသည့် ဓာတ်ပုံများအား ယှဉ်ပြိုင်ခြင်းမပြုရပါ။
(ဃ) ပြိုင်ပွဲဝင်ဓာတ်ပုံများသည်ပုံနှိပ်ထုတ်ဝေပြီးသောဓာတ်ပုံများ၊ Website များတွင် အသုံးပြုပြီးသောဓာတ်ပုံများ မဖြစ်ရပါ။
(င) ကိုယ်တိုင်ရိုက်ကူးထားကြောင်း ဝန်ခံချက်ပါရှိရမည်။
(စ) ပြိုင်ပွဲကျင်းပသည့်ဌာနအနေဖြင့် ပြိုင်ပွဲဝင်ဓာတ်ပုံများအား အများပြည်သူအကျိုးငှာ ပြပွဲများ၊ စာအုပ်စာစောင်များ၊ Website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများနှင့် ဗီဒီယိုမှတ်တမ်းများ၌ အသုံးပြုခြင်းကို သဘောတူခွင့်ပြုရပါမည်။

ပြိုင်ပွဲတွင်ဆုရရှိသူများအား **ပထမဆု ကျပ်ငါးသိန်း၊ဒုတိယဆု သုံးသိန်းငါးသောင်းကျပ်၊တတိယဆု** နှစ်သိန်း ကျပ်နှင့် **အထူးဆု**တစ်သိန်းကျပ်စီချီးမြှင့်သွားမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို ၂၀၁၆ ခုနှစ် စက်တင်ဘာ ၃၀ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ ဦးကျော်ဇင်စိုး ညွှန်ကြားရေးမှူး(ထုတ်လုပ်) ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အမှတ်(၂၂၈)သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့သို့ ပေးပို့ရမည်ဖြစ်ကြောင်းနှင့်ယင်းနေ့ထက် ကျော်လွန်၍ ပေးပို့လာသောဓာတ်ပုံများအား ပြိုင်ပွဲဝင်ဓာတ်ပုံအဖြစ် လက်ခံမည်မဟုတ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မိခင်မှကလေးသို့ အိတ်ချ်အိုင်ဗွီပိုးကူးစက်ခြင်းဆိုင်ရာ ဆွေးနွေး

**ဝါးခယ်မ စက်တင်ဘာ ၆**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးငယ်များ၏ ကျန်းမာရေးကို ရှေးရှုပြီး မိခင်မှကလေးသို့ အိတ်ချ်အိုင်ဗွီရောဂါပိုးကူးစက်ခြင်း ကာကွယ်တားဆီးရေးသင်တန်းပို့ချမှုကို မြို့နယ်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ယနေ့ နံနက် ၁၀ နာရီက ပြုလုပ်ကြောင်း သိရသည်။


အဆိုပါ သင်တန်းတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်ခင်အေးရီနှင့် တာဝန်ရှိသူများက ဝါးခယ်မမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စုများမှ ကျန်းမာရေးဝန်ထမ်းများကို အိတ်ချ်အိုင်ဗွီရောဂါပိုးကူးစက်ပုံအဆင့်ဆင့်၊ ရောဂါပိုးမကူးစက်အောင်ကျင့်သုံးရမည့် နည်းလမ်းများ၊ ကုသခြင်းများ၊ PMCT လုပ်ငန်းစဉ်ကြီးလေးရပ်ဖြစ်သော ရောဂါပိုးမကူးစက်အောင် စောစီးစွာကာကွယ်ခြင်း၊ တားဆီးခြင်း၊ ပြုစုစောင့်ရှောက်ခြင်းနှင့် ကူညီပံ့ပိုးမှုများပေးခြင်းတို့ကို ဆွေးနွေးပို့ချပေးခဲ့ကြောင်း သိရသည်။ **လွှမ်းသီဟ(ဝါးခယ်မ)**

## ပုဂ္ဂလိကစီးပွားရေး၊ ကုန်သွယ်ရေးလုပ်ငန်းများဖွံ့ဖြိုးစေရေး ကုန်သွယ်မှုအခြေခံသင်တန်းဖွင့်

**မန္တလေး စက်တင်ဘာ ၆**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ပို့ကုန်၊သွင်းကုန်လုပ်ငန်းရှင်အသစ်များ၊ စီးပွားရေးလုပ်ငန်းရှင်များပေါ်ထွန်းရေး၊ ပုဂ္ဂလိကကဏ္ဍစီးပွားရေး၊ ကုန်သွယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကုန်သွယ်မှုအခြေခံသင်တန်းအမှတ်စဉ်(၁) ဖွင့်ပွဲကို စက်တင်ဘာ ၅ ရက် နံနက် ၁၁ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် (၃၅)လမ်းရှိ ကုန်သွယ်ရေးဦးစီးဌာန ပို့ကုန်သွင်းကုန်ရုံး(မန္တလေး)သင်တန်းခန်းမ၌ ကျင်းပရာ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်းက အမှာစကားပြောကြားသည်။

သင်တန်းတွင် ပို့ကုန်၊ သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်ခြင်း၊ အကောက်ခွန်ရှင်းလင်းဆောင်ရွက်ခြင်း၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန၏ စည်းကမ်းများ၊ ပို့ကုန်၊ သွင်းကုန်လုပ်ထုံးလုပ်နည်း၊ ကုန်သွယ်မှုဆိုင်ရာ ဖြေလျှော့မှုများ၊ ကုန်သွယ်မှုဆိုင်ရာဥပဒေများ၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အကြောင်း၊ အခွန်အခပေးဆောင်မှုနှင့်ပြည်တွင်းအခွန်ဆိုင်ရာဥပဒေများကို ပညာရှင်များက သုံးပတ်ကြာပို့ချသွားမည်ဖြစ်ပြီး မန္တလေးမြို့မှ စီးပွားရေး လုပ်ငန်းရှင် ၅၀ တက်ရောက်ကြကြောင်း သိရသည်။ **သီဟကိုကို(မန္တလေး)**




## ပုဂံညောင်ဦးရှေးဟောင်းဒေသရှိ မြေငလျင်ဒဏ်သင့်ခဲ့သော ဘုရား၊ စေတီပုထိုးများ ပြန်လည်ပြုပြင်ထိန်းသိမ်းရန်အတွက် အလှူငွေများ လှူဒါန်းနိုင်

၂၄-၈-၂၀၁၆ ရက်နေ့တွင် မကွေးတိုင်းဒေသကြီး ချောက်မြို့ အနောက်ဘက် ၁၂ မိုင်ခန့်အကွာကိုဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၆ ဒသမ ၈ အဆင့်ရှိ အင်အားပြင်းမြေငလျင် လှုပ်ခတ်မှုဒဏ်ကြောင့် ပုဂံနှင့် ညောင်ဦးရှေးဟောင်းယဉ်ကျေးမှုဒေသရှိ ဘုရား၊ စေတီပုထိုးများ ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့ရပါသည်။ အဆိုပါထိခိုက်ပျက်စီးခဲ့သော ဘုရား၊ စေတီပုထိုးများ ပြန်လည်ပြုပြင်ထိန်းသိမ်းရန်အတွက် ပြည်တွင်း/ပြည်ပမှ ရဟန်းရှင်လူပြည်သူများအနေဖြင့် အောက်ဖော်ပြပါ အလှူခံဌာနများတွင် အလှူငွေများ လှူဒါန်းနိုင်ပါသည်-

- ဦးမျိုးတင့်အောင်
  ညွှန်ကြားရေးမှူး၊ အုပ်ချုပ်ရေးနှင့် လူ့အရင်းအမြစ်စီမံခန့်ခွဲမှုဌာနခွဲဝန်ကြီးရုံး(ယဉ်ကျေးမှု)
  သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ နေပြည်တော်
  ဖုန်း ၀၆၇-၄၀၈၀၃၁၊ ၀၉-၈၆၁၇၃၄၂
- ဒေါ်ဥမ္မာအောင်
  ညွှန်ကြားရေးမှူး
  ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(ရန်ကုန်)
  ၃၂D၊ ခြောက်မိုင်ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့
  ဖုန်း ၀၁-၅၁၃၈၉၇၊ ၀၉-၇၃၀၃၀၂၃၈၊ ၀၉-၅၀၆၁၈၃၂
- ဦးညိုမြင့်ထွန်း
  ညွှန်ကြားရေးမှူး
  ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(မန္တလေး)
  ၂၈ လမ်း×၇၀ လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့
  ဖုန်း ၀၂-၆၀၀၅၉၊ ၀၉-၂၀၁၉၀၀၄
- ဦးစိုးတင့်
  ခရိုင်အုပ်ချုပ်ရေးမှူး
  ညောင်ဦးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ညောင်ဦးမြို့
  ဖုန်း ၀၆၁-၆၀၂၆၁/၆၀၂၆၂၊ ၀၉-၄၄၂၀၀၃၀၁၂

သစ်မြစ်ဆေးရွက် ဆေးဖက်ဝင်၏

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှိုင်သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror
၁၉၅၇ ခုနှစ် ဩဂုတ် ၁၆ ရက် တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၁၂၈၊ ၀၆၇-၃၆၁၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၁၃၀
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၃၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၈၆၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ရှေ့ဖုံးမှ

ရှေးဦးစွာ အခမ်းအနားကို အာဆီယံသီချင်းဖြင့် ဖွင့်လှစ်ပြီး လာအိုရိုးရာ အဆို၊ အကများဖြင့် ကပြသီဆိုဖျော်ဖြေကြသည်။

ထို့နောက် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ သောင်လွန်း ဆီဆိုလစ်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဘွန်ညံဘိုရာချစ်က အဖွင့်မိန့်ခွန်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့်အတူ Launch of the Visit ASEAN @50 Campaign Logo အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

မွန်းလွဲပိုင်းတွင် (၂၈)ကြိမ်မြောက် အာဆီယံခေါင်းဆောင်များ မျက်နှာစုံညီထိပ်သီးအစည်းအဝေးကို ကျင်းပရာ လာအိုနိုင်ငံဝန်ကြီးချုပ်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး လာအိုနိုင်ငံသမ္မတက အဖွင့်မိန့်ခွန်း ပြောကြားသည်။

အာဆီယံခေါင်းဆောင်များ မျက်နှာစုံညီအစည်းအဝေးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က မိန့်ခွန်းပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများသည် စုပေါင်း၍ မှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် အာဆီယံပေါင်းစည်းဆက်သွယ်ရေးဆိုင်ရာ မဟာစီမံကိန်း(၂၀၂၅)နှင့် အာဆီယံပေါင်းစည်းရေးဆိုင်ရာ ကနဦးလုပ်ငန်းစီမံချက် (၃) အား စတင်




နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့်အတူ စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်စဉ်။ (ဓာတ်ပုံ-ရိုက်တာ)

အကောင်အထည်ဖော်ခြင်း အခမ်းအနားနှင့် အာဆီယံဒေသတွင်းနှင့် ဒေသပြင်ပရှိ သဘာဝဘေးအန္တရာယ်များကို အာဆီယံအနေဖြင့် တုံ့ပြန်ကာကွယ်ခြင်းဆိုင်ရာ အာဆီယံကြေညာချက် လက်မှတ်ရေးထိုးခြင်း အခမ်းအနားများသို့ တက်ရောက်ပြီး ကြေညာချက်တွင် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲများ၊ အစိုးရအဖွဲ့ အကြီးအကဲများနှင့်အတူ လက်မှတ်ရေးထိုးသည်။

ထို့နောက် အာဆီယံအလှည့်ကျဥက္ကဋ္ဌ၊ လာအိုနိုင်ငံဝန်ကြီးချုပ်က အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများ လက်မှတ်ရေးထိုးထားသည့် အာဆီယံကြေညာချက်ကို အာဆီယံအတွင်းရေးမှူးချုပ်ထံ လွှဲပြောင်းပေးအပ်သည်။

ညနေပိုင်းတွင် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် အာဆီယံပါလီမန်များ ညီလာခံ၏ကိုယ်စားလှယ်များ တွေ့ဆုံပွဲ၊ အာဆီယံလူငယ်များအဖွဲ့ ကိုယ်စားလှယ်များနှင့်တွေ့ဆုံပွဲ၊ အာဆီယံစီးပွားရေး အကြံပေးကောင်စီနှင့် တွေ့ဆုံပွဲများကိုပြုလုပ်ရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်သည်။

ညပိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အစည်းအဝေးသို့ တက်ရောက်လာသည့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများအား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သောင်လွန်း ဆီဆိုလစ်နှင့် ဇနီးတို့က Don Chan Palace Hotel ၌ တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့သည်။ **(သတင်းစဉ်)**

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် လာအိုနိုင်ငံသို့ ရောက်ရှိ



**ဗီယင်ကျန်း စက်တင်ဘာ ၆**

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့၌ စက်တင်ဘာ ၆ ရက်မှ ၈ ရက်အထိကျင်းပမည့် (၂၈) ကြိမ်မြောက်နှင့် (၂၉)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးများနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ရန် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အဖွဲ့ဝင်များနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ လာအိုသံရုံး ယာယီတာဝန်ခံနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် ဒေသစံတော်ချိန် နံနက် ၁၀ နာရီ ၅၈ မိနစ်တွင် ဗီယင်ကျန်းမြို့ ဝပ်တေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိရာ လာအိုနိုင်ငံ သိပ္ပံနှင့်နည်းပညာဝန်ကြီး H.E.Mr. Borviengkham Vondara၊ လာအိုနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးကျော်စိုးဝင်း၊ သံရုံးမိသားစုများနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

**(သတင်းစဉ်)**

○ **ဆူဇူကီးမှ**

ရက်ပေါင်း ၃၀ ကျော်၊ ၄၀ နီးပါး ကြာမြင့်မည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ဥရောပခရီးစဉ်၌အနည်းဆုံးခြေစမ်းပွဲ ကိုးပွဲကစားမည်ဖြစ်ပြီး ခုနစ်ပွဲ သဘောတူညီမှုရရှိထားပြီးဖြစ်ကာ လက်ကျန်ပွဲများအတွက် ဥရောပထိပ်သီး လူငယ်လက်ရွေးစင်အသင်းများကို ကမ်းလှမ်းမှုများ ပြုလုပ်ထားသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ခြေစမ်းပွဲများအဖြစ် စက်တင်ဘာ ၁၃ ရက်တွင် နယ်သာလန် တတိယတန်းကလပ် EVV echt အသင်း၊ စက်တင်ဘာ ၂၀ ရက်တွင် ဘယ်လ်ဂျီယံ တတိယတန်းကလပ် Berchem အသင်း၊ စက်တင်ဘာ ၂၂ ရက်တွင် နယ်သာလန်ပထမတန်းကလပ် Roda JC ယူ-၂၃ အသင်း၊ စက်တင်ဘာ ၂၆ ရက်တွင် နယ်သာလန်ဒုတိယတန်းကလပ် Venlo အသင်း၊ စက်တင်ဘာ ၂၈ ရက်တွင် ဘယ်လ်ဂျီယံ ဒုတိယတန်းကလပ် Patro အသင်း၊ အောက်တိုဘာ ၅ ရက်တွင် ဆိုက်ပရပ်စ် ယူ-၂၁ လက်ရွေးစင်အသင်း၊ အောက်တိုဘာ ၈ ရက်တွင် ဆိုက်ပရပ်စ် ပထမတန်းကလပ် Enosis အသင်းတို့နှင့်ကစားမည်ဖြစ်ပြီး အောက်တိုဘာ ၁၃၊ ၁၇ ရက် ပွဲများအတွက် အသင်းများကို ကမ်းလှမ်းထားဆဲဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ဥရောပခြေစမ်းခရီးစဉ်အပြီး နိုဝင်ဘာလဆန်းပိုင်းတွင် အာရှထိပ်သီးအသင်းတစ်သင်းနှင့် ခြေစမ်းမည်ဖြစ်သည်။ လက်ရှိဖွဲ့စည်းထားသည့် မြန်မာ့လက်ရွေးစင်အသင်းတွင် အုပ်ချုပ်သူ ဦးသန်းတိုးအောင်၊ နည်းပြချုပ် ဂတ်ဖရိုင်းဒရစ်၊ လက်ထောက်နည်းပြ ဦးကြည်လွင်နှင့် ဦးဇော်ဝင်းထွန်း၊ ကြံ့ခိုင်ရေးနည်းပြ မီရိုဆလပ်၊ ဂိုးနည်းပြ ဦးအောင်ကျော်ကျော်၊ ကစားသမားများအဖြစ် ဂိုးသမား ကျော်ဇင်ဖြိုး၊ ရန်အောင်လင်း၊ ပြည့်ဖြိုးအောင်၊ နောက်တန်း အောင်ဇော်၊ ဖြိုးကိုကိုသိန်း၊ ဒေးဗစ်ဒန်း၊ ဇော်မင်းထွန်း၊ ဖြိုးပိုင်စိုး၊ ဇော်လင်း၊ ဟိန်းသီဟဇော်၊ နန္ဒကျော်၊ ကျော်ဇင်လွင်၊ အလယ်တန်း ဆက်ဖြိုးဝေ၊ သန်းဇော်ဟိန်း၊ မျိုးကိုထွန်း၊ လှိုင်းဘိုဘို၊ ရဲကိုဦး၊ ရန်အောင်ကျော်၊ ကြည်လင်း၊ ဇင်ဖြိုးအောင်၊ ရန်နိုင်ဦး၊ဆောင်လမန်၊ သီဟဇော်၊ မောင်မောင်လွင်၊ ရှေ့တန်း ကျော်ကိုကို၊ အောင်သူ၊ သန်းပိုင်နှင့်ဝင်းနိုင်စိုးတို့ ပါဝင်ကြသည်။

**(ရှိုင်းထက်ဇော်)**

**တောတောင်ခြောက်ခန်း လယ်ယာနွမ်း၏**






# ဒူတာတေးနှင့် တွေ့ဆုံဆွေးနွေးမည့်အစီအစဉ် အိုဘားမားဖျက်သိမ်း

**ဝါရှင်တန် စက်တင်ဘာ ၆**
အမေရိကန်သမ္မတ ဘာရက်အိုဘားမားသည် ဖိလစ်ပိုင်သမ္မတ ရိုဒရီဂို ဒူတာတေးနှင့် ပထမဆုံးအကြိမ် တွေ့ဆုံမည့်အစီအစဉ်ကို ဖျက်သိမ်းလိုက်သည်။

အမေရိကန် အမျိုးသားလုံခြုံရေးကောင်စီ ပြောရေးဆိုခွင့်ရှိသူ နက်ဒ်ပရိုက်စ်က အိုဘားမားသည် လာအိုနိုင်ငံတွင် ကျင်းပသည့် အာဆီယံထိပ်သီးဆွေးနွေးပွဲတွင် ဒူတာတေးနှင့် သီးသန့်တွေ့ဆုံဆွေးနွေးမည့်အစီအစဉ်အစား တောင်ကိုရီးယားသမ္မတ ပတ်ခ်ဂွန်ဟေးနှင့် တွေ့ဆုံသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဒူတာတေးသည် ဇွန်လတွင် သမ္မတတာဝန်စတင်ထမ်းဆောင်ပြီးနောက် မူးယစ်ဆေးဝါးတိုက်ဖျက်နှိမ်နင်းမှုများကို အရှိန်မြှင့်လုပ်ဆောင်လျက်ရှိသည်။ ယင်းသို့ နှိမ်နင်းမှုများကြောင့် နှစ်လကျော်ကာလအတွင်းမှာပင် မူးယစ်ဆေးဝါးရောင်းဝယ်သူ ၁၀၀၀ ကျော် သေဆုံးခဲ့ရသည်။

အိုဘားမားက ဒူတာတေးနှင့် တွေ့ဆုံသည့်အခါ လူ့အခွင့်အရေးနှင့် ပတ်သက်သည့် စိုးရိမ်မှုများကို ပြောဆိုဆွေးနွေးမည်ဟု ပြောကြားခဲ့သည်။ ယင်းကိစ္စနှင့် ပတ်သက်၍ ဒူတာတေးက သတင်းထောက်များရှေ့တွင် အိုဘားမားကို ကြမ်းတမ်းသောစကားလုံးများ အသုံးပြုပြီး ပြန်လည်တုံ့ပြန်ခဲ့သည်။

တွေ့ဆုံဆွေးနွေးမည့်အစီအစဉ် ဖျက်သိမ်းလိုက်ရသည့်အတွက် နှစ်နိုင်ငံသံတမန်ဆက်ဆံရေးထိခိုက်ခဲ့ရသည်။ ဒူတာတေးသည် ထင်ပေါ်ကျော်ကြားသည့် နိုင်ငံတကာခေါင်းဆောင်များကို ဆိုးဆိုးရွားရွားစကားလုံးများဖြင့် စော်ကားခြင်းသည် အိုဘားမားအပေါ် ပထမဆုံးမဟုတ်ပေ။ ပုပ်ရဟန်းမင်းကြီး ဖရန်စစ်ကိုလည်းကောင်း၊ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီကိုလည်းကောင်း၊ ဖိလစ်ပိုင်နိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီးကိုလည်းကောင်း ကြမ်းတမ်းသောစကားလုံးများဖြင့် ဝေဖန်ပြောဆိုခဲ့ဖူးသည်။

**အင်န်အိတ်ချ်ကေ။**

# အိန္ဒိယအတိုက်အခံပါတီ၏ ဒုတိယခေါင်းဆောင် ရာဟူးဂန္ဒီခြေကျင်ခရီးရှည်လမ်းလျှောက်ပွဲ ယနေ့စတင်မည်

**နယူးဒေလီ စက်တင်ဘာ ၆**
အိန္ဒိယနိုင်ငံမှ နေရူးနှင့်အင်ဒီရာဂန္ဒီတို့၏နိုင်ငံရေးမျိုးဆက်သစ်ဖြစ်သည့် ရာဟူးဂန္ဒီသည် စက်တင်ဘာ ၆ ရက်မှစတင်၍ အိန္ဒိယနိုင်ငံမြောက်ပိုင်း ဥတ္တရပရာဒေ့ရှ်ပြည်နယ်မှ ဒေလီမြို့တော်အထိ မရပ်မနားခရီးရှည်လမ်းလျှောက်မှုကို စတင်မည်ဖြစ်ကြောင်း၊ ယင်းမာရသွန်ခရီးရှည်သည် ဆင်းရဲသူများ၏အခွင့်အရေးများကို လှုံ့ဆော်ပေးနိုင်ရန် ရည်ရွယ်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ရာဟူးဂန္ဒီသည် အိန္ဒိယနိုင်ငံ၏အဓိက အတိုက်အခံကွန်ဂရက်ပါတီ၏ ဒုတိယခေါင်းဆောင်ဖြစ်သည်။ ဥတ္တရပရာဒေ့ရှ်ပြည်နယ် ဒီအိုဒီယာမြို့မှ မြို့တော်ဒေလီသို့ ခရီးတာကီလိုမီတာ ၂၅၀၀ မျှ ခြေကျင်လျှောက်မည်ဟု ၎င်း၏အင်တာနက်လူမှုစာမျက်နှာ တွစ်တာ၌ ကြေညာချက်ထုတ်ပြန်ခဲ့သည်။ အိန္ဒိယနိုင်ငံရှိ လယ်သမားများ၊ အစိုးရလုပ်ငန်းဌာနများရှိ အလုပ်သမားများနှင့် ဆင်းရဲသားများ၏အခွင့်အရေးများအတွက် လှုံ့ဆော်မှုအဖြစ် စက်တင်ဘာ ၆ ရက်မှ စတင်ကာ မရပ်မနား ခြေကျင်ခရီးသွားလှုံ့ဆော်မှုပြုလုပ်မည်ဖြစ်ကြောင်း အင်တာနက်တွစ်တာစာမျက်နှာ၌ ရာဟူးက စက်တင်ဘာ ၃ ရက်တွင် ရေးသားခဲ့သည်။

ခရီးရှည် ခြေကျင်လမ်းလျှောက်မှုအတွင်း ရာဟူးဂန္ဒီသည် အိန္ဒိယလယ်သမားများအား တစ်အိမ်တက်ဆင်းတွေ့ဆုံကာ မဲဆွယ်စည်းရုံးရန် စီစဉ်ထားပြီး လယ်သမားအများအပြားနှင့် တွေ့ဆုံပွဲများကိုလည်း ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ခရီးစဉ်အတွင်း မဲဆန္ဒနယ် ၂၀၀ လွှမ်းခြုံသွားနိုင်ရေးအတွက် စီစဉ်ထားကြောင်း သတင်းတွင် ဖော်ပြသည်။

ဥတ္တရပရာဒေ့ရှ်ပြည်နယ်သည် နိုင်ငံရေးအရ အရေးပါသော ပြည်နယ်ဖြစ်ပြီး လာမည့်နှစ်အစောပိုင်းတွင် ရွေးကောက်ပွဲကျင်းပရန် စီစဉ်ထားသည်။

**ဆင်ဟွာ။**



# အဏုမြူဗုံးဒဏ်ခံ နာဂါစာကီမြို့မှတ်တမ်း အင်္ဂလိပ်ဘာသာဖြင့် စာအုပ်ထုတ်ဝေပြီ

**နာဂါစာကီ စက်တင်ဘာ ၆**
၁၉၄၅ ခုနှစ်က အမေရိကန်၏အဏုမြူဗုံးကြောင့် ထိခိုက်ပျက်စီးခဲ့ရပုံများနှင့်ပတ်သက်နေသော မှတ်တမ်းမှတ်ရာများကို အခြေခံကာ ရေးသားဖော်ပြသည့် သမိုင်းမှတ်တမ်းစာအုပ်တစ်အုပ်ကို အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေလိုက်ပြီဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက စက်တင်ဘာ ၆ ရက်တွင် သတင်းထုတ်ပြန်သည်။

အမေရိကန်၏အဏုမြူဗုံးဒဏ်ခံ နာဂါစာကီမြို့၏ သမိုင်းကြောင်းကို ရေးသားဖော်ပြသော မှတ်တမ်းစာအုပ်ငါးအုပ်အနက် ပထမမြောက်မှတ်တမ်းစာအုပ်ကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုကာ ထုတ်ဝေခြင်းဖြစ်သည်။

နာဂါစာကီမြို့တွင် အဏုမြူဗုံးကျရောက်ပေါက်ကွဲခဲ့သည့် နေရာအနီးတစ်ဝိုက်၌ အဆောက်အအုံများပျက်စီးနေပုံနှင့် လူအများသေဆုံးဒဏ်ရာရနေပုံတို့ကို ဖော်ပြသောရုပ်ပုံများနှင့် ဆန်းစစ်လေ့လာချက်တို့ကို မှတ်တမ်းစာအုပ်တွင် ဖော်ပြထားပြီး စာမျက်နှာ ၇၀၀ ခန့် ပါရှိသည်။

နာဂါစာကီအဏုမြူဗုံးဒဏ်ခံပြည်သူများအား ရည်စူးသည့် ငြိမ်းချမ်းရေးအမှတ်တရ ဂူဗိမာန်ဌာနက ကမကထပြုကာ ဘာသာပြန်ဆိုသည့်လုပ်ငန်းကို ၂၀၀၆ ခုနှစ်တွင် စတင်ခဲ့သည်ဆို၏။

နာဂါစာကီမြို့၌ အဏုမြူဗုံးဒဏ်ကြောင့် ပြည်သူ ၇၄၀၀၀ ခန့် သေဆုံးခဲ့ရသည်။ ယခုထုတ်ဝေသော မှတ်တမ်းစာအုပ်ကို အမျိုးသားလွှတ်တော်စာကြည့်တိုက်နှင့် နာဂါစာကီစီရင်စုရှိ စာကြည့်တိုက်များသို့ ဖြန့်ချပေးထားသည်။ **ကျိုဒို။**



# အင်ဒိုနီးရှား၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေး စုံစမ်းစစ်ဆေးရေးမှူးများ ခြိမ်းခြောက်ခံရ

**ဂျကာတာ စက်တင်ဘာ ၆**
အင်ဒိုနီးရှားနိုင်ငံ ဆုမတြားကျွန်း၌ တောမီးလောင်ကျွမ်းမှုဖြစ်စဉ်များနှင့်ပတ်သက်၍ ကွင်းဆင်းစစ်ဆေးလျက်ရှိကြသော သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးစုံစမ်းစစ်ဆေးရေးမှူးများအား သတ်ဖြတ်ပစ်မည်ဟု ခြိမ်းခြောက်မှုများ ပေါ်ထွက်ခဲ့ကြောင်း၊ ယင်းသို့ ခြိမ်းခြောက်သူများမှာ ဆီအုန်းစိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သော ကုမ္ပဏီတစ်ခုက ငှားရမ်းထားသူများဖြစ်နိုင်သည်ဟု မသင်္ကာဖြစ်ရကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ပြောကြားချက်ကို ကိုးကားလျက် ဒေသဆိုင်ရာသတင်းဌာနများက စက်တင်ဘာ ၆ ရက်တွင် သတင်းထုတ်ပြန်သည်။

အင်ဒိုနီးရှားနိုင်ငံ၌ ဆီအုန်းစိုက်ပျိုးရေးကုမ္ပဏီများနှင့်စက္ကူနှင့်ပျော့ဖတ်ထုတ်လုပ်ရေးကုမ္ပဏီများက စိုက်ခင်းများထူထောင်နိုင်ရေးအတွက် တရားဥပဒေမဲ့ တောမီးရှို့ရာမှ နှစ်စဉ်တောမီးလောင်ကျွမ်းမှုများဖြစ်ပေါ်ရပြီး ဒေသတွင်းနိုင်ငံများ၌ မီးခိုးမြူလွှမ်းခြုံမှု ဖြစ်ပေါ်ရကာ ပြည်သူတို့၏ကျန်းမာရေးနှင့် လေကြောင်းခရီးစဉ်ပျံသန်းမှုများကို ထိခိုက်စေကြောင်း သတင်းတွင် ဖော်ပြသည်။

ပြီးခဲ့သည့် ရက်သတ္တပတ်ကုန်က လူပေါင်း ၁၀၀ ခန့်အထိ ပါဝင်သော အုပ်စုတစ်စုက စုံစမ်းစစ်ဆေးရေးမှူးခုနစ်ဦးကို ၁၂ နာရီကြာမျှ ထိန်းသိမ်းခဲ့ပြီး ၎င်းတို့ကို အရှင်လတ်လတ်မီးရှို့သတ်ဖြတ်ကာ မြစ်ထဲသို့ အလောင်းများကို ပစ်ချပစ်မည်ဟု ခြိမ်းခြောက်ခဲ့ကြောင်း၊ ယင်းဖြစ်စဉ်မှာ ရီအောပြည်နယ် ရိုကန်ဟူလူမြို့ရှိ ဆီအုန်းစိုက်ခင်းတစ်နေရာတွင် ပေါ်ပေါက်ခဲ့ကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြသည်။

ပီတီ အင်ဒီကာ ပါမာတာ ဆာပစ် လီစတာရီ ဆီအုန်းစိုက်ပျိုးရေးကုမ္ပဏီက တောမီးရှို့ခဲ့ဖွယ်ရှိသည့် နေရာများတွင် စုံစမ်းစစ်ဆေးနေသော စုံစမ်းစစ်ဆေးရေးမှူးများကို ကုမ္ပဏီကငှားရမ်းထားသူ လူတစ်စုက ခြိမ်းခြောက်ခဲ့ဖွယ်ရှိကြောင်း ကြေညာချက်တွင် ဖော်ပြသည်။

**ရိုက်တာ။**

# ပြင်သစ်နိုင်ငံမှ အဲဘတ်စ်လေယာဉ် အစင်း ၄၀ ဗီယက်နမ်လေကြောင်းလိုင်းများ ဝယ်ယူ

**ဟန္နွိုင်း စက်တင်ဘာ ၆**
ပြင်သစ်နိုင်ငံမှ အဲဘတ်စ်လေယာဉ် အစင်း ၄၀ ဝယ်ယူမည့် သဘောတူစာချုပ်များကို ဗီယက်နမ်လေကြောင်းလိုင်းသုံးခုက လက်မှတ်ရေးထိုးလိုက်ကြောင်း သိရသည်။

ဗီယက်နမ်သမ္မတ ထရန်ဒိုင်ကွမ်နှင့် ဧည့်သည် ပြင်သစ်သမ္မတ ဖရန်ဆွာဟော်လန်တို့ တက်ရောက်သော လက်မှတ်ရေးထိုးပွဲအခမ်းအနားတစ်ခု၌ အဲဘတ်စ်ဂျက်လေယာဉ် A350-900 XWB ၁၀ စင်း ဝယ်ယူရေးနားလည်မှုစာချွန်လွှာတစ်ရပ်ကို နိုင်ငံပိုင်လေကြောင်းလိုင်း ဗီယက်နမ်အဲလိုင်းကလက်မှတ်ရေးထိုးခဲ့သည်။ လက်ရှိအချိန်တွင် ဗီယက်နမ်အဲလိုင်းက ၂၀၁၉ ခုနှစ်လယ်ထိ တစ်စင်းချင်းပေးပို့မည့် မှာယူထားသော A 350 လေယာဉ် ၁၄ စင်းအနက် လေးစင်းကို အသုံးပြုလျက်ရှိသည်။

အဆိုပါလေယာဉ်များကို အပြည်ပြည်ဆိုင်ရာလေကြောင်းခရီးစဉ်များဖြစ်သော ပြင်သစ်နိုင်ငံ ပါရီမြို့တော်၊ တောင်ကိုရီးယားနိုင်ငံ အင်ချွန်းမြို့နှင့် တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့များအပြင် ဟန္နွိုင်းမြို့တော်နှင့် နိုင်ငံတောင်ပိုင်းရှိ ဟိုချီမင်းမြို့များသို့ ပြေးဆွဲသော ပြည်တွင်းလေကြောင်းခရီးစဉ်များတွင် အသုံးပြုနေကြောင်း ဗီယက်နမ်အဲလိုင်းက ပြောကြားသည်။ ယင်းအခမ်းအနား၌ ဗီယက်နမ်တန်ဖိုးနည်းလေကြောင်းလိုင်း ဂျက်စတားပစိဖိတ်နှင့် အဲဘတ်စ်ကုမ္ပဏီတို့က A320 CEO လေယာဉ် ၁၀ စင်းဝယ်ယူရေး သဘောတူစာချုပ်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့သည်။

စာချုပ်အရမှာယူထားသောလေယာဉ်များကို ၂၀၁၇ ခုနှစ်တွင် ပေးပို့ရမည်ဖြစ်သည်။ ဂျက်စတားပစိဖိတ်လေကြောင်းလိုင်းက ၂၀၂၀ ခုနှစ်မတိုင်မီ အဲဘတ်စ် A320 လေယာဉ် အစင်း ၃၀ ထိ ဝယ်ယူသွားရန် ရည်မှန်းနေသည်။ အခြားအဖိုးနည်း လေကြောင်းလိုင်းတစ်ခုဖြစ်သော ဗီယက်ဂျက်လေကြောင်းလိုင်းက အမေရိကန်ဒေါ်လာ ၂ ဒသမ ၃၉ ဘီလီယံတန်ကြေးရှိအဲဘတ်စ်လေယာဉ်အစင်း ၂၀ ဝယ်ယူမည့် သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့သည်။

**ဆင်ဟွာ**

ကြေးမုံ





# ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့တွင် ပေါက်တောမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဇံ၏ အရေးကြီးအဆိုကို လွှတ်တော်က အတည်မပြု

**နေပြည်တော် စက်တင်ဘာ ၆**

ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပရာ ပေါက်တောမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဇံ၏ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၏ ၂၀၁၆ ခုနှစ် ဩဂုတ်လ ၂၄ ရက် သတင်းထုတ်ပြန်ချက်အရ ဖွဲ့စည်းသွားမည့် ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်တွင် နိုင်ငံခြားသား(၃)ဦးပါဝင်နေခြင်းသည် မိမိနိုင်ငံ၏ ပြည်တွင်းရေးပြဿနာကို နိုင်ငံတကာပြဿနာအဖြစ် ဖန်တီးရာရောက်စေသဖြင့် အဆိုပါကော်မရှင်တွင် ပြည်တွင်းမှ တတ်သိပညာရှင်များဖြင့်သာ ပါဝင်ဖွဲ့စည်းသင့်ကြောင်း နိုင်ငံတော်အစိုးရအားတိုက်တွန်းသည့် အရေးကြီးအဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ သဘောထားခံယူရာ ထောက်ခံမဲ (၁၄၈)မဲ၊ ကန့်ကွက်မဲ (၂၅၀)၊ ကြားနေမဲ (၁)မဲဖြင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က အတည်မပြုကြောင်း ကြေညာသည်။

ပေါက်တောမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဇံ၏ အဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်(၃၄)ဦးတို့က ဆွေးနွေးခဲ့ကြပြီး နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်က ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေက နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်တစ်ရပ်ဖွဲ့စည်းမည်ဖြစ်ကြောင်းနှင့် အဆိုပါအဖွဲ့တွင် နိုင်ငံခြားသား (၃)ဦးပါဝင်ဖွဲ့စည်းမည်ကို သိရပါကြောင်း၊ သတင်းထုတ်ပြန်ချက်တွင် ရခိုင်ဒေသရှိ ပြည်သူများလုံခြုံရေးနှင့် အခြေခံအခွင့်အရေးများ အာမခံချက်ပေးနိုင်ရေး၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ၊ ရခိုင်ပြည်နယ်အတွင်း ပဋိပက္ခကြိုတင်ကာကွယ်ရေး၊ လူသားချင်းစာနာထောက်ထားမှုအကူအညီများပံ့ပိုးရေး၊ အခွင့်အရေးနှင့် ပြန်လည်ရင်ကြားစေ့သင့်မြတ်ရေး၊ အခြေခံအဆောက်အအုံများ တည်ထောင်ပေးရေး၊ ဖွံ့ဖြိုးတိုးတက်မှုမြှင့်တင်ရေး စသည့်ကဏ္ဍများအတွက် လေ့လာအကြံပြုတင်ပြရမည်ဟူသည့် ကောင်းမွန်သည့်ရည်ရွယ်ချက်များဖြင့် ဖော်ပြထားသည်ကို တွေ့ရပါကြောင်း၊ သို့သော် အဆိုပါကောင်းမွန်သည့် ရည်ရွယ်ချက်များသည် တရားဥပဒေစိုးမိုးမှုမရှိလျှင် မဖြစ်နိုင်ပါကြောင်း၊ တရားဥပဒေစိုးမိုးရန် ဆောင်ရွက်ရေးသည် အစိုးရ၏ တာဝန်ဖြစ်ကြောင်း။

ဖွဲ့စည်းမည့် ကော်မရှင်၏လုပ်ငန်းစဉ်များကို ကြည့်လျှင် နိုင်ငံနှင့် တိုင်းရင်းသားတို့၏ အကျိုးစီးပွားထက် နိုင်ငံတကာလူ့အခွင့်အရေးရှုထောင့်က အလေးထား ဆောင်ရွက်မည်ကို တွေ့ရပါကြောင်း၊ တိုင်းပြည်၏ အချုပ်အခြာအာဏာကို အလေးမထားဘဲ လူ့အခွင့်အရေးကို ရှေ့တန်းတင်မည်ဆိုပါက ဒေသပြဿနာကို နိုင်ငံခြားသားများလက်အတွင်း ထိုးအပ်ရာ ရောက်သွားမည်ဖြစ်ကြောင်း၊ ရခိုင်အရေးသည် ပြည်တွင်းရေးသက်သက်ဖြစ်သည့်အတွက် တိုင်းတစ်ပါးမှ ဝင်ရောက် စွက်ဖက်ခွင့်မရှိကြောင်း၊ ရခိုင်ပြည်သူများ၏ စိုးရိမ်ပူပန် ကန့်ကွက်မှုများကို နိုင်ငံတော်အစိုးရအနေဖြင့် အထူး အလေးထားစဉ်းစားရန် လိုအပ်မည်ဖြစ်ကြောင်း ထောက်ခံဆွေးနွေးသည်။

မိုင်းပန်မဲဆန္ဒနယ်မှ ဦးစိုင်းကျော်မိုးက ရခိုင်ပြည်နယ်အတွင်းဖြစ်ပေါ်ခဲ့သည့် ပြဿနာနှင့် ပဋိပက္ခများသည် ပြည်တွင်းရေးသာဖြစ်ပြီး ခေတ်အဆက်ဆက်မြန်မာနိုင်ငံသားများက တာဝန်ယူဖြေရှင်းခဲ့ကြကြောင်း၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဥက္ကဋ္ဌအဖြစ် ပါဝင်ဆောင်ရွက်နေသည့် ရခိုင်ပြည်နယ်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီတွင် ပြည်တွင်းတတ်သိပညာရှင်များဖြင့် ဆောင်ရွက်သကဲ့သို့ ဆက်လက်ကြိုးပမ်းဆောင်ရွက်ရင်း အစဉ်အလာကောင်းကို ထိန်းသိမ်းသင့်ပါကြောင်း၊ ပြည်တွင်းရေးကိစ္စတွင် အမှန်တရားသည် မိမိတို့ဘက်တွင် ရှိပြီးဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်တွင် နိုင်ငံခြားသား ၃ ဦးပါဝင်လာခြင်းဖြင့် ပြည်တွင်းရေးကို ပြည်ပက တရားဝင်စွက်ဖက်သည့်သဘောဆောင်နေခြင်း၊ လူ့အခွင့်အရေးရှုထောင့်တစ်ခုတည်းကသာ ဆုံးဖြတ်ခြင်းတို့ကြောင့် နိုင်ငံတော်တည်ငြိမ်ရေးနှင့် အမျိုးသားအကျိုးစီးပွားထိပါးမည်ကို ပြည်သူများက စိုးရိမ်နေကြကြောင်း၊ ပြည်သူက ယုံကြည်စွာအပ်နှင်းထားသည့် အစိုးရတစ်ရပ်အနေဖြင့် ပြည်သူများ၏ စိုးရိမ်သောကများကို အလေးထားဖြေဖျောက်ပေးရန်နှင့် နိုင်ငံတော်၏ ရေရှည်အကျိုးဖြစ်ထွန်းမှုအားလုံးကို ရှေးရှု၍ ဆောင်ရွက်ပေးသင့်ကြောင်း၊ နိုင်ငံခြားသား ၃ ဦး ထည့်သွင်းပါဝင်ဖွဲ့စည်းမှုကို ပယ်ဖျက်သင့်ပါကြောင်း ထောက်ခံဆွေးနွေးသည်။

ထီးချိုင့်မဲဆန္ဒနယ်မှ ဦးမောင်မောင်က ပြဿနာတစ်ရပ်ကိုဖြေရှင်းချဉ်းကပ်ပုံနည်းလမ်း လေးနက်မှန်ကန်မှုရှိရေးသည် လွန်စွာအရေးကြီးပါကြောင်း၊ လူ့အဖွဲ့အစည်းနှစ်ခုအကြား ပြေလည်ရေးနှင့် နိုင်ငံတကာ၏ အကဲဖြတ်မှုကို ကျော်လွှားနိုင်ရေးတို့ကို တစ်ပြိုင်တည်း ပြေလည်အောင်ဖြေရှင်းရေးသည် မည်မျှထိခက်ခဲမည်ကို မှန်းဆကြည့်လျှင် သိနိုင်ပါကြောင်း၊ အဆိုပါ အခက်အခဲများကို စနစ်တကျဖြေရှင်းနိုင်ရန် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏အရေးကို ရှေးရှု၍ အထောက်အပံ့အကိုးအကားအဖြစ် အကြံပေးကော်မရှင်တွင် နိုင်ငံတကာက လေးစားရသည့်၊ ဘက်လိုက်မှုကင်းသည့်၊ ပဋိပက္ခဖြေရှင်းမှုအတွေ့အကြုံရင့်ကျက်သည့် ကမ္ဘာ့ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ကိုဖီအာနန်၊ ၎င်း၏ အထူးအကြံပေးပုဂ္ဂိုလ်နှင့် ကုလသမဂ္ဂအထူးအကြံပေးပုဂ္ဂိုလ် နယ်သာလန်နိုင်ငံသံအမတ်ကြီးအပါအဝင် မြန်မာနိုင်ငံသားကျွမ်းကျင်ပညာရှင် ၆ ဦးဖြင့် ကော်မရှင်ဖွဲ့စည်းထားသည်ကို တွေ့ရပါကြောင်း။

အဆိုရှင်အနေဖြင့် ဌာနေတိုင်းရင်းသားများသည် အရာရာကို စိုးရိမ်စိတ်လွန်ကဲပြီး သံသယစိတ်ဖြင့်ကြောင့်ကြနေသည်ဟုယူဆမိပါကြောင်း၊ သံသယစိတ်ရှိလျှင် ပြဿနာဖြေရှင်းရာတွင် ခက်ခဲတတ်ပါကြောင်း၊ ကော်မရှင်အနေဖြင့် ရခိုင်ပြည်နယ်အရေးနှင့် ပတ်သက်သည့် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ကာလများ၌ ဘယ်တုန်းကဘာဖြစ်ခဲ့၍ ယခုဘယ်လိုဖြစ်နေသည်၊ လက်ရှိအခြေအနေက ဘာတွေဖြစ်သည်၊ နောင်ကာလများတွင် ယခုကဲ့သို့မဖြစ်ရန် ဘာတွေလုပ်သင့်သည်ဟူသည့် အကြံပြုချက်များကို တောင်းခံခြင်းဖြစ်ကြောင်း၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်းတစ်ဦး၏ အကြံပြုချက်များကို မှီငြမ်းသည့်အခါ နိုင်ငံတကာ၏အမြင်တွင် စောဒကမတက်နိုင်ရန် နိုင်ငံရေးဗျူဟာတစ်ရပ်ဟု မြင်စေလိုကြောင်း၊ ရခိုင်ပြည်နယ်အတွင်း ပဋိပက္ခကြိုတင်ကာကွယ်ရေး၊ ပြည်သူများ၏ လုံခြုံရေးနှင့် အခြေခံအခွင့်အရေးများကို အာမခံချက်ပေးနိုင်ရေး၊ ပြန်လည်ရင်ကြားစေ့သင့်မြတ်ရေး၊ အခြေခံအဆောက်အအုံများ တည်ဆောက်ပေးရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုမြှင့်တင်ရေးတို့အတွက် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၏ အကြံပေးကော်မရှင်အဖွဲ့ဝင် ၉ ဦးပါ အစီအစဉ်ကို ထောက်ခံကြောင်းနှင့် အဆိုကို ကန့်ကွက်ကြောင်း ဆွေးနွေးသည်။

အလားတူ မံစီမဲဆန္ဒနယ်မှ ဦးချင်းဖေလင်းက ရခိုင်ပြည်နယ်အတွင်းဖြစ်ပွားခဲ့သည့် ပဋိပက္ခဖြစ်စဉ်များသည် အမြင်အားဖြင့် ပြည်တွင်းပြဿနာတစ်ခုဟု ဆိုနိုင်ကြောင်း၊ သို့သော် နိုင်ငံတကာသတင်းစာမျက်နှာနှင့် သတင်းမီဒီယာများတွင် နိုင်ငံတကာပြဿနာအဖြစ် အကျယ်တဝင့်ရေးသားဝေဖန်နေကြသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သကဲ့သို့ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံလည်းဖြစ်ပါကြောင်း၊ ထို့ပြင် ဒီမိုကရေစီစနစ်သို့ စတင်လျှောက်လှမ်းနေသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည့်အတွက် နိုင်ငံတကာ၏ အထူးလေ့လာစောင့်ကြည့်ခြင်းကို မလွဲမသွေခံရမည်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်အရေးကို ပြည်တွင်းရေးဟု မည်မျှပင်ဆိုစေကာမူ နိုင်ငံတကာအမြင်တွင် ပြည်တွင်းရေးပြဿနာအဖြစ် မယူဆကြသည်ကို သိသာထင်ရှားနေပါကြောင်း၊ နိုင်ငံသူနိုင်ငံသားများနှင့် နိုင်ငံတကာ၏ ဝေဖန်မှုများကို အမြင်ရှင်းစေရန် ပွင့်လင်းမြင်သာစွာဖြေရှင်းချပြရန်အချိန်ရောက်ပြီဖြစ်ကြောင်း၊ ထိုသို့ပြသရေးအတွက် ကော်မရှင်တစ်ရပ်ဖွဲ့စည်းမည်ဆိုလျှင် ဘက်လိုက်မှုကင်းပြီး အကြံဉာဏ်ကောင်းများပေးနိုင်သည့် နိုင်ငံတကာက လေးစားယုံကြည်ပြီး နိုင်ငံတကာအတွေ့အကြုံရှိသည့် ပုဂ္ဂိုလ်များ မဖြစ်မနေပါဝင်ဖွဲ့စည်းသင့်ပါကြောင်း။

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်တွင် ရခိုင်ပြည်နယ် ပြည်သူများ၏ လုံခြုံရေးနှင့် အခြေခံအခွင့်အရေးများ၊ အာမခံချက်များပေးနိုင်ရေးကိစ္စ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာများနှင့် အခြေခံလူမှုဝန်ဆောင်မှုများရရှိရေးကိစ္စများကို စဉ်းစားဆောင်ရွက်သွားမည်ဟု ဖော်ပြထားပါကြောင်း၊ ရခိုင်ပြည်သူတို့၏ လုံခြုံရေးဟုဆိုရာတွင် အမျိုးသားရေးနှင့် နိုင်ငံတော်လုံခြုံရေးကို ထည့်သွင်းစဉ်းစားထားသည်ဟု ဖော်ပြထားခြင်းဖြစ်ပါကြောင်း၊ ကော်မရှင်အနေဖြင့် ပြည်ပနိုင်ငံများမှဒုက္ခသည်အဖြစ်ခံယူထားသူများ၏ ပင်ရင်းနိုင်ငံနှင့် နောက်ခံအကြောင်းအရာများပါဝင်သည့် နိုင်ငံတကာဆက်နွှယ်မှုတို့ကို သုံးသပ်သွားမည်ဟုလည်း ပါဝင်ပါကြောင်း၊ အမျိုးသားရေးနှင့် နိုင်ငံတော်လုံခြုံရေးရှုထောင့်မှ ထည့်သွင်းစဉ်းစား သုံးသပ်သွားမည်ကို ထပ်မံဖော်ပြထားခြင်းဖြစ်ပါကြောင်း၊ ကော်မရှင်အနေဖြင့်ရှာဖွေတွေ့ရှိမှုများနှင့် လေ့လာသုံးသပ်အကြံပြုချက်များပါဝင်သည့် အစီရင်ခံစာကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်မှတစ်ဆင့် နိုင်ငံတော်အစိုးရထံသို့ တင်ပြပြီး ပြည်သူလူထုသိရှိရန် ထုတ်ဝေဖြန့်ချိသွားမည်ဟုဖော်ပြထားသဖြင့် ကော်မရှင်၏ အကြံပြုချက်များကို ပြည်သူများအနေဖြင့် ပွင့်လင်းမြင်သာစွာအလွယ်တကူ သိရှိနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့်နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၏ အကြံပေးကော်မရှင် ဖွဲ့စည်းခြင်းတွင် နိုင်ငံတကာ၏ယုံကြည်လေးစားရသည့်၊ ဂုဏ်သိက္ခာရှိသည့် ပုဂ္ဂိုလ်များဖြင့်ဖွဲ့စည်းခြင်းသည် အခြေအနေနှင့်အချိန်အခါအရ များစွာသင့်မြတ်သည်ဟု ယူဆသဖြင့် အဆိုကို ကန့်ကွက်ကြောင်း ဆွေးနွေးသည်။



ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးခင်မောင်ထွန်းက နိုင်ငံတော်အချုပ်အခြာအာဏာနှင့် နိုင်ငံသားတို့၏ လုံခြုံရေးအတွက် အလွန်အရေးကြီးပြီး အမှားအယွင်းမခံသည့် အရေးကြီးကိစ္စကို အဆောတလျင် ကော်မရှင်ဖွဲ့စည်းဆောင်ရွက်ခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် အကျိုးဆက်များသည် ရခိုင်ပြည်နယ်တစ်ခုတည်းသာမက အခြားဒေသများကိုပါ သက်ရောက်မှုရှိနိုင်ကြောင်း၊ နိုင်ငံခြားသားများဦးဆောင်သည့် ကော်မရှင်ဖွဲ့စည်းခြင်းကို နိုင်ငံတော်အစိုးရ၏ စီမံခန့်ခွဲမှုဖြင့်သာ ဆောင်ရွက်သင့်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်အစိုးရမှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်နှင့် ပြည်သူများကို ပွင့်လင်းမြင်သာစွာချပြ၍ သဘောထားအကြံပြုချက်များရယူသင့်ကြောင်း၊ ရခိုင်ပြည်နယ်အရေးကိစ္စသည် နည်းပညာပိုင်းဖြင့်ဖြေရှင်းရမည့် ကိစ္စမဟုတ်ဘဲ မိမိနိုင်ငံ၏ အကျိုးစီးပွားဖြစ်သည့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် စိတ်ရင်းစေတနာမှန်ဖြင့် ဆောင်ရွက်လိုသူများ၊ မြန်မာနိုင်ငံသားအသိပညာရှင်၊ အတတ်ပညာရှင်များဖြင့်သာ ဖြေရှင်းနိုင်သည့်ကိစ္စတစ်ခုဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံ၏ ပြည်တွင်းရေးပြဿနာများကို ထဲထဲဝင်ဝင်သိရှိခြင်းမရှိသည့် ပြည်ပပုဂ္ဂိုလ်များ၏ သဘောထားအမြင်နှင့် အကြံပြုချက်များကို ရယူဆောင်ရွက်ခြင်းဖြစ်၍ ကော်မရှင်၏ အကြံပြုချက်များသည် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို လွှမ်းမိုးမှုရှိ မရှိနှင့် လက်ခံနိုင်ဖွယ်ရှိ မရှိ ခန့်မှန်းရခက်သည့်အနေထားဖြစ်ကြောင်း၊ ဖြစ်ပေါ်လာမည့် ကောင်းကျိုးဆိုးကျိုးများကို ပြည်သူလူထုသာ အဓိကခံစားရမည်ဖြစ်၍ နောင်သမိုင်းတရားခံမဖြစ်စေရေးအတွက် အလေးထားဆောင်ရွက်ပေးစေလိုကြောင်း ဆွေးနွေးသည်။

တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးမြင့်ဇော်က ရခိုင်ပြည်နယ်အရေးသည် မိမိတို့ပြည်တွင်းရေးသာဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ပြည်တွင်းရေးရာကိစ္စကို နိုင်ငံသားတတ်သိပညာရှင်များနှင့် ကျယ်ပြန့်စွာအချိန်ယူ စုံစမ်းစစ်ဆေးခဲ့ပြီး ရခိုင်ပြည်နယ်ပဋိပက္ခများစုံစမ်းစစ်ဆေးရေးကော်မရှင် အစီရင်ခံစာကို တင်သွင်းခဲ့ပြီးဖြစ်ကြောင်း၊ လိုအပ်ချက်အရ ထပ်မံဖွဲ့စည်းဆောင်ရွက်မည်ဆိုပါက ကော်မရှင်ဖွဲ့စည်းမှုနှင့် ကော်မရှင်တွင်ပါဝင်မည့် ပုဂ္ဂိုလ်များအကြောင်းကို ပြည်ထောင်စုလွှတ်တော်မှတစ်ဆင့် နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံးသို့ ပွင့်လင်းမြင်သာစွာချပြပြီးမှသာ အတည်ပြုဆောင်ရွက်သင့်ကြောင်း၊ မိမိတို့နိုင်ငံ၏ တိုင်းရင်းသားအရေး၊ ပြည်တွင်းရေးကိစ္စတစ်ရပ်ကို နိုင်ငံတကာဖိအားများကြောင့်ဖြစ်စေ၊ နိုင်ငံတကာပုံရိပ်ကောင်းမွန်စေရေးအတွက်ဖြစ်စေ၊ ပြည်ပနိုင်ငံသားများပါဝင်သည့် ကော်မရှင်ဖြင့် စစ်ဆေးဆောင်ရွက်ပြီး အကြံပြုချက်များတောင်းခံ၍ မိမိတို့နိုင်ငံသားများက လိုက်နာဆောင်ရွက်စေရန် ပြုလုပ်ခြင်းသည် ဒေသခံတိုင်းရင်းသားများအတွက် နစ်နာမှုရှိစေနိုင်ပြီး မသင့်လျော်သည့်ကိစ္စဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်ဖွဲ့စည်းခြင်းကို ပြန်လည်သုံးသပ်ဆောင်ရွက်သင့်ကြောင်း ဆွေးနွေးသည်။

ထို့နောက် နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်က လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ အကြံပေးကော်မရှင်တည်ထောင်ခြင်းသည် အဆိုရှင်ဖော်ပြထားသကဲ့သို့ မိမိနိုင်ငံ၏ ပြည်တွင်းရေးပြဿနာကို နိုင်ငံတကာပြဿနာအဖြစ် ဖန်တီးရာရောက်စေသည်ဟူသည့် အယူအဆသည် မှန်ကန်ခြင်းမရှိကြောင်း၊ လွန်ခဲ့သည့် (၁၀)နှစ်ကျော်ကတည်းက နိုင်ငံတကာ ပြဿနာအဖြစ် ဖန်တီးထားသည့်ကိစ္စတစ်ရပ်ကို နိုင်ငံတကာနှင့် မြန်မာနိုင်ငံမှ ထင်ပေါ်ကျော်ကြားသည့်၊ ရိုသေလေးစားမှုခံရသည့် ပုဂ္ဂိုလ်များပါဝင်သောအကြံပေးကော်မရှင်ဖွဲ့စည်းခြင်းသည် နိုင်ငံတော်လုံခြုံရေးနှင့် အမျိုးသားအကျိုးစီးပွားကာကွယ်ရန် စီစဉ်ဆောင်ရွက်ချက်ဖြစ်သည့်အတွက် အရေးကြီးအဆိုကို အတည်မပြုသင့်ကြောင်း ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

**(သတင်းစဉ်)**

# ရှစ်လေးလုံးအရေးတော်ပုံကြီးနှင့် ဆရာတင်မိုးကဗျာများ

**မြင့်ဆွေဦး**

၁၉၈၈ ခုနှစ်တွင် တစ်ပါတီအာဏာရှင်စနစ်ကို ဆန့်ကျင်ခဲ့သည့် ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံကြီး ပေါ်ပေါက်ခဲ့လေသည်။ ထိုအရေးတော်ပုံကို ကျောင်းသားများကစတင်ခဲ့ပြီး နောက်ပိုင်းတွင် ရဟန်းရှင်လူ အားလုံးပါဝင်လာခဲ့သည်။ နိုင်ငံနှင့်အဝှမ်း တစ်ပါတီအာဏာရှင်စနစ်ကို ဆန့်ကျင်ခဲ့ကြသည်။ လူလတ်တန်းစားများမှအစ အောက်ခြေလူတန်းစားအထိ ပါဝင်ခဲ့ကြသည်။ ပညာတတ်များ၊ စာရေးဆရာ၊ ကဗျာဆရာများ၊ အသိပညာရှင် အတတ်ပညာရှင်များအားလုံး ပါဝင်ခဲ့ကြသည်။

ထိုအရေးတော်ပုံတွင် ပါဝင်ခဲ့သော ကဗျာဆရာကြီးနှင့် ထိုစဉ်ကာလက ရေးဖွဲ့ခဲ့သော ကဗျာများကို တင်ပြမည်ဖြစ်သည်။ ထိုကဗျာဆရာကြီးမှာ ဆရာတင်မိုးဖြစ်သည်။ ဆရာတင်မိုးသည် ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၂၂ ရက် ညနေ ၄ နာရီတွင် အမေရိကန်နိုင်ငံ လော့အိန်ဂျလိစ်မှာ ကွယ်လွန်သွားခဲ့သည်။

ရှစ်လေးလုံးအရေးတော်ပုံကာလအတွင်း ဆရာတင်မိုးသည် ကဗျာများရေးပြီး အရေးတော်ပုံကို မှတ်တမ်းတင်ခဲ့သည်။ ထိုစဉ်က ရေးသားခဲ့သော ကဗျာများကို ဆရာတင်မိုးသည် ၁၉၈၈ ခုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင် ကျင်းပသော စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲ၌ ရွတ်ဆိုဟောပြောခဲ့သည်။

ထိုကဗျာများကြောင့် ဆရာတင်မိုးအား သက်ဆိုင်ရာက ဖမ်းဆီးပြီး လေးလအကြာတွင် စစ်ခုံရုံးမှနေ၍ ထောင်ဒဏ်လေးနှစ်ချမှတ်ခဲ့သည်။ ဆရာတင်မိုးထောင်ကျသည့်အကြောင်းကို နေခြူးဆိုသူက အောက်ပါအတိုင်း ရေးသားမှတ်တမ်းတင်ခဲ့သည်။

အဲဒီလိုနဲ့ သူနှင့်ကျွန်တော်တို့ လေးလလောက်အတူနေရာကနေ တစ်နေ့ သူ့ကို စစ်ခုံရုံးကနေခေါ်ပြီး အမိန့်ချမှတ်လိုက်တယ်။ လေးနှစ်စစ်ခုံရုံး အမိန့်ချပြီးတာနဲ့ အကျဆောင် ၅ ကို တန်းပို့လိုက်တော့ ကျွန်တော်တို့ချင်း မတွေ့ကြရတော့ဘူး။ နောင်သူနဲ့အကျဆောင်မှာ ပြန်တွေ့တော့မှ စစ်ခုံရုံး အတွေ့အကြုံကိုဖလှယ်ရင်း သူ့ကိုဘယ်လိုစီရင်ချက် စွဲတယ်ဆိုတာ သူပြန်ပြောလို့သိရတယ်။ စစ်ခုံရုံးက သူ့ကဗျာလေးဖတ်ပြပြီး စီရင်ချက် ချလိုက်တာတဲ့။ ခုံရုံးတရားသူကြီးက သူ့ကဗျာကိုဖတ်တော့ ယူနီဖောင်းအပြည့်အစုံနဲ့တဲ့။ "လမ်းဘေး သွေးအိုင်ထဲလဲနေတဲ့ ကျောင်းသားလေး . . . သားအပြန်လာကို မျှော်နေတဲ့ အမေတစ်ယောက်အဖြစ် . . . စတဲ့ ကဗျာလေးပါ။ ဒီတစ်ခုနဲ့တင် တန်သွားပြီကွာတဲ့"။

ဆရာတင်မိုးသည် ဒီမိုကရေစီအရေးတော်ပုံကာလအတွင်းမှာ ရေးဖြစ်ခဲ့သော ကဗျာများအကြောင်းကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ကျင်းပသည့် စာဆိုတော်နေ့ဟောပြောပွဲတွင်အောက်ပါအတိုင်း ပြောပြခဲ့သည်။

"အဲဒီတော့ ဒီမိုကရေစီအရေးတော်ပုံကာလအတွင်းမှာပဲ ခုနကပြောသလိုပေ့ါ၊ ဟိုကတောင်း၊ ဒီကတောင်း၊ ကျွန်တော်တို့နယ်တွေ၊ နယ်တွေကလည်း တောင်းကြတယ်။ အဲလိုတောင်းကြတော့ ရေးခဲ့တဲ့ကဗျာလေးတစ်ပုဒ်ကို ကျွန်တော်တင်ပြပါတယ်။ အဲဒါတော့ ကောင်းတာ၊ ဆိုးတာ အသာထားလို့ပေ့ါလေ။ ကျွန်တော်လည်း တတ်နိုင်တဲ့နည်းနဲ့ ပါဝင်တာပေ့ါ။ ကိုယ်တတ်နိုင်တဲ့ ကိုယ့်ကလောင်လေးနဲ့ ကဗျာလေးနဲ့ ပါဝင်တာပေ့ါ။ ကျွန်တော်တို့က ဒီကဗျာလေးတွေပဲ ဖွဲ့တတ်တာကိုး။ ဒီသေနတ်တွေ ဘာတွေဆိုတာလည်း ကျွန်တော်တို့နဲ့ သိပ်မပတ်သက်ဘူး ဖြစ်နေတယ်။ တစ်ခါမှ မကိုင်ဖူးဘူး။ သေနတ်သံကြားတာနဲ့ လန့်ချင်ရတယ်။ အဲဒီလို ဆိုတော့ ကဗျာလက်နက်ကိုပဲ ကျွန်တော်တို့တတ်နိုင်သမျှ ကိုင်စွဲရတာပေ့ါ။ အဲဒီတော့ ကျွန်တော်ရွတ်ပြပါမယ်။ ကျွန်တော်ရွတ်ပြချင်တဲ့ ကဗျာကလေးကတော့ ကျွန်တော်ကိုယ်တိုင်ရေးတဲ့ ကဗျာလေးတွေလည်း ရွတ်ချင်ပါတယ်။ ဘာလို့လဲဆိုတော့ ဒါအခွင့်အရေးရတုန်းတင်ပြရတာပေ့ါ။

မတ်လတုန်းက နွေဦးကာလမှာ အရေးတော်ပုံဖြစ်တော့ **"နွေဦးအရေးတော်ပုံ"** ဆိုတဲ့ ကဗျာကလေးရေးထားပါတယ်။ ဘယ်ထဲမှာမှ မပါပါဘူး။

## နွေဦးအရေးတော်ပုံ

**နိုးထလာသော နွေဦး**
**ပုရစ်ဖူးသစ်များ တန်းစီလျက်**
**သရဖီဝင်းဝင်း**
**အင်ကြင်းနီနီ**
**ပန်းမျိုးစုံ စီရရီတို့**
**သိင်္ဂီအဆင်း မြအဆင်းနှင့်**
**နွေညီလာခင်းကျင်းလေပြီ။**
**ရိုးတံတွေ အပြိုင်းပြိုင်း**
**သစ်ကိုင်းတွေခြောက်သယောင်း**
**ရွက်ဟောင်းတွေ ကြွေကျ**
**ဖရိုဖရဲ မလှမပနဲ့**
**နွေအလှအထီးကျန်**
**အကျည်းတန် ရာသီပေလော။**
**နွေမှာရုန်းရင်းဆန်ခတ်**
**တရစပ်ပင် မရပ်မနား**
**အသစ်နဲ့အဟောင်း တိုက်ပွဲများ။**
**ရွက်သစ်တွေ ဖူးဝံ့လို့**
**လူးလွန့်နိုးကြားလာလေသလော။**
**အော်သံအရိုင်း**
**မုန်တိုင်းသံမစဲ**
**နွေပြတင်းမှန်ရိုက်ခွဲ၍**
**သဲသဲရုတ်ရုတ်**
**အုတ်အုတ်ကျက်ကျက်**
**ဘယ်သူ့ဘက်ကပါလိမ့်။**
**တစ်ခဲနက်အသံ**
**ဟိန်းဟိန်းညံလာပြီ။**
**နွေဦးငှက်နဲ့ အိပ်စက်ပျော်မွေ့ရသူတို့**
**ထလော့၊ တီးမှုတ်ကြလော့။**
**ရွက်ကြွေများ သန့်ရှင်းပြီ။**
**ဟင်းလင်းပြင် ကြည်လင်ပြီ။**
**နိုးထခြင်းနှင့်အတူ**
**ဇမ္ဗူကျွန်းလုံးအကုန်**
**ခရာသံစုံမှုတ်ကြကုန်လော့။ ။**

ဆရာတင်မိုးက တက္ကသိုလ်ဝင်းထဲကစခဲ့သော အရေးတော်ပုံကာလအကြောင်းကို ပြောပြခဲ့လေသည်။

အဲဒီတော့ အဲဒီတုန်းက ကျွန်တော်တက္ကသိုလ်ထဲမှာနေတုန်းကဆိုတော့ ဒီပရဝဏ်ထဲမှာ ကြားရတဲ့အသံပေ့ါလေ။ ဒီပရဝဏ်ထဲမှာ ကြားရတဲ့အသံက ဥဩသံတို့၊ ချိုးကူသံတို့ ဒါတွေပဲကြားရတယ်။ အဲနောက်တော့ ထူးခြားတဲ့ အသံတွေပါထပ်ကြားရတယ်။ ဥဩသံတွေ ထက်ပိုပြီးတော့ တန်ဖိုးရှိတဲ့အသံတွေပါ ကြားလာရတယ်။ အဲဒီမှာ ကျွန်တော်လည်း ချောင်ကုတ်ပြီးတော့ ကဗျာလေးရေးတယ်။ ဝင်ပြီးတော့ နည်းနည်းပါးပါး လက်ခုပ်တီးရတာပေ့ါ။

## ခွပ်ဒေါင်းအားမာန်

**ခွပ်ဒေါင်းအောင်လံ၊ လေမှာပျံ့**
**မြဲမြဲကိုင်ဆုပ်၊ နိုင်ငံလှုပ်**
**ညီညွတ်ဖို့က၊ တို့အလုပ်။**
**ခွပ်ဒေါင်းအောင်လံ၊ တို့နိုင်ငံ**
**မိုးယံသို့လွှင့်၊ ရဲရဲရင့်**
**စည်းကမ်းရှိဖို့၊ တို့အကျင့်။**
**ခွပ်ဒေါင်းအောင်လံ၊ လွှင့်ထူပြန်**
**တော်လှန်သတိ၊ ရှေ့နောက်ကြည့်**
**စွန့်စားဖို့က၊ တို့သတ္တိ။ ။**

ဆရာတင်မိုးသည် စက်တင်ဘာလ အာဏာသိမ်းသည့်ကာလကို အောက်ပါကဗျာဖြင့် သရုပ်ဖော်ရေးဖွဲ့ခဲ့သည်။ ထိုကဗျာမှာ **"အိမ်လည်ကြူးတဲ့သား"** ဖြစ်သည်။ ထိုကဗျာကြောင့်ပင် ဆရာတင်မိုးသည် ထောင်ဒဏ်လေးနှစ်ပဲ ပြစ်ဒဏ်ပေးခြင်းခံခဲ့ရသည်။

## အိမ်လည်ကြူးတဲ့သား

**ကာရန်ချိုမြ၊ သွေးစစွန်းနေတယ်**
**တယောကြိုးလည်း၊ တီးတိုင်းငိုကြွေးတယ်**
**ဂစ်တာတစ်လက်၊ အုတ်ခုံထက်မှာ**
**အသက်မရှိရှာတော့ဘူး။**
**အမေ့အိမ်နား၊ ဒီညများမှာ**
**စစ်သား၊ ဖိနပ်၊ တခွပ်ခွပ်နဲ့**
**ရပ်လို့စောင့်နေတယ်။**




**အိမ်လည်ကြူးတဲ့သား**
**မိုးစက်တွေကြားမှာ**
**ငှက်ဖျားမိနေရှာ့သလား။**
**အမေ့နားမှာ**
**(သား)ခေါ်သံများ၊ တိုးတိုးကြားလျှင်**
**နားကိုလှည့်စား၊ ဒီညများ**
**ဘယ်သွားနေလဲ လူလေးရယ်။**
**သားတို့ကျောင်းက**
**ခွပ်ဒေါင်းလံကလေး**
**ရေမြောင်းဘေးမှာ**
**သွေးတွေစွန်းလျက်၊ ညနေဘက်က**
**ရပ်ကွက်ထဲက လူတွေတွေ့ခဲ့သတဲ့။**
**အမေ့သား**
**စကားတိုးတိုးပြောလှည့်ပါ။ ။**

ရှစ်လေးလုံးအရေးတော်ပုံကြီးနှင့်ပတ်သက်၍ ဆရာတင်မိုးသည် သူ့အာရုံထဲမှာ၊ နားထဲမှာ အသံတွေ၊ ရုပ်ပုံတွေ တွေ့မြင်နေရသည်။ အလံတွေလွှင့်ထူပြီး ညီညီညွတ်ညွတ်ဖြင့် ကြွေးကြော်ကြသည့် အသံများကို နားထဲမှာ ကြားယောင်ရလေသည်။ထို့ကြောင့် အောက်ပါကဗျာကို ရေးဖွဲ့ခဲ့လေသည်။

**တံခါး၊ ဖွင့်ပါ၊ တောင်းဆိုလာကြ**
**ဧရာမလူထုကြီးပါတကား။**
**အလံတွေကိုင်၊ ရှေ့ကတိုင်လျက်**
**သံပြိုင်ဟစ်အော်၊ ကြွေးကြော်သံတွေနဲ့**
**စာလုံးတွေကလာ၊ ပိုစတာတွေနဲ့**
**ရင်ဘတ်မှာချိတ်၊ တက်ကြွစိတ်ကြောင့်**
**တံဆိပ်အမျိုးမျိုး၊ ရင်ထိုးတွေနဲ့**
**ခေါင်းစည်းအနီ၊ လည်စည်းနီပြင်**
**လက်မောင်းမှာချီ၊ ပဝါနီနဲ့။**
**လူ့သမိုင်းမှာ၊ တုန္နိုင်းမရ**
**တက်ကြွမျက်နှာ**
**ညီညာလက်ချိတ်**
**ရဲဘော်စိတ်တွေနဲ့။**
**ဘုရားသွားကျောင်းတက်**
**အေးချမ်းလက်ဖြင့်**
**ပြုံးမျက်နှာပေး**
**နှလုံးအေးသည့်**
**မုန်းဆေးမပါ**
**တို့မြန်မာ၏**
**မူရာပြောင်းလဲ**
**အံ့ဖွယ်သရဲပင်။**
**တစ်ခဲနက်ဟိန်း၊ မိုးသို့ခြိမ်းလျက်**
**စိမ်းလန်းတောတောင် မီးကြီးလောင်သို့**
**သန်းခေါင်ညများ၊ တုန်လှုပ်သွားပြီ**
**တံခါးဖွင့်ပါ၊ ဖွင့်ပေးပါ။ ။**

ဆရာတင်မိုး၏ ဤကဗျာမှာ ရှစ်လေးလုံးအရေးတော်ပုံကြီးကို ပီပြင်စွာ သရုပ်ဖော်လိုက်ခြင်းဖြစ်ပေသည်။ ထို့ကြောင့် အရေးတော်ပုံကြီးအတွင်းက ရေးဖွဲ့ခဲ့သော ဆရာတင်မိုး၏ကဗျာများကို စုစည်းတင်ပြပေးလိုက်ရပါသည်။ ။

# ကျေးရွာသုံးစိုက်ခင်းမှ ထင်းများအား ကြိုကုန်းကျေးရွာရှိ ဒေသခံပြည်သူများသို့ ဖြန့်ဝေ

**တောင်သာ စက်တင်ဘာ ၆**

မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ တည်ထောင်စိုက်ပျိုးခဲ့ပြီး အကျိုးပြုကျေးရွာများသို့ လွှဲပြောင်းပေးအပ်ခဲ့သော ငါးနှစ်သားနှင့်အထက် ကျေးရွာသုံးစိုက်ခင်းမှထွက်ရှိသည့် ထင်းများအား ဒေသခံပြည်သူများသို့ ဖြန့်ဝေပွဲကို ယနေ့နံနက် ၉နာရီက ကြိုကုန်းကျေးရွာ၌ ပြုလုပ်သည်။

ရှေးဦးစွာ လက်ထောက်ညွှန်ကြားရေးမှူး ဦးကံထွန်းက ကျေးရွာသုံးထင်းစိုက်ခင်းများမှ ထွက်ရှိသောထင်းများ ဖြန့်ဝေပေးရခြင်း၏ရည်ရွယ်ချက်များနှင့် စိုက်ခင်းများမှ ရေရှည်စဉ်ဆက်မပြတ် သုံးစွဲနိုင်ရေးအစီအစဉ်များကို ရှင်းလင်းပြောကြားပြီး ဒေသခံပြည်သူများသို့ ထင်း ၂၃ တန်ကို ဖြန့်ဝေပေးခဲ့သည်။ အခမ်းအနားတွင် မြင်းခြံခရိုင် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကံထွန်း၊ တောင်သာမြို့နယ် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ကျော်မျိုးနှင့် ဝန်ထမ်းများ၊ ကျေးရွာသုံးထင်းစိုက်ခင်းကြီးကြပ်မှုကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

**ကျော်မျိုးနိုင်(တောင်သာ)**

# မြန်မာနိုင်ငံစာတတ်မြောက်ရေးကြိုးပမ်းမှု

## စောအောင်(ပညာရေး)

အလိမ္မာ စာမှာရှိ
စာမတတ်လျှင် အကန်း။
ပညာရွှေအိုး၊ လူမခိုး၊
ပညာသည်သာ အခရာ။
ပညာသမာ အာဘာနတ္ထိ။
ပညာနှင့်တူသော အလင်းရောင်မရှိ။

ရှေးမြန်မာပညာရှိများက **စာနှင့်ပညာ**ကို အမျိုးမျိုး ဖွဲ့ဆိုခဲ့ကြသည်။

ပညာသည်သာ ဘဝရှေ့ဆောင် မီးရှူးရောင်ဖြစ်သည်ဟု ခံယူကျင့်သုံးခဲ့ကြသည်။ ပညာကို ရှာဖွေလေ့လာဆည်းပူးရာ၌ ပညာများထားသိုရာ ရတနာဘဏ်တိုက်ကို စာတတ်မြောက်ခြင်းတည်းဟူသော ရတနာသော့ဖြင့် ဖွင့်ယူခဲ့ကြသည်။

**မြန်မာ့ပညာရေးအစ၊ ဘုန်းတော်ကြီးကျောင်းက**

ပုဂံခေတ် အနော်ရထာမင်းလက်ထက်မှစတင်၍ ထေရဝါဒဗုဒ္ဓဘာသာထွန်းကားလာသောအခါ မြန်မာ့လူ့ဘောင်အဖွဲ့အစည်းသည် ဗုဒ္ဓဘာသာ၏ အဆုံးအမ လွှမ်းခြုံမှုဖြင့် ကြီးပြင်းလာခဲ့ကြသည်။ ပဒေသရာဇ်ခေတ်တစ်လျှောက်လုံး၏ ပညာရေးနှင့်ယဉ်ကျေးမှုကို လေ့လာဆန်းစစ်လျှင် ဘုန်းတော်ကြီးကျောင်းများကသာ အခရာဖြစ်သည်။ ပညာသင်ယူမှု၏ အချက်အချာနေရာဒေသသည် ဘုန်းတော်ကြီးကျောင်းများသာဖြစ်သည်။ ပဒေသရာဇ်ခေတ်တွင် ရဟန်းပညာရှိ၊ လူပညာရှိများကိုမွေးထုတ်ပေးရာဌာနများမှာ ဘုန်းတော်ကြီးကျောင်းများပင်ဖြစ်သည်။ ဘုန်းတော်ကြီးကျောင်းများ၏ ကျေးဇူးကြောင့် ၁၈၈၆ ခုနှစ်မတိုင်မီ ကိုယ့်မင်းကိုယ့်ချင်းဘဝတွင် မြန်မာနိုင်ငံ၏ စာတတ်မြောက်မှုနှုန်းသည် ၈၅ ရာခိုင်နှုန်းအထိ မြင့်မားခဲ့သည်။ မြန်မာနိုင်ငံ၏ စာတတ်မြောက်မှုနှုန်းသည် ၁၈၃၁ ခုနှစ်ဝန်းကျင်တွင် အင်္ဂလန်နိုင်ငံ၏ စာတတ်မြောက်မှုနှုန်းထက် မြင့်မားခဲ့ကြောင်းကို ၁၉၅၄ ခုနှစ် Octennial Report တွင် ဖော်ပြခဲ့သည်။

**ကိုလိုနီခေတ် စာတတ်မြောက်မှုအခြေအနေ**

၁၈၈၆ခုနှစ်တွင် မြန်မာနိုင်ငံကို နယ်ချဲ့ဗြိတိသျှတို့ သိမ်းပိုက်အုပ်စိုးခဲ့ချိန်မှစ၍ ကျွန်သက်ရှည်စေရေး စီမံကိန်းအဖြစ် စာမတတ်၊ ပေမတတ် ကြက်ခြေခတ်ဘဝဆီးသို့ မရောက်ရောက်အောင်တွန်းပို့ခဲ့ကြသဖြင့် ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးခါစ မြန်မာနိုင်ငံ၏ စာတတ်မြောက်မှုနှုန်းသည် ၃၅ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ရသည်။ စာမတတ်သူ ၆၅ ရာခိုင်နှုန်းမှာလည်း ကျေးလက်နေ အမျိုးသမီးအများဆုံးဖြစ်သည်။ ကိုလိုနီနယ်ချဲ့တို့၏ အမွေဆိုးကို လက်ခံခဲ့ရခြင်းဖြစ်ပေသည်။

**လွတ်လပ်ရေးရပြီးချိန်မှ ယနေ့မျက်မှောက်ကာလအထိ ကြိုးပမ်းမှု**

နိမ့်ကျသွားခဲ့ရသော နိုင်ငံစာတတ်မြောက်မှုနှုန်းကို ပြန်လည်မြှင့်တင်နိုင်ရေးအတွက် လွတ်လပ်ရေးရပြီးချိန်မှစ၍ အားသွန်ခွန်စိုက်ကြိုးပမ်းခဲ့ကြသည်။ လွတ်လပ်ရေးရပြီးချိန်မှစ၍ မြန်မာတို့၏ စာတတ်မြောက်ရေးကြိုးပမ်းအားထုတ်မှုကို ၁၉၄၈ ခုနှစ်မှ ၁၉၆၄ ခုနှစ်အထိ ပထမပိုင်းကာလ၊ ၁၉၆၄ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ဒုတိယပိုင်းကာလ၊ ၁၉၈၈ ခုနှစ်မှ ယနေ့အထိ တတိယပိုင်းကာလဟူ၍ ကာလအပိုင်းအခြား ခွဲခြား၍တင်ပြပါမည်။

**၁၉၄၈-၁၉၆၄ ကြိုးပမ်းမှု**

သက်ကြီးစာတတ်မြောက်မှုနှုန်း ပြန်လည်မြင့်မားလာရေးအတွက် ၁၉၄၈ ခုနှစ် နိုဝင်ဘာလ ၄ ရက်နေ့တွင် လူထုပညာရေးအက်ဥပဒေကို အတည်ပြုပြဋ္ဌာန်းပြီးနောက် ၁၉၄၉ ခုနှစ် မတ်လမှစ၍ လူထုပညာရေးကောင်စီက လူထုပညာရေးသင်တန်းနှင့် "အ"သုံးလုံးကျေ သင်တန်းများ ဖွင့်လှစ်ပေးခဲ့သည်။ ၁၉၅၃ ခုနှစ် ဇွန်လမှစ၍ တပ်မတော်အတွင်း မြန်မာစာမတတ်သူပပျောက်ရေးအစီအစဉ်အရ "အ"သုံးလုံးကျေ သင်တန်းများဖွင့်လှစ်ပေးခဲ့သည်။ အစိုးရမူလတန်းကျောင်းမရှိသော ဒေသများတွင် ၁၉၅၂ ခုနှစ်မှစ၍ ဘုန်းတော်ကြီးကျောင်းပညာရေးစီမံကိန်းအရ ကလေးများ စာတတ်မြောက်စေရေးအတွက် ဘုန်းတော်ကြီးကျောင်းများကို ပံ့ပိုးမှုများပြုလုပ်ပေးခဲ့သည်။ စာတတ်မြောက်ရေးကြိုးပမ်းမှု ပထမကာလ၏ ကောင်းကျိုးရလဒ်အဖြစ် ၁၉၆၄ ခုနှစ်တွင် စာတတ်မြောက်မှုနှုန်းသည် ၅၇ ရာခိုင်နှုန်းအထိ ပြန်လည်မြင့်မားတိုးတက်ခဲ့သည်။

**၁၉၆၄-၁၉၈၈ ကြိုးပမ်းမှုဒုတိယကာလ**

၁၉၆၄ ခုနှစ် နွေရာသီတွင် မိတ္ထီလာမြို့နယ် အရှေ့စုံပြကျေးရွာ၌ "အ"သုံးလုံး ဖခင်ပညာရေးဌာန အထူးအရာရှိ ဆရာကြီးဦးသံဗျင်၏ ဦးဆောင်လမ်းညွှန်မှုဖြင့် မိတ္ထီလာမြို့နယ်မှ ရန်ကုန်ကံဘဲ့ ဆရာအတတ်သင်ကျောင်းတွင် ဆရာဖြစ်သင်တန်းလာတက်ခဲ့ကြသော အလယ်တန်းဆရာဖြစ် (J.A.T) သင်တန်းသား ကိုသန်းရှိန်၊ မူလတန်းဆရာဖြစ် (P.A.T) သင်တန်းသားများဖြစ်ကြသော ကိုစန်းမောင်၊ ကိုအောင်သန်းနှင့် ကိုမောင်သိန်းတို့၏ စေတနာ့ဝန်ထမ်း "အ"သုံးလုံးကျေမျက်ပွင့်သင်တန်းကို ကျေးရွာလူထု၏ အားပေးကူညီမှုဖြင့် ဖွင့်လှစ်ခဲ့ရာ တက်ရောက်သင်ကြားသူ ၂၀၀ နီးပါးရှိပြီး လကုန်၍ စစ်ဆေးသည့်အခါ သင်တန်းသား ၁၀၀ နီးပါး စာတတ်မြောက်ခဲ့ကြသည်။ စာတတ်မြောက်ရေးကြိုးပမ်းမှု ဒုတိယပိုင်းကာလ၏ ပဏာမရှေ့ပြေးဆောင်ရွက်မှုပင်ဖြစ်သည်။

မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ် အရှေ့စုံပြကျေးရွာမှ လူထုပါဝင်လှုပ်ရှားစေမှုဖြင့် အစပြုခဲ့သော "အ"သုံးလုံးကျေလှုပ်ရှားမှုသည် နောင်တွင် "အ"သုံးလုံးကျေလုပ်ငန်းကြီးကြပ်ညှိနှိုင်းရေး ဗဟိုကော်မတီ၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် နိုင်ငံအနှံ့ဆက်လက်ဆောင်ရွက်ခဲ့သည်။ (၂၄)နှစ်တာကာလအတွင်း သက်ကြီးစာမတတ်သူ သုံးသန်းကျော်အား စေတနာရှင်လုပ်အားပေး လေးသိန်းကိုးသောင်းကျော်တို့က စာတတ်မြောက်ရေးကြိုးပမ်းမှုဖြင့် သက်ကြီးနှစ်သန်းလေးသိန်းကျော်တို့ စာတတ်မြောက်ခဲ့သည်။

၁၉၈၈ ခုနှစ်တွင် မြို့နယ်ပေါင်း ၃၁၄ မြို့နယ်ရှိသည့်အနက် ၂၉၇ မြို့နယ်ကို စာတတ်မြောက်ရေးလှုပ်ရှားမှုဆောင်ရွက်ခဲ့ရာ ၁၅၅ မြို့နယ်လုံးကျွတ် စာတတ်မြောက်မှုအောင်ပွဲခံနိုင်ခဲ့သည်။ မန္တလေးတိုင်း၊ ရန်ကုန်တိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်းနှင့် မွန်ပြည်နယ်တို့မှာ ပြည်နယ်နှင့်တိုင်းလုံးကျွတ်အောင်ပွဲခံနိုင်ခဲ့သည်။

ဒုတိယကြိုးပမ်းမှုကာလအတွင်း မြန်မာနိုင်ငံအနေဖြင့် စာတတ်မြောက်ရေးလုပ်ငန်းများကို စွမ်းစွမ်းတမံကြိုးပမ်းဆောင်ရွက်နိုင်မှုကြောင့် ယူနက်စကိုအဖွဲ့ချုပ်က ၁၉၇၁ ခုနှစ် စက်တင်ဘာလ ၈ ရက်နေ့တွင် **မိုဟာမက်ရီဇာဖာလာဗီဆု**နှင့် ၁၉၈၃ ခုနှစ် စက်တင်ဘာလ ၈ ရက်နေ့တွင် နိုမာဆုများ ချီးမြှင့်ခဲ့သည်။

**၁၉၈၈မှ ယနေ့အထိကြိုးပမ်းမှု တတိယပိုင်းကာလ**

အကြောင်းအမျိုးမျိုးကြောင့် ၁၉၈၈ ခုနှစ်နောက်ပိုင်းတွင် စာတတ်မြောက်ရေးလုပ်ငန်းကိုရပ်ဆိုင်းခဲ့ရာ ၁၉၉၆ ခုနှစ် ဇွန်လ ၁၆ ရက်နေ့တွင် မြန်မာနိုင်ငံပညာရေးကော်မတီအစည်းအဝေး(၁/၉၆) ဆုံးဖြတ်ချက်အရ **လူတိုင်းအတွက် ပညာရေးဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရေးစီမံကိန်း**တစ်ရပ်ကို အတည်ပြုခဲ့ပြီး **ကျောင်းပြင်ပပညာရေးလုပ်ငန်းကော်မတီ**ကို ဖွဲ့စည်း၍ ကျောင်းပြင်ပပညာရေးလုပ်ငန်းများအကောင်အထည်ဖော်နိုင်ရန် စုစည်းဆောင်ရွက်ရေးဌာန (Focal Institution)အဖြစ် မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့က တာဝန်ယူဆောင်ရွက်ခဲ့သည်။

ဤတတိယကာလတွင် အစပျိုးလုပ်ငန်းများအဖြစ် မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့သည် ရန်ကုန်ယူနီဆက်အဖွဲ့နှင့်ပူးပေါင်း၍ လုပ်ငန်းအကျိုးပြု ကျောင်းပြင်ပပညာရေးသုတေသနလုပ်ငန်း (Functional Literacy Programme)ကို မန္တလေးတိုင်းဒေသကြီးတွင် တောင်သာ၊ ကျောက်ပန်းတောင်းနှင့် ညောင်ဦးမြို့နယ်များတွင်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးတွင် ဒိုက်ဦး၊ ညောင်လေးပင်နှင့် ကျောက်တံခါးမြို့နယ်များတွင်လည်းကောင်း ၁၉၉၁-၁၉၉၅ ခုနှစ်တွင် စမ်းသပ်အကောင်အထည်ဖော်ခဲ့သည့်နည်းတူ **အမျိုးသမီးများနှင့် မိန်းကလေးများအတွက် ကျွမ်းကျင်မှုဆိုင်ရာအခြေခံအတတ်ပညာ တိုးချဲ့ဆောင်ရွက်ရေးအစီအစဉ်** (Expansion of Skills-based Literacy Programmes for Women and Girls RAS/88/013) ကို ပညာရေးဝန်ကြီးဌာနနှင့် အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ယူနက်စကိုအဖွဲ့တို့ပူးပေါင်း၍ ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်တွင်(၁၉၉၀ ပြည့်နှစ် မတ်လမှ ၁၉၉၃ ခုနှစ် ဒီဇင်ဘာလအထိ) စမ်းသပ်ဆောင်ရွက်ခဲ့သည်။

လုပ်ငန်းအကျိုးပြု ကျောင်းပြင်ပပညာရေးသုတေသနလုပ်ငန်းမှ ယခုတိုင် အသုံးပြုနေဆဲဖြစ်သည့် အခြေခံစာတတ်မြောက်ရေးစာစဉ် သုံးအုပ်နှင့် သင်ကြားသင်ယူမှုဆိုင်ရာစာစဉ် ၃၂ အုပ်၊ အမျိုးသမီးများနှင့် မိန်းကလေးများအတွက် ကျွမ်းကျင်မှုဆိုင်ရာ အခြေခံအတတ်ပညာတိုးချဲ့ဆောင်ရွက်ရေးအစီအစဉ်မှ သင်ကြားသင်ယူမှုဆိုင်ရာစာစဉ် ၃၂ အုပ်ကို ပညာရှင်များက စုပေါင်းရေးသားပြုစုနိုင်ခဲ့ကြသည်။

မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့သည် ၁၉၉၆ ခုနှစ်မှ ၂၀၀၀ ပြည့်နှစ်အတွင်း မြို့နယ်ပေါင်း ၁၅၅ မြို့နယ်၌ စာတတ်မြောက်ရေးလုပ်ငန်းကို ဆက်လက်ဆောင်ရွက်ခဲ့ရာ သက်ကြီးစာမတတ်သူဦးရေ ၂၂ ရာခိုင်နှုန်းမှ ၁၁ ရာခိုင်နှုန်းထက် လျော့နည်းသွားအောင်(ဆိုလိုသည်မှာ မြန်မာနိုင်ငံ၏သက်ကြီးစာတတ်နှုန်း ၉၁ ရာခိုင်နှုန်း) ဆောင်ရွက်နိုင်ခဲ့သည်။

မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့သည် ၂၀၀၁ ခုနှစ်မှ ၂၀၀၄ ခုနှစ်အထိ ပညာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချမှတ်ပေးချက်အရ လူဦးရေသိပ်သည်းထူထပ်သည့်ဒေသများမှအစပြု၍ ပြည်နယ်နှင့်တိုင်းလုံးကျွတ် စာတတ်မြောက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ဆောင်ရွက်ပြီးဖြစ်သည့်ဒေသများမှ ကျန်ရှိနေသော စာမတတ်သေးသူများအတွက် ကောက်သင်းကောက်စာတတ်မြောက်ရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ **နယ်စပ်ဒေသ"အ"သုံးလုံး**သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ခြင်းများကို ဆောင်ရွက်ခဲ့သည်။

ပညာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်အရ ၂၀၀၅ ခုနှစ်မှစ၍ နိုင်ငံအနှံ့စာတတ်မြောက်ရေးလုပ်ငန်းကို ဆက်လက်ဆောင်ရွက်ခဲ့ပြန်သည်။ အခြေခံပညာဦးစီးဌာနမှ ဆရာဆရာမများနှင့် စိတ်ပါဝင်စားသည့် ဒေသခံစေတနာရှင်များ၏လုပ်အားဖြင့် စာတတ်မြောက်ရေးလုပ်ငန်းကို ဆောင်ရွက်နေရာမှ ၂၀၁၃ ခုနှစ်မှစ၍ တက္ကသိုလ်ကျောင်းသား ကျောင်းသူလုပ်အားပေးများနှင့် ဒေသခံလုပ်အားပေးများ၏ လုပ်အားဖြင့် ဆောင်ရွက်လာခဲ့ပြန်သည်။

(က) ၂၀၁၃ ခုနှစ်တွင် ပုံမှန်လုပ်ငန်းအပြင် ပြည်နယ်နှင့် တိုင်းဒေသကြီးငါးခုမှ မြို့နယ် ကိုးမြို့နယ်၊ ဒေသခံလုပ်အားပေးများအပြင် တက္ကသိုလ် ၁၀ ခုမှ ကျောင်းသားကျောင်းသူများပါဝင်စေလျက် စာသင်ဝိုင်း ၈၅၈၉ ခု၊ သင်ပြသူ ၁၉၂၉၄ ဦး၊ တတ်မြောက်သူ ၂၁၂၂၄၃ ဦး။

(ခ) ၂၀၁၄ ခုနှစ်တွင် ပြည်နယ်/တိုင်းဒေသကြီးအားလုံးမှ မြို့နယ် ၂၉ မြို့နယ်ကိုရွေးချယ်၍ ဒေသခံလုပ်အားပေးများအပြင် တက္ကသိုလ် ၃၀ မှ ကျောင်းသားကျောင်းသူများပါဝင်စေလျက် သင်ပြသူ ၄၂၆၁ ဦး၊ တတ်မြောက်သူ ၄၁၃၁၈ ဦး။

(ဂ) ၂၀၁၅ ခုနှစ်တွင် ပြည်နယ်/တိုင်းဒေသကြီးများမှ မြို့နယ် ၃၀ ကိုရွေးချယ်၍ စာသင်ဝိုင်း ၂၇၈၅ ခု၊ လုပ်အားပေးတက္ကသိုလ်ကျောင်းသား ကျောင်းသူ ၂၇၄၅ ဦး၊ တက္ကသိုလ်ဆရာဆရာမကြီးကြပ် ၂၇၆ ဦး၊ ဒေသခံ ဆရာဆရာမ ၂၇၈၃ ဦး သင်ပြသူပေါင်း ၅၈၀၄ ဦး၊ သင်ယူသူပေါင်း ၂၆၁၄၆ ဦး။

(ဃ) ၂၀၁၆ ခုနှစ်တွင် ပြည်နယ်/တိုင်းဒေသကြီးများမှ မြို့နယ် ၃၀၊ စာသင်ဝိုင်း ၂၀၈၀၊ တက္ကသိုလ် ကျောင်းသားကျောင်းသူ ၁၈၈၁ ဦး၊ ကြီးကြပ်ဆရာ ဆရာမ ၂၀၉ ဦး၊ ဒေသခံလုပ်အားပေး ၁၉၃၁ ဦး စုစုပေါင်းသင်ပြသူ ၄၀၂၁ ဦးဖြင့် စာမတတ်သူ ၂၀၅၂၇ ဦးကို သင်ကြားပေးခဲ့ကြသည်။

**သုံးသပ်ချက်**

ကျောင်းနေရမည့်အရွယ် ခန့်မှန်းခြေ (အသက်ငါးနှစ်မှ ၁၆ နှစ်အတွင်း)ကလေးပေါင်း ၂ ဒသမ ၇ သန်းခန့် ကျောင်းမရောက်၊ ကျောင်းမနေသော (၁၅)နှစ်အထက် သက်ကြီး ၃ ဒသမ ၅ သန်းခန့် စာမတတ်သေးသော ယနေ့အချိန်အခါတွင် တိုင်းပြည်ထူထောင်ရေးအတွက် စဉ်းစားရန်မှာ ခက်ခဲစရာပင်ဖြစ်သည်။

**လမ်းပေါ်ရောက် ကလေးများအရေး၊ မိသားစုဝင်ငွေရနိုင်ရေးအတွက် လုပ်အားရောင်းစားနေရသည့် ကလေးငယ်များ၊ ပဋိပက္ခဒေသများမှ ကလေးများ၊ ဘဝပေးအခြေအနေအရ စာမတတ်ခဲ့သူများ၊ မိဘများနှင့် လိုက်ပါနေထိုင်နေရသည့် နယ်စွန်နယ်ဖျားဒေသများမှ စာသင်ကြားခွင့်မရသည့် ကလေးများ စသည်စသည်ဖြင့် အရေးပေါင်းများစွာက....**

**စာတတ်ပြီးလျှင် ဘာဆက်လုပ်မလဲ**ဟူသော မေးခွန်းနှင့် **စာတတ်မြောက်ရေးသက်သက်ဖြင့် မထိရောက်နိုင်၊ မဆွဲဆောင်နိုင်** (Literacy alone is not effective and attractive)ဟူသော ကောက်ချက်များကြောင့် ကျောင်းပြင်ပပညာရေး၏ အယူအဆနှင့် သဘောသဘာဝမှာ ပို၍ပို၍ကျယ်ပြန့်လာသည်။

ကျောင်းပညာရေး(Formal Education)ဖြင့် ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းရောက်နိုင်ရေးအတွက် အခမဲ့ပညာရေးစနစ်ကျင့်သုံးခြင်း၊ အခြေခံပညာကျောင်းများ တိုးချဲ့ဖွင့်လှစ်ခြင်း၊ ကျောင်းအဆင့်တိုးမြှင့်ဖွင့်လှစ်ပေးခြင်း၊ ကျောင်းဆောင်သစ်များဆောက်လုပ်ပေးခြင်း၊ ဥပမိရှပ်ကောင်းအောင် ကျောင်းဆောင်များပြုပြင်ခြင်း၊ စာသင်ခန်းသုံးပရိဘောဂများ၊ သင်ထောက်ကူပစ္စည်းများ၊ သိပ္ပံခန်းသုံးပစ္စည်းများကို ဖြည့်ဆည်းပေးခြင်းများကိုလည်း တစ်ဖက်မှဆောင်ရွက်ပေးလျက်ရှိသည်။

တစ်ဖက်ကလည်း ကျောင်းပြင်ပ ပညာရေးလုပ်ငန်းများကို ပညာရေးဝန်ကြီးဌာနတစ်ခုတည်းသာမက ဆက်စပ်ဝန်ကြီးဌာနများ၊ ယူနက်စကို၊ ယူနီဆက်အဖွဲ့အစည်းများအပြင် ပညာရေးဖွံ့ဖြိုးမှုမိတ်ဖက်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ယခုအခါ ပညာရေးဝန်ကြီးဌာန၏ ဦးစီးဌာနများဖွဲ့စည်းပုံအသစ်အရ ကျောင်းပြင်ပပညာရေးဦးဌာန (Department of Alternative Education) ပေါ်ထွက်လာပြီဖြစ်သည်။

လမ်းပေါ်ရောက်ကလေးများအရေး၊ မိသားစုဝင်ငွေရနိုင်ရေးအတွက် လုပ်အားရောင်းစားနေရသည့် ကလေးငယ်များ၊ ပဋိပက္ခဒေသများမှ ကလေးများ၊ ဘဝပေးအခြေအနေအရ စာမတတ်ခဲ့သူများ၊ မိဘများနှင့် လိုက်ပါနေထိုင်နေရသည့် နယ်စွန်နယ်ဖျားဒေသများမှ စာသင်ကြားခွင့်မရသည့် ကလေးများ စသည်စသည်ဖြင့် အရေးပေါင်းများစွာက ဌာနသစ်ဖြစ်သည့် ကျောင်းပြင်ပပညာရေးဦးစီးဌာနကို ကြိုဆိုလျက်ရှိနေပြီ။

စာတတ်ရုံသက်သက်ဖြင့်တော့ မလုံလောက်တော့ပါ။ ဝင်ငွေရရှိနိုင်မည့် သင်တန်း၊ အသက်မွေးဝမ်းကျောင်းသင်တန်းများ၊ လုပ်ငန်းအကျိုးပြု ကျောင်းပြင်ပပညာရေးသင်တန်းများပေးကြရန် လိုအပ်လာပြီဖြစ်သည်။

၂၀၁၆ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အတွက် ယူနက်စကိုအဖွဲ့ကြီး၏ (READING THE PAST WRITING THE FUTURE)**အတိတ်ကိုဖတ်ရှု၊ အနာဂတ်ကို ရေးသားပြုစု** ဆောင်ပုဒ်နှင့်အညီ အနာဂတ်၏ဘဝစာမျက်နှာများကို လှပစွာခြယ်မှုန်းနိုင်ရေးအတွက် လူ့အခွင့်အရေးတစ်ရပ်ဖြစ်သော လူတိုင်းအခြေခံစာတတ်မြောက်ရေးလုပ်ငန်းကို မလျှော့သောဇွဲ၊ မဆုတ်မနစ်သောလုံ့လတို့ဖြင့် လက်တွဲပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် တပ်လှန့်နှိုးဆော်တိုက်တွန်းအပ်ပါကြောင်း။ ။

# မြန်မာ- တရုတ် စီးပွားရေးနှင့် စီမံကိန်းဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်နှင့် အဖွဲ့အား ယနေ့ နံနက် ၉ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

တွေ့ဆုံစဉ် နှစ်နိုင်ငံ စီးပွားရေးနှင့် စီမံကိန်းဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ရေး၊ ကျေးလက်ဒေသများတွင် လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ တိုးမြှင့်ဆောင်ရွက်ရေးနှင့် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**



# နှစ်နိုင်ငံဆက်ဆံရေးနှင့် နိုင်ငံတကာဆက်ဆံရေးအခြေအနေများ ဆွေးနွေး



**နေပြည်တော် စက်တင်ဘာ ၆**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌ General Xu Qiliang အား ယနေ့ညနေ ၄ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ရှေ့၌ ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုသည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌသည် ဇေယျာသီရိဗိမာန်ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးပြီး နှစ်ဖက်တပ်မတော်ခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးကြသည်။**(ဝဲပုံ)**

တွေ့ဆုံစဉ် တပ်မတော်နှစ်ရပ်အကြား မဟာဗျူဟာ မိတ်ဖက်ဆက်ဆံရေးတိုးမြှင့်ရန်၊ နယ်စပ်ဒေသစီမံခန့်ခွဲမှုကိစ္စရပ်များတွင် တွေ့ဆုံဆွေးနွေးမှု၊ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်လုပ်ဆောင်မည့်အခြေအနေများ၊ မြန်မာနိုင်ငံအမျိုးသားရင်ကြားစေ့ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းစဉ်များတွင် တရုတ်နိုင်ငံအနေဖြင့် ပါဝင်ကူညီဆောင်ရွက်နေမှုအခြေအနေများ၊ နှစ်နိုင်ငံဆက်ဆံရေးနှင့် နိုင်ငံတကာဆက်ဆံရေးအခြေအနေများကို ဆွေးနွေးခဲ့ကြသည်။

ညပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌအား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။ **(သတင်းစဉ်)**

# မလေးရှားနိုင်ငံမှ ဖမ်းဆီးထိန်းသိမ်းခံရသော မြန်မာနိုင်ငံသား ၁၃၈ ဦး MAI လေယာဉ်ဖြင့် ပြန်လည်ခေါ်ယူ

**ရန်ကုန် စက်တင်ဘာ ၆**

မလေးရှားနိုင်ငံရှိ ထိန်းသိမ်းရေးစခန်း ၁၁ ခုတွင် ဖမ်းဆီးထိန်းသိမ်းခံရသော မြန်မာနိုင်ငံသားများအား အမိမြန်မာနိုင်ငံသို့ ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း (BFM)သည် သက်ဆိုင်ရာ အစိုးရအဖွဲ့များနှင့်ပူးပေါင်းကာ ပြန်လည်ခေါ်ယူလျက်ရှိရာတွင် ယနေ့ည ၆ နာရီ မိနစ် ၂၀ က မြန်မာနိုင်ငံသား ၁၃၈ ဦးသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာကြသည်။ ပြန်လည်ရောက်ရှိလာသူများကို ဖောင်ဒေးရှင်းမှ ငွေကျပ်တစ်သိန်းစီ ထောက်ပံ့လှူဒါန်းခဲ့ပြီး နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ဖောင်ဒေးရှင်းမှ တာဝန်ရှိသူများ၊ ပြန်လည်ရောက်ရှိလာသူများ၏ မိသားစုများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် နွေးထွေးစွာ ကြိုဆို နှုတ်ဆက်ကြသည်။

ပြန်လည်ရောက်ရှိလာသူ တစ်ဦးဖြစ်သော ကိုသိန်းအောင်က "ကျွန်တော်က တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ကပါ။ ကျွန်တော်နဲ့ ကျွန်တော့်ဇနီး အတူတူ သွားကြတာပါ။ ဟိုမှာ အလုပ်လုပ်ရင်း အဖမ်းခံလိုက်ရပါတယ်။ အခုဆိုရင် ကျွန်တော်တို့ သမီးလေးကိုလည်း ဟိုမှာပဲ မွေးခဲ့ပါတယ်။ အခုလို မြန်မာပြည်ကို မိသားစုအတူတူ ပြန်လာရတာ အလွန်ပျော်ပါတယ်။ ပြန်လာဖို့ ဆောင်ရွက်ပေးတဲ့ ကမ္ဘောဇဘဏ်နဲ့ တာဝန်ရှိသူများအားလုံးကို အလွန်ပဲ ကျေးဇူးတင်ပါတယ်"ဟု ပြောသည်။

ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်း၏ ဦးဆောင်မှုဖြင့် ပြည်ပနိုင်ငံများတွင် ဒုက္ခမျိုးစုံရင်ဆိုင်ကြုံတွေ့နေကြရသော မြန်မာနိုင်ငံသားများအား အမိမြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ရေးအတွက် ဖောင်ဒေးရှင်း(BFM) သည် စေတနာ သဒ္ဒါတရား ထက်သန်စွာဖြင့်လည်းကောင်း၊ လူသားချင်းစာနာထောက်ထားမှုများဖြင့်လည်းကောင်း ၂၀၁၃ ခုနှစ်မှ ယနေ့အထိ မြန်မာနိုင်ငံသား ဒုက္ခသည် ၄၂၀၀ ကျော်ကို အမိမြန်မာနိုင်ငံသို့ MAI စင်းလုံးငှားလေယာဉ်များဖြင့် စရိတ်ငြိမ်းအခမဲ့ ပြန်လည်ခေါ်ဆောင်ပေးခဲ့ပြီး ငွေကြေးများလည်း ထောက်ပံ့ခဲ့ကြောင်း သိရသည်။

**(၀၁၀)**



**❖ ရခိုင်မှ**

ထို့နောက် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ စစ်တွေမြို့ မြို့မိမြို့ဖများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် မစ္စတာကိုဖီအာနန် တို့က နှုတ်ခွန်းဆက်စကားပြောကြားကြသည်။

ယင်းနောက် အကြံပေးကော်မရှင်အဖွဲ့သည် ပြည်နယ်ဝန်ကြီးချုပ်၏ ဧည့်ခန်းမ၌ ပြည်နယ်ဝန်ကြီးချုပ် ဦးဆောင်သော ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။ မွန်းလွဲပိုင်းတွင် အကြံပေးကော်မရှင်အဖွဲ့သည် ရခိုင်ပြည်နယ် ဩဝါဒါစရိယဆရာတော်ကြီးများနှင့် တွေ့ဆုံရာ မစ္စတာကိုဖီအာနန်နှင့် အဖွဲ့က ဂါရဝပြုမိတ်ဆက်စကားပြောကြားကြပြီး ရခိုင်ပြည်နယ် ဩဝါဒါစရိယ ဆရာတော်ကြီးများက ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့်ပတ်သက်၍ သဘောထားအမြင်များကို နိုင်ငံတော်ဩဝါဒါစရိယ ပုသိမ်ကျောင်းတိုက် ဆရာတော်ကြီး ဘဒ္ဒန္တပဏ္ဍိတမှဦးဆောင်၍ မိန့်ကြားတော်မူသည်။

ထို့နောက် အကြံပေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့သည် ရခိုင်ပြည်နယ် လွှတ်တော်ရုံးသို့သွားရောက်ပြီး ရခိုင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်လွှတ်တော်ရေးရာကော်မတီအဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။

ညနေပိုင်းတွင် မစ္စတာကိုဖီအာနန် နှင့်အဖွဲ့သည် ပြည်နယ်အစိုးရ ဧည့်ဂေဟာ၌ စစ်တွေမြို့မှ မြို့မိမြို့ဖများ၊ လူမှုအဖွဲ့အစည်းများနှင့်လည်းကောင်း၊ အစ္စလာမ်ဘာသာဝင်ခေါင်းဆောင်များနှင့်လည်းကောင်း တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

**ခရိုင်(ပြန်/ဆက်)**

# ရခိုင်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးဘောလုံးအသင်းတို့ ဆီမီးဖိုင်နယ် တက်ရောက်

**နေပြည်တော် စက်တင်ဘာ ၆**

တိုင်းဒေသကြီးနှင့် ပြည်နယ် အမျိုးသမီး ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစား လေ့ကျင့်ရေးကွင်းများ၌ ကျင်းပလျက်ရှိသည်။

ယနေ့ညနေ ၃ နာရီတွင် ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၌ ကယားပြည်နယ်ဘောလုံးအသင်းနှင့် ရခိုင်ပြည်နယ်ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရခိုင်ပြည်နယ်ဘောလုံးအသင်းက လေးဂိုး-တစ်ဂိုးဖြင့် လည်းကောင်း၊ ဝဏ္ဏသိဒ္ဓိအားကစား လေ့ကျင့်ရေးကွင်း အမှတ်(၃)၌ မန္တလေးတိုင်းဒေသကြီး ဘောလုံးအသင်းနှင့် ပဲခူးတိုင်းဒေသကြီး ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မန္တလေးတိုင်းဒေသကြီး ဘောလုံးအသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိသွားသည်။

စက်တင်ဘာ ၈ ရက်တွင် ဆီမီးဖိုင်နယ်ပွဲစဉ်များအဖြစ် ညနေ ၃ နာရီတွင် ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၌ ရန်ကုန်တိုင်းဒေသကြီးဘောလုံးအသင်းနှင့် ရခိုင်ပြည်နယ်ဘောလုံးအသင်းတို့သည်လည်းကောင်း၊ ဝဏ္ဏသိဒ္ဓိအားကစား လေ့ကျင့်ရေးကွင်းအမှတ်(၃)၌ ဧရာဝတီတိုင်းဒေသကြီး ဘောလုံးအသင်းနှင့် မန္တလေးတိုင်းဒေသကြီး ဘောလုံးအသင်းတို့သည်လည်းကောင်း အသီးသီးယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်ဇော်**

■

# လေးလောင်းပြိုင်လူသတ်မှု အမှုမှန် အမြန်ပေါ်ပေါက်ရေး အပူတပြင်းဆောင်ရွက်လျက်ရှိ၊ ပြည်သူများ ပူးပေါင်းပါဝင်ပေးစေလို

## ဒုတိယတိုင်းရဲတပ်ဖွဲ့မှူး - ရဲမှူးကြီးမျိုးဆွေ

ဩဂုတ်လ ၂၀ ရက်က ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ရွှေနံ့သာကျေးရွာတွင် ဖြစ်ပွားခဲ့သော မိသားစုလေးဦး တစ်ပြိုင်တည်း အသတ်ခံရသည့်အမှုကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က အမှုမှန်ပေါ်ပေါက်ရေးအတွက် အပူတပြင်း ဆောင်ရွက်လျက်ရှိသည်။

ပြည်သူများ အထူးစိတ်ဝင်စားနေသည့် အဆိုပါ လေးလောင်းပြိုင်လူသတ်မှုအား အမှုမှန် အမြန်ပေါ်ပေါက်ရေးအတွက် ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ ဒုတိယတိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမျိုးဆွေနှင့် မှုခင်းရဲတပ်ဖွဲ့ ဒုတိယရဲမှူးကြီး သာထွန်းတို့နှင့် မြန်မာ့သတင်းစဉ်က တွေ့ဆုံမေးမြန်းထားသည်များကို တင်ပြလိုက်ရပါသည်-

**မေး။ ။ လေးလောင်းပြိုင် လူသတ်မှုနဲ့ပတ်သက်ပြီး သွားရောက်စစ်ဆေးခဲ့ရာမှာ တွေ့ရှိခဲ့တာနဲ့ ပတ်သက်ပြီး ပထမဆုံး ပြောပြပေးစေချင်ပါတယ်။**

ဖြေ။ ။ အမှုဖြစ်ပွားတယ်လို့ သတင်းရတာနဲ့ ချက်ချင်းပဲ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးနဲ့ ကျွန်တော်တို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပါတယ်။ ကျွန်တော်တို့အပြင် မှုခင်းရဲတပ်ဖွဲ့က တာဝန်ရှိသူတွေနဲ့ မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး၊ မင်္ဂလာဒုံမြို့နယ် ရဲတပ်ဖွဲ့မှူး၊ မင်္ဂလာဒုံမြို့မရဲစခန်းမှူးတို့လည်း လိုက်ပါစစ်ဆေးခဲ့ကြပါတယ်။

ကျွန်တော်တို့ စတင်ဝင်ရောက်စစ်ဆေးချိန်မှာ နေအိမ်ရှေ့ဘုရားခန်းမှာ ကိုစိုးနောင်နဲ့ သူ့ရဲ့ သားကြီးဖြစ်သူ ဟန်သူရတို့ သေဆုံးနေတာ တွေ့ရပါတယ်။ ကိုစိုးနောင်ရဲ့ဇနီး မချယ်ရီပွင့်က နေအိမ်မီးဖိုခန်းမှာ သေဆုံးနေတာ တွေ့ရပါတယ်။ သားငယ် စွမ်းထက်မြက်ကတော့ အခန်းထဲက ခုတင်ပေါ်မှာ သေဆုံးနေတာတွေ့ရပါတယ်။

ကျွန်တော်တို့ စစ်ဆေးတဲ့အခါမှာ ထမင်းစားခန်း စားပွဲအောက်နဲ့ ဗီရိုရှေ့မှာ သွေးကွက်တွေတွေ့ရပြီး အဲဒီတွေ့ရတဲ့ သွေးကွက်အချို့ကို အဝတ်နဲ့သုတ်ထားတာ တွေ့ရပါတယ်။ အဲဒီအဝတ်တွေကတော့ ကိုစိုးနောင်ရဲ့ စွပ်ကျယ်ချိုင်းပြတ်နဲ့ သားကြီး ဟန်သူရရဲ့ ဘောင်းဘီဖြစ်တာကို တွေ့ရပါတယ်။ သွေးသုတ်ထားတဲ့ ကိုစိုးနောင်ရဲ့ စွပ်ကျယ်ကို သူတို့အိပ်တဲ့ ခုတင်စောင်းမှာ တန်းလန်းတင်ထားတာတွေ့ရပြီး သွေးသုတ်ထားတဲ့ ဟန်သူရရဲ့ ဘောင်းဘီကိုတော့ ထမင်းစားစားပွဲအောက်မှာ တွေ့ရပါတယ်။

**မေး။ ။ သေဆုံးသူတွေရဲ့ ခန္ဓာကိုယ်မှာ တွေ့ရတဲ့ ဒဏ်ရာ ဒဏ်ချက်တွေကို ရှင်းပြပေးစေလိုပါတယ်။**

ဖြေ။ ။ သေဆုံးသူ ကိုစိုးနောင်က ပက်လက်အနေအထားနဲ့သေဆုံးနေပြီး ယာဘက်ရင်အုံ၊ ရင်ညွန့်၊ ဝဲဘက်ရင်အုံ၊ ဝဲရင်အုံအောက်တွေမှာ ထိုးသွင်းဒဏ်ရာ စုစုပေါင်း လေးချက် တွေ့ရှိရပါတယ်။ မောင်ဟန်သူရက ဒဏ်ရာ ငါးချက်၊ မချယ်ရီပွင့်မှာ ဒဏ်ရာ ၁၂ ချက်၊ မောင်စွမ်းထက်မြက်မှာတော့ ဒဏ်ရာ လေးချက်နဲ့ သေဆုံးနေတာ တွေ့ရပါတယ်။

**မေး။ ။ အခုလို တွေ့ရှိရတဲ့ဒဏ်ရာတွေဟာ ဘယ်လိုလက်နက်မျိုးနဲ့ ကျူးလွန်ခဲ့တယ်ဆိုတာရယ်၊ သက်သေခံပစ္စည်းတွေ့ရှိမှုအခြေအနေကိုလည်း ရှင်းပြပေးပါ။**

ဖြေ။ ။ အင်းစိန်မှုခင်းဆရာဝန်ကြီးနဲ့ တွေ့ဆုံမေးမြန်းချက်အရ ရရှိတဲ့ဒဏ်ရာတွေဟာ တစ်ဖက်တုံး၊ တစ်ဖက်သွားရှိ ထိုးသွင်းဒဏ်ရာတွေဖြစ်တယ်လို့ သိရပါတယ်။ နေအိမ်ထဲမှာ ရှာဖွေတွေ့ရှိချက်အရ အရိုး၊ အသွား ၁၁ လက်မခန့်ရှိတဲ့ ဓားမြောင် တစ်ချောင်းကို သေဆုံးသူ ကိုစိုးနောင်ရဲ့ ဝဲဘက်လက်နဲ့ ခုနစ်လက်မလောက်အကွာမှာ တွေ့ရပါတယ်။


**မေး။ ။ အဲဒီဓားဟာ ဘယ်သူ့ဓားဆိုတာ စုံစမ်းလို့ရပါပြီလား။**

ဖြေ။ ။ အဲဒီဓားက သေဆုံးသူ ကိုစိုးနောင်ရဲ့ ဓားဖြစ်ပါတယ်။ ဘာလို့ ဒီလိုပြောနိုင်သလဲဆိုတော့ ကိုစိုးနောင်ရဲ့ ဧည့်ခန်းဗီရိုပေါ်မှာ ဒီဓားရဲ့ ဓားအိမ်ကို တွေ့ရှိခဲ့လို့ရယ်၊ သေဆုံးသူ မချယ်ရီပွင့်ရဲ့ မောင်အရင်း တော်စပ်တဲ့ လှည်းကူးမြို့မရဲစခန်းက ရဲတပ်သား မင်းစည်သူရဲ့ ပြောပြချက်အရရယ်ကြောင့် ဒီဓားဟာ ကိုစိုးနောင်ကိုင်ဆောင်တဲ့ ဓားဆိုတာ သိရှိရတာဖြစ်ပါတယ်။

**မေး။ ။ စစ်ဆေးတဲ့အခါမှာ အဲဒီအိမ်အတွင်းကနေ အခြားထူးခြားတဲ့ အချက်တွေ့ရှိခဲ့ရင် သိချင်ပါတယ်။ နောက် အိမ်ရဲ့ပတ်ဝန်းကျင်အနေအထားနဲ့ပတ်သက်လို့လည်း နည်းနည်းလောက် ရှင်းပြပေးပါ။**

ဖြေ။ ။ အိမ်ထဲကနေ စာအုပ် ၅၀ တွေ့ရှိသိမ်းဆည်းရမိခဲ့ပါတယ်။ အဲ့ဒီစာအုပ်တွေကတော့ ဂမ္ဘီရဝတ္ထုစာအုပ်တွေနဲ့ ဖြစ်ရပ်မှန်မှုခင်းစာအုပ်တွေပဲဖြစ်ပါတယ်။ ဒီစာအုပ်တွေကို နေအိမ်ဧည့်ခန်းထဲက ဗီရိုထဲကနေ သိမ်းဆည်းရရှိခဲ့ပါတယ်။ အိမ်ရဲ့ ပတ်ဝန်းကျင်မှာလည်း ယတြာချေထားတဲ့ အထုပ် ရှစ်ထုပ်တွေ့ရှိခဲ့ရပါတယ်။

အရှေ့ဘက်အိမ်နဲ့ ၆၅ ပေလောက်ကွာဝေးပြီး အိမ်ရဲ့ ဝဲဘက်အိမ်က ပေ ၁၅၀ လောက်ဝေးတဲ့အတွက် တော်ရုံတန်ရုံ ရုန်းရင်းဆန်ခတ်ဖြစ်တာကို သာမန်အနေအထားအရ ကြားရဖို့ မလွယ်တာကို တွေ့ရပါတယ်။




**မေး။ ။ အမှုမှန်ပေါ်ပေါက်ရေးအတွက် စုံစမ်းဆောင်ရွက်နေမှုကို ပြောပြပေးစေလိုပါတယ်။**

ဖြေ။ ။ ကျွန်တော်တို့အနေနဲ့ တစ်မိသားစုလုံး အသတ်ခံရတာကို ဖြစ်စဉ်အမှန်ပေါ်ပေါက်ရေးအတွက် ဖြစ်ရတဲ့ အကြောင်းအရင်းကို စုံစမ်းဖော်ထုတ်နေပါတယ်။ အထူးအမှုစစ်အဖွဲ့တွေခွဲပြီး ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့နဲ့ မှုခင်းရဲတပ်ဖွဲ့တို့ ပူးပေါင်းပြီး စီးပွားရေးလုပ်ငန်းနဲ့ ပတ်သက်ဆက်စပ်သူတွေ၊ သေဆုံးသူကိုစိုးနောင် တပ်ဖွဲ့မှာ တာဝန်ထမ်းဆောင်တုန်းက ပတ်သက်ဆက်နွယ်ခဲ့သူတွေ၊ လူမှုရေးအရ ပတ်သက်ဆက်နွယ်သူ ၆၂ ဦးကို စစ်ဆေးခဲ့ပြီးဖြစ်ပါတယ်။ တစ်ဖက်မှာလည်း မှုခင်းဆရာဝန်ကြီးတွေအပိုင်းက တွေ့ရှိချက်တွေအပေါ် အသေးစိတ် ထင်မြင်ယူဆချက်တွေနဲ့အညီ ပေါင်းစပ်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**မေး။ ။ ဓာတ်ပုံထဲပါတဲ့ မသင်္ကာသူ သုံးယောက်နဲ့ပတ်သက်လို့ အခြေအနေလေး သိချင်ပါတယ်။**

ဖြေ။ ။ ဟုတ်ပါတယ်။ မသင်္ကာသူ သုံးယောက်နဲ့ပတ်သက်လို့ သေဆုံးသူ မချယ်ရီပွင့်ရဲ့ တယ်လီဖုန်းထဲက ဓာတ်ပုံ သုံးပုံကို ထုတ်ယူရရှိခဲ့ပါတယ်။ အဲဒီဓာတ်ပုံမှာပါတဲ့ မသင်္ကာသူ သုံးယောက်ကိုလည်း အပူတပြင်းရှာဖွေဆောင်ရွက်နေပါတယ်။ တိုင်းဒေသကြီး/ပြည်နယ်ရဲတပ်ဖွဲ့တွေနဲ့ တပ်ဖွဲ့အသီးသီးကို ဓာတ်ပုံပါသူတွေကို စုံစမ်းပေးနိုင်ဖို့ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။


အမှုနဲ့ပတ်သက်ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ ဆောင်ရွက်မှုအခြေအနေကို ပြည်သူတွေသိရှိနိုင်ဖို့ အခုလို ရှင်းပြရခြင်းဖြစ်ပါတယ်။ အမှုမှန်ပေါ်ပေါက်ဖို့အတွက် ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့နဲ့ မှုခင်းရဲတပ်ဖွဲ့တို့ ပူးပေါင်းပြီး အပူတပြင်း ဆောင်ရွက်နေပါတယ်။

သဲလွန်စမှတ်တမ်းတွေကိုလည်း အသေးစိတ်ရယူထားရှိပြီးဖြစ်ပါတယ်။ အခင်းဖြစ်အရပ်ကနေရရှိတဲ့ သဲလွန်စတွေအပေါ် အခြေခံပြီး ဆက်စပ်ဖော်ထုတ်မှုတွေ ဆက်လုပ်နေပါတယ်။ ပြည်သူတွေအနေနဲ့လည်း ကိုယ်သိထားတဲ့ အချက်အလက်တွေနဲ့ပတ်သက်လို့ သတင်းပေးလိုရင် ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ ဖုန်း-၀၁-၂၃၂၃၁၉၉၊ ၀၁-၂၃၀၁၆၄၆၊ ၀၁-၂၃၀၀၇၄၇ ကို ဆက်သွယ်သတင်းပေးကြပါလို့ မေတ္တာရပ်ခံအပ်ပါတယ်။

ဟုတ်ကဲ့။ အခုလို ရှင်းပြပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။

**တွေ့ဆုံမေးမြန်း-မင်းသစ်(သတင်းစဉ်)၊ ဇော်ကြီး(ပဏ္ဍိတ) ဓာတ်ပုံ-ဖေဇော်**



နေအိမ်အတွင်းမှ သိမ်းဆည်းရမိသော ဂမ္ဘီရဝတ္ထုစာအုပ်နှင့် မှုခင်းစာအုပ်များ။

# တိုင်းဒေသကြီးနှင့် ပြည်နယ် ဘတ်စကက်ဘောပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကျင်းပ

**နေပြည်တော် စက်တင်ဘာ ၆**

(၄၃)ကြိမ်မြောက် တိုင်းဒေသကြီးနှင့်ပြည်နယ် ဘတ်စကက်ဘောပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ယနေ့နံနက် ၈ နာရီတွင် ဝဏ္ဏသိဒ္ဓိအားကစားရုံ (A)၌ ကျင်းပခဲ့သည်။

ဆီမီးဖိုင်နယ် အမျိုးသမီးပွဲစဉ်များအဖြစ် စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ၁၀၄-၃၁ မှတ်ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် မွန်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်တိုင်းဒေသကြီးအသင်းက ၅၆-၅၄ မှတ်ဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်ရောက်သွားကြသည်။

ဆက်လက်၍ ဆီမီးဖိုင်နယ် အမျိုးသားပွဲစဉ်များအဖြစ် ရှမ်းပြည်နယ်အသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရှမ်းပြည်နယ်အသင်းက ၆၅-၅၆ မှတ်ဖြင့်လည်းကောင်း၊ ကရင်ပြည်နယ်အသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကချင်ပြည်နယ်အသင်းက ၉၄-၆၅ မှတ်ဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်ရောက်သွားကြသည်။

**(မောင်မောင်ဇော်)**

ပြည်သူက ရွေးချယ်တင်မြှောက်လိုက်သည့် ဒီမိုကရေစီအစိုးရအနေဖြင့် ပြည်သူလူထု၏ အကျိုးစီးပွား၊ တစ်နည်းအားဖြင့် ပြည်သူ့ဘဝ လိုအပ်ချက်များကို တစ်နေ့ထက်တစ်နေ့၊ တစ်စထက်တစ်စ တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ ကောင်းမွန်သောပြုပြင်ပြောင်းလဲမှုများ ဖော်ဆောင်နိုင်သည်နှင့်အမျှ ပြည်သူ့အကျိုးစီးပွားတိုးတက်မြင့်မားလာပြီး“ရေမြင့်ကြာတင့်” ဆိုသကဲ့သို့ နိုင်ငံ၏ဂုဏ်ဒြပ်လည်း ပိုမိုဝင့်ထည်ခိုင်မာလာမည်ဖြစ်ပါသည်။

သို့ဖြစ်ရာ ပြည်သူ့ကိုယ်စား နိုင်ငံတော်၏ အရေးအရာကိစ္စအရပ်ရပ်ကို တာဝန်ယူဆောင်ရွက်နေကြသည့် နိုင်ငံ၏ယန္တရားများဖြစ်သော ဌာနဆိုင်ရာအဖွဲ့အစည်းအသီးသီးအနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားတိုးတက်မြင့်မားရေး သက်ဆိုင်ရာကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ပြည်သူများသိရှိနိုင်ရန်အတွက် ***“တက်ကြွအားသွန်နိုင်ငံ့ဝန်၌”*** အခန်းကဏ္ဍတစ်ခုအဖြစ် စီစဉ်တင်ပြလိုက်ပါသည်။

# တံတားတည်ဆောက်ရေးတွင် လိုအပ်သည့်သံမဏိသံပေါင်များ ပြည်တွင်းအတွက် ထုတ်လုပ်နိုင်ရုံသာမက ပြည်ပသို့ပါ တင်ပို့ရောင်းချနေသည့် J & M သံမဏိစက်ရုံ

**သတင်း -ဝင်းဝင်းမော်၊ နန္ဒာဝင်း**

**ဓာတ်ပုံ - ဝင်းနန္ဒာ**

မိုးပြာရောင် ဝတ်စုံဝတ်ဆင်ထားသည့် လူငယ်များသည် ကွန်ပျူတာများဖြင့် ကြီးမားသည့် တံတားတစ်စင်းကို ပုံဖော်နေကြသည်။ ခေတ်မီဆော့ဖ်ဝဲများကြောင့်လည်း မျက်နှာပြင်လေးဖက်စလုံး မြင်တွေ့နိုင်သည့် တံတားကြီး တစ်စင်းသည် ကွန်ပျူတာမျက်နှာပြင်ထက်တွင် ရုပ်လုံးကြွလာသည်။ ထို့အတူစက်ရုံထဲမှ လုပ်သားများကလည်း ထိုရုပ်လုံးကြွလာသည့်ဒီဇိုင်း၊ အချက်အလက်များအတိုင်း ကြီးမားသော သံမဏိသံပေါင်များကို ခေတ်မီစက်ကိရိယာများဖြင့် လိုအပ်သည့်ပမာဏရရှိဖို့ ဖြတ်တောက်ပုံဖော်နေကြသည်။

ထိုစက်ရုံမှာ ရန်ကုန်မြို့ သာကေတမြို့နယ် ရှုခင်းသာမြို့ပတ်လမ်းရှိ မြေ ၁၆ ဧက ကျယ်ဝန်းသော **J & M** သံမဏိစက်ရုံပင်ဖြစ်သည်။ **J & M** သံမဏိစက်ရုံသည် ၂၀၁၂ ခုနှစ်တွင် ဂျပန်နိုင်ငံ **JFE Engineering Corp:** က ကနဦးစတင် ဆက်သွယ်လာပြီးနောက် နှစ်နိုင်ငံဆွေးနွေးပွဲများအကြိမ်ကြိမ်ပြုလုပ်ကာ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် **J & M Steel Solutions Co., Ltd.** တို့ ပူးပေါင်း၍ မြန်မာနိုင်ငံအတွင်းသံမဏိစက်ရုံ တည်ထောင်ရန် ဆုံးဖြတ်ခဲ့ရာမှ အစပြုခဲ့ခြင်းဖြစ်သည်။

**အမေရိကန်ဒေါ်လာ ၁၂ သန်း**

ထို့နောက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏၂၀၁၃ ခုနှစ် နိုဝင်ဘာ ၁၁ ရက် ခွင့်ပြုချက်ဖြင့် မြန်မာနိုင်ငံက ၄၀ ရာခိုင်နှုန်း၊ ဂျပန်နိုင်ငံက ၆၀ ရာခိုင်နှုန်း ထည့်ဝင် ရင်းနှီးမြှုပ်နှံခဲ့ကြသည်။ စက်ရုံအပိုင်း (က) ကို ၂၀၁၄ ခုနှစ် ဇူလိုင်လတွင် စတင်ခဲ့ပြီး ၂၀၁၆ ခုနှစ် မေလတွင် ဖွင့်လှစ်ခဲ့သည်။ ယနေ့အချိန်ကာလအထိ ရင်းနှီးမြှုပ်နှံမှုမှာ အမေရိကန်ဒေါ်လာ ၁၂ သန်းခန့်ရှိကြောင်း သိရသည်။

“မြန်မာနိုင်ငံဘက်က ဆောက်လုပ်ရေးဝန်ကြီးဌာန ပိုင်တဲ့ လက်ရှိမြေနေရာကို အငှားစနစ်နဲ့ တန်ဖိုးသတ်မှတ်ပြီး ရရှိတဲ့ နိုင်ငံခြားငွေကိုရင်းနှီးမြှုပ်နှံမှု ထည့်ဝင်တာဖြစ်ပါတယ်။ ဂျပန်နိုင်ငံကတော့ ကျွမ်းကျင်ပညာရှင်တွေ၊ နည်းပညာ၊ စက်ပစ္စည်းကိရိယာတွေနဲ့ အဓိက ထည့်ဝင် ရင်းနှီးမြှုပ်နှံတာဖြစ်ပါတယ်”ဟု ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရွှေလေးက ပြောသည်။

ဂျပန်နိုင်ငံမှ **J & M Steel Solutions** ကုမ္ပဏီသည် ၎င်း၏စက်ရုံကို လက်ရှိအချိန်တွင် မြန်မာတစ်နိုင်ငံတည်း၌သာ ရင်းနှီးမြှုပ်နှံထားပြီး စက်ရုံဖွင့်ဖြစ်ပုံကို **J & M** သံမဏိစက်ရုံမှ မန်နေဂျင်းဒါရိုက်တာ **Mr. Yasuo SHOJI** က “မြန်မာနိုင်ငံမှာ အခြေခံအဆောက်အအုံတွေ တိုးတက်ဖို့အတွက် နိုင်ငံတကာအဆင့်မီ ဂျပန်နည်းပညာတွေကို ဖြန့်ဝေပေးလိုတာလည်းပါတယ်။ ထုတ်ကုန်တွေကို အရှေ့တောင်အာရှစတဲ့ ပြည်ပဈေးကွက်တွေအထိ တင်ပို့ရောင်းချနိုင်ဖို့ ရည်ရွယ်တာဖြစ်ပါတယ် ”ဟု ပြောသည်။



**တံတားမျိုးစုံထုတ်လုပ်**

ထိုစက်ရုံတွင် ပေ ၉၀၊ ၁၀၀၊၁၁၀၊ ၁၂၀ ခန့် ကျယ်ဝန်းသော သံမဏိသံပေါင်တံတား၊ သံမဏိသံပေါင်ရိုးတံတား၊ သံမဏိ **I** ပုံသဏ္ဌာန်တံတား၊ သံမဏိ **Box** တံတား၊ သံမဏိသံပေါင်တံတားသေး၊ လူကူးခုံးကျော်တံတား၊ လူကူးသင်္ဘောဆိပ်ခံတံတား၊ ကမ်းကူးတံတား၊ သင်္ဘောဆိပ်ခံတံတားတို့တွင် တပ်ဆင်အသုံးပြုမည့် သံမဏိသံပေါင်များ၊ ရက်မများကို ထုတ်လုပ်လျက်ရှိသည်။

၂၀၁၃ ခုနှစ်မတိုင်မီက မြန်မာနိုင်ငံတွင် တည်ဆောက်သည့် တံတားများအတွက် လိုအပ်သည့်ပစ္စည်းများကို ပြည်ပနိုင်ငံများမှသာ တင်ဒါခေါ်ယူခဲ့ကြရသည်။ ယခုအခါ **J & M** သံမဏိစက်ရုံက ထုတ်လုပ်သည့် သံမဏိသံပေါင်များဖြင့် အစားထိုးတည်ဆောက်လာရာ နိုင်ငံခြားငွေ အကုန်အကျကို လျှော့ချလာနိုင်ခဲ့သည်။

“လွန်ခဲ့တဲ့ငါးနှစ်က တင်ဒါခေါ်ရင် တရုတ်နိုင်ငံကုမ္ပဏီတွေက တင်ဒါအောင်တာများတယ်။ တရုတ်က ထုတ်လုပ်တဲ့သံမဏိသံပေါင်တွေနဲ့ တံတားဆောက်တာများပါတယ်။ အခုကတော့ နိုင်ငံခြားတင်ဒါတွေ ခေါ်ယူစရာမလိုတော့ပါဘူး။ အားလုံး မြန်မာနိုင်ငံက ထုတ်လုပ်တဲ့



သံမဏိသံပေါင်တွေနဲ့ တည်ဆောက်နိုင်ပါပြီ။ အဆင့်မြင့်တံတားတွေအတွက်ပါ ဆက်လက်ထုတ်လုပ်သွားမှာဖြစ်ပါတယ်”ဟု ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရွှေလေးက ပြောသည်။

**ထီးချိုင့်၊ ကုက္ကိုဝ၊ ကလေးဝနှင့် ချောင်းဆုံတံတားများတွင် အသုံးပြု**

စက်ရုံမှထုတ်လုပ်သော သံမဏိသံပေါင်များဖြင့် ဧရာဝတီထီးချိုင့်တံတား၊ ကုက္ကိုဝတံတား၊ ချင်းတွင်းမြစ်ပေါ်ရှိ ကလေးဝတံတားနှင့် သံလွင်မြစ်ပေါ်ရှိ ဧရာဝတီ ချောင်းဆုံတံတားများ တည်ဆောက်ရေးတွင် အသုံးပြုနိုင်ပြီဖြစ်သည်။

“တံတားတစ်ခုကိုအပ်လိုက်ပြီဆိုရင် ကျွန်တော်တို့က ပုံသဏ္ဌာန်တင်မဟုတ်ပါဘူး။ အရည်အသွေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးအထိကိုပါ ထည့်သွင်းစဉ်းစားတွက်ချက် ရတာဖြစ်တဲ့အတွက် ဒီဇိုင်းကအရေးပါပါတယ်။ နောက်တစ်ခုကငွေကြေးအရအဆင်ပြေမှု၊ ကုန်ကျစရိတ်သက်သာမှုအတွက်ကိုလည်း ထည့်တွက်ရပါတယ်။ ရေရှည်ခိုင်ခံ့ရေးနဲ့ ဘေးအန္တရာယ်ကင်းရှင်းရေးကလည်း ဒီဇိုင်းတွက်ချက်ရာမှာ အဓိကအရေးပါပါတယ်။ ဂျပန်ပညာရှင်တွေနဲ့ မြန်မာအင်ဂျင်နီယာတွေပူးပေါင်းပြီး ဒီဇိုင်းရေးဆွဲ တွက်ချက်တယ်။ အချက်အလက်တွေ ရရှိပြီဆိုရင် မော်ဒယ်လ်ကိုအရင်ဆုံးရေးဆွဲပြီး ဒီအစိတ်အပိုင်းတွေကို စက်ရုံကိုပေးပို့ပြီးဆင်ရတာဖြစ်ပါတယ်” ဟုအဆိုပါ စက်ရုံအင်ဂျင်နီယာချုပ် **MR.YOHEI OSAKADA** က ပြောသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနက အဓိကတည်ဆောက်နေသော တံတားကြီးများအပြင် အခြားသောဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများက တာဝန်ယူဆောင်ရွက်နေသော တံတားကြီးများအတွက် လိုအပ်သည့် သံမဏိသံပေါင်၊ ရက်မများကိုလည်း **J & M** သံမဏိစက်ရုံက ထုတ်လုပ်ပေးလျက်ရှိသည်။

**ကုန်ကြမ်းများ သုံးစွဲ**

ဒီဇိုင်းပေါ်မူတည်ပြီး လိုအပ်သည့်ကုန်ကြမ်းများကို ဂျပန်နိုင်ငံက မှာယူသုံးစွဲသကဲ့သို့ အရည်အသွေးမီသည့် မြန်မာဈေးကွက်မှကုန်ကြမ်းများကိုလည်း သုံးစွဲလျက်ရှိကြောင်း သိရသည်။



“ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ဂျပန်နိုင်ငံရဲ့ နည်းပညာတွေနဲ့ နိုင်ငံတကာအရည်အသွေး စံချိန်စံညွှန်းအတိုင်းထုတ်လုပ်လျက်ရှိပါတယ်။ နိုင်ငံတကာ အသိအမှတ်ပြု **ISO** လက်မှတ်ရရှိထားပြီးဖြစ်တာကြောင့် အရည်အသွေးပိုင်းကိုလည်း စိတ်ချယုံကြည်နိုင်ပါတယ်” ဟု **J & M** သံမဏိစက်ရုံမှ မန်နေဂျင်းဒါရိုက်တာ **Mr. Yasuo SHOJI** က ပြောသည်။

**ပြည်ပသို့တင်ပို့**

**J & M** မှ ထုတ်လုပ်သည့် သံမဏိသံပေါင်များကို ပြည်တွင်းသုံးစွဲမှုအပြင် ပြည်ပသို့ပါ တင်ပို့နိုင်ခဲ့သည်။ ၂၀၁၄ ခုနှစ်တွင် လာအိုနိုင်ငံသို့ တန်ချိန် ၂၀၀ ခန့်၊ ၂၀၁၆ ခုနှစ်တွင် သီရိလင်္ကာနိုင်ငံသို့ တန်ချိန် ၄၀၀ ခန့် တင်ပို့နိုင်ခဲ့ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ မှာယူသော တန်ချိန် ၁၀၀၀၀ ကိုလည်း စက်ရုံတွင်ထုတ်လုပ်လျက်ရှိသည်။

“စက်ရုံက အခုအချိန်မှာ တစ်နှစ်ကိုတန်ချိန် ၁၀၀၀၀ ထုတ်လုပ်လျက်ရှိပါတယ်။ နောက်နှစ်လောက်မှာတန်ချိန် ၂၀၀၀၀ လောက် တိုးတက်ထုတ်လုပ်ဖို့ ရည်ရွယ်ထားပါတယ်” ဟု မန်နေဂျင်းဒါရိုက်တာ **Mr. Yasuo SHOJI** က ပြောသည်။

**တန်ချိန် ၂၀၀၀၀ အထိ တိုးမြှင့်ထုတ်လုပ်နိုင်မည်**

စက်ရုံစတင်တည်ထောင်ချိန်က တစ်နှစ်လျှင် တန်ချိန် ၁၀၀၀၀ ထုတ်လုပ်နိုင်ခဲ့ပြီး ဒုတိယအဆင့်အနေဖြင့် နိုင်ငံတော်၏ လိုအပ်ချက်နှင့်အညီ သံမဏိသံထည်များကို တန်ချိန်၂၀၀၀၀ အထိတိုးမြှင့်ထုတ်လုပ်နိုင်မည်ဖြစ်သည်။ ဆက်လက်၍ ရန်ကုန်မြို့တွင် မကြာမီတည်ဆောက်မည့် အဆင့်မြင့်တံတားကြီးများတွင် လိုအပ်သော သံမဏိသံပေါင်၊ ရက်မများထုတ်လုပ်ပေးနိုင်ရန်အတွက် စက်ရုံတိုးချဲ့ရန် ရည်ရွယ်ထားကြောင်းနှင့် ကွန်ကရစ်တံတားများထုတ်လုပ်ရန်အတွက် ဂျပန်နိုင်ငံမှ ကုမ္ပဏီတစ်ခုနှင့် ဖက်စပ်ထူထောင်ရန်လည်း စီစဉ်လျက်ရှိကြောင်း သိရသည်။

**စွမ်းဆောင်ရည်မြှင့်တင်**

စက်ရုံ၌ ဝန်ထမ်းအင်အား ၄၅၀ ခန့်ရှိပြီး မြန်မာအင်ဂျင်နီယာနှင့် မြန်မာလုပ်သားများက အများစုဖြစ်သည်။ မြန်မာဝန်ထမ်းများ အရည်အသွေးပြည့်ဝရေးနှင့် လုပ်ငန်းကျွမ်းကျင်မှုရရှိရေးအတွက်ကိုလည်း ပြည်တွင်းမှာပင် ဂျပန်ပညာရှင်များခေါ်ယူပြီး သင်တန်းများပို့ချပေးလျက်ရှိသကဲ့သို့ ဂျပန်နိုင်ငံသို့လည်း နှစ်စဉ်စေလွှတ်ကာ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများ ပေးလျက်ရှိသည်။

သံထည်များကိုအပေါက်ဖောက်ခြင်း၊ ကိုင်တွယ်ခြင်း၊ ဝရိန်ဆော်ခြင်း၊ ဖြတ်တောက်ခြင်း၊ တံတားအဖြစ်တပ်ဆင်ခြင်း၊ ဆေးသုတ်ခြင်းများကိုလည်းသင်ကြားပေးနေသကဲ့သို့ **JFE Engineering Corp:** နှင့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းတို့ပူးပေါင်း၍ ယနေ့အချိန်အထိ သင်တန်းသား ၃၀၀ ကျော်ကို ကျွမ်းကျင်လုပ်သားများအဖြစ် မွေးထုတ်ပေးနိုင်ခဲ့သည်။

**စာမျက်နှာ ၁၁ သို့**

# ပြည်တွင်းရေးရာ

စာမျက်နှာ ၁၀ မှ

**ဒီဇိုင်းနှင့်ပရောဂျက်ဌာနမှ မအေးမြမွန်**

"ကျွန်မက ဒီစက်ရုံမှာ အလုပ်ဝင်တာ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလကဆိုတော့ သုံးနှစ်ရှိပါပြီ။ အလုပ်ဝင်ပြီး တစ်နှစ်ခွဲလောက်မှာ ဂျပန်နိုင်ငံမှာ ဒီဇိုင်းပညာနဲ့ ပတ်သက်ပြီး လေ့လာဖို့စေလွှတ်ခြင်းခံရပါတယ်။ တံတားတည်ဆောက်ပုံ၊ ဒီဇိုင်းနဲ့ပတ်သက်တဲ့ နည်းပညာတွေ လေ့လာခွင့်ရခဲ့ပါတယ်"ဟု ဒီဇိုင်းနှင့်ပရောဂျက်ဌာနမှ မအေးမြမွန်က ပြောသည်။

မြန်မာအင်ဂျင်နီယာတစ်ယောက်အနေဖြင့် နိုင်ငံတကာအဆင့်မီနည်းပညာများအပြင် ဂျပန်တို့၏စိတ်ဓာတ်ကလည်း အတုယူစရာကောင်းကြောင်း အဆိုပါစက်ရုံတွင် လုပ်သက်သုံးနှစ်ရှိ ကိုပြည့်ဖြိုးဟိန်းက ဆိုသည်။

**မီလီမီတာ စံနှုန်းကို အသုံးပြု**

"ဂျပန်တွေက မီလီမီတာစံနှုန်းကို အဓိကသုံးကြတယ်။ အရင်လုပ်ခဲ့ဖူးတဲ့ ကုမ္ပဏီတွေဆိုရင် အဲဒီလိုအသေးစိတ်တွေဆို လွှတ်ပေးလိုက်တယ်။ အခုဒီစက်ရုံက အသေးစိတ်ကအစ လွှတ်မပေးဘူး ပြန်ပြင်ရတယ်။ ကျွန်တော်တို့ ပညာရတယ်။ သူတို့နိုင်ငံရဲ့နည်းပညာစီးဆင်းမှု၊ ဖြန့်ဝေမှု၊ ထုတ်လုပ်ဖြန့်ဖြူးမှု စတဲ့အပိုင်းတွေလည်း ပညာရတယ်။ မြန်မာနိုင်ငံက အခုချိန်မှာ ဖွံ့ဖြိုးတိုးတက်ဖို့ကြိုးစားနေတဲ့ နိုင်ငံဖြစ်တာကြောင့် လူငယ်တွေအနေနဲ့ ဂျပန်တွေရဲ့ စိတ်ဓာတ်ကို အတုယူစေချင်တယ်။ လုပ်ငန်းခွင်မှာ အသေးစိတ်ကအစ အမှားမခံဘူး။ အလွန်ကြိုးစားတဲ့ လူမျိုးတွေပါ။ ကျွန်တော်တို့က အလုပ်ပြီးချိန် ညနေ ၅ နာရီဆိုတာနဲ့ ပြန်တာပဲ။ သူတို့က ၆နာရီ၊ ၇ နာရီအထိ နေပြီး အလုပ်လုပ်ကြတယ်။ သူတို့သတ်မှတ်တဲ့ စံနှုန်းမီအောင် ဆောင်ရွက်ကြတာ တွေ့ရတယ်။ ဒါတွေကိုလည်း အတုယူစေချင်တယ်'ဟု ၎င်းက ပြောသည်။

**အပန်းဖြေခရီးပို့ဆောင်**

အလုပ်သမားများ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးစောင့်ရှောက်မှုရရှိရေးအတွက် ဆရာဝန်နှင့်ဆေးခန်း ထားရှိပေးထားပြီး အဝတ်လဲရန်၊ ရေချိုးရန်အတွက် အခန်းများ ထားရှိပေးထားကာ စားသောက်ခန်း၊ ဧည့်သည်လာရောက်တွေ့ဆုံစဉ် နားနေခန်း စသည်များကိုလည်း ထားရှိပေးထားကြောင်း၊ ထို့ပြင် တစ်နှစ်တစ်ခါ အပန်းဖြေခရီးများလည်း ပို့ဆောင်ပေးလျက်ရှိကြောင်း J & M သံမဏိစက်ရုံမှ အကြီးတန်း အထွေထွေမန်နေဂျာ ဦးသက်နှောင်းက ပြောသည်။

ဝန်ထမ်းသစ်များကို စက်ရုံမှ ကြော်ငြာပြီးခေါ်ယူသလို စက်ရုံရှိဝန်ထမ်းများနှင့်ဆက်စပ်၍ လျှောက်ထားသူများကိုလည်း CV Form ယူထားပြီး အလုပ်ခေါ်ချိန်ရောက်မှ ခေါ်ယူမှုများလည်းရှိကြောင်း သိရသည်။

"ဒီစက်ရုံမှာ အလုပ်ဝင်ဖို့ဆိုရင် အင်ဂျင်နီယာဘာသာရပ်အပြင် autocad ကိုလည်း တတ်ထားရမယ်။ အင်္ဂလိပ်စာဘာသာရပ်လည်း တတ်ကျွမ်းရမယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

**နည်းပညာများ လွှဲပြောင်းရယူ**

၁၉ ရာစုက ဂျပန်နိုင်ငံသည် နိုင်ငံရပ်ခြားမှ ကျွမ်းကျင်ပညာရှင်များကို ဖိတ်ခေါ်အလုပ်ခန့်ထားပြီး နည်းပညာများလွှဲပြောင်းရယူခဲ့သလို နိုင်ငံခြားတိုင်းပြည်များသို့စေလွှတ်၍ ခေတ်မီနည်းပညာများကို လေ့လာသင်ယူစေခဲ့သည်။ ထို့နောက် ပြည်တွင်း၌ နိုင်ငံခြားကျွမ်းကျင်ပညာရှင်များကို အလုပ်ခန့်ထားမှု တဖြည်းဖြည်းလျှော့ချခဲ့သည်။ ထိုဆောင်ရွက်မှုသည် ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုဖြစ်သည့် မြန်မာနိုင်ငံအတွက် အတုယူစရာနည်းလမ်းတစ်ခု ဖြစ်သည်။ ဘက်ပေါင်းစုံမှ ပြုပြင်ပြောင်းလဲမှုများဖြင့် နိုင်ငံတော်ကို ပြန်လည်တည်ဆောက်နေသည့် လက်ရှိကာလတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများနှင့်အတူ လိုအပ်သည့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတကာအဆင့်မီ နည်းပညာများ ရရှိရေးအတွက် ယခုလို စက်ရုံတစ်ခုပေါ်ပေါက်လာခြင်းသည် ကောင်းမွန်သည့် ရလဒ်တစ်ခုဖြစ်ပါကြောင်း။

❐

## ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်

### ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများအား ခွင့်ပြုပေးမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄) ဖြင့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ်လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများနှင့်အညီစိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ ဆောင်ရွက်ပေးခဲ့ရာ ၂၃-၈-၂၀၁၆ ရက်နေ့က ပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် ၁-၈-၂၀၁၆ ရက်နေ့မှ ၁၂-၈-၂၀၁၆ ရက်နေ့အထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်လျှောက်ထားလာသည့် ပုံနှိပ်ခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ လေးဦး၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ဂျာနယ် သုံးဦး၊ မဂ္ဂဇင်း သုံးဦး၊ အထွေထွေ ၂၀ ပေါင်း ၂၆ ဦးတို့အား ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ ရက်နေ့မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၃၅၈ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၁၈၉၀ နှင့် သတင်းအေဂျင်စီလုပ်ငန်း ၄၄ ဦး စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၃၂၉၂ ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်သက်တမ်းတိုးလျှောက်ထားသူ တစ်ဦးနှင့် ဂျာနယ်လျှောက်ထားလာသူတစ်ဦးတို့အား အချက်အလက်များ စိစစ်ဆောင်ရွက်ဆဲဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

## စိတ်ကြိုက်ဝတ္ထုတိုပြိုင်ပွဲ ဆုပေးပွဲကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၆**

အင်းစိန်မြို့နယ် စာရေးဆရာအသင်း၏ ပညာရေးထောက်ပံ့ပွဲနှင့် စိတ်ကြိုက်ဝတ္ထုတိုပြိုင်ပွဲဖြစ်မြောက်ရေးအတွက် အလှူငွေပေးအပ်ပွဲကို စက်တင်ဘာ ၅ ရက် မွန်းလွဲ ၂ နာရီတွင် အင်းစိန်မြို့နယ် ရွာမနောက်ရပ်ကွက်ရှိ မြို့နယ်သတင်းစာဆရာအသင်း ဥက္ကဋ္ဌနေအိမ်ရုံးခန်း၌ ကျင်းပသည်။

အလှူငွေပေးအပ်ပွဲတွင် အင်းစိန်မြို့နယ် သတင်းစာဆရာအသင်း ဥက္ကဋ္ဌ ဦးဘိုကြည် (ဒေါက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး)က မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရေးနှင့် မျိုးဆက်သစ် စာပေပညာရှင်များ ပေါ်ထွန်းလာစေရေးအတွက် အလှူငွေများနှင့် စာရေးကိရိယာများ ပေးအပ်လှူဒါန်းရာ အင်းစိန်မြို့နယ် စာရေးဆရာအသင်း စာပေကော်မတီ အဖွဲ့ခေါင်းဆောင် ဦးတင်ဌေး (ရန်မိုးအောင်-အင်းစိန်)က လက်ခံရယူသည်။

အင်းစိန်မြို့နယ် စာရေးဆရာအသင်း ပညာရေးထောက်ပံ့ပွဲနှင့် စိတ်ကြိုက်ဝတ္ထုတိုပြိုင်ပွဲအတွက် ဆုချီးမြှင့်ပေးအပ်ပွဲကို စက်တင်ဘာ ၁၈ ရက် မွန်းလွဲ ၁ နာရီတွင် အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ဉာဏ်ဟိန်း (အင်းစိန်)**

## ဆေးလိပ်သောက်လျှင် သတိယှဉ်




## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် စက်တင်ဘာ ၆**

ရန်ကုန်(ရွှေဈေး) ၈၆၁၀၀၀ - ၈၆၂၀၀၀ မန္တလေး(ရွှေဈေး) ၈၆၁၀၀၀ - ၈၆၂၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၅၃၀/၅၅၀ ကျပ်၊ | ၅၆၀/၅၈၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၆၁၀/၆၂၀ ကျပ်၊ | ၆၈၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၅၃၀/၅၄၀ ကျပ်၊ | ၅၈၀/၆၀၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၆၀/၅၈၀ ကျပ်၊ | ၆၁၀/၆၂၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၄၉၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၅၃၅ ကျပ်၊
အောက်တိန်း 92 တစ်လီတာ ၄၈၇ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၁၁.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၃၄၉.၇ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၈၁.၃၈ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၄.၈၆၉ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၂၉၇.၅၄ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၈.၂၁၉ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၁၆၉.၈ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၀၉.၆၉ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၂၀.၄၂ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၈၉၂.၄၁ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

## မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော ဩဂုတ် ၃၁ ရက်မှ စက်တင်ဘာ ၅ ရက်အထိ ထွက်ရှိသောစာအုပ်စာရင်း

| | | | |
|---|---|---|---|
| ၁ | ဆရာကြီး ဦးသောင်းထွန်း အငြိမ်းစားပါမောက္ခချုပ် ပညာရေးတက္ကသိုလ် | ပညာအမွေ | ၃၀၀၀ိ/-ဆုစာပေ |
| ၂ | ဒေါက်တာရဲအောင် | ဆရာနှင့် သိနားလည်စရာပညာရေးစိတ်ပညာ | ၂၅၀၀ိ/-ဆုစာပေ |
| ၃ | ချစ်ဆွေ(ဆေး-၁) | ကမ္ဘာကိုကိုင်လှုပ်မည့်ရွေးကောက်ပွဲ အမေရိကန်သမ္မတဘယ်သူဖြစ်မလဲ | ၁၅၀၀ိ/-မျိုးမြန်မာစာပေ |
| ၄ | ဝေယံဘုန်း (DENISE CHONE) | ဘာမထိဇာမဏီ (The Girl In The Picture) | ၄၅၀၀ိ/-ငါတို့စာပေ |
| ၅ | ကလောင်စုံ | ကြက်ဘီလူးငွေနားဖြူ အပါအဝင် ဂမ္ဘီရဝတ္ထုတိုများ | ၁၈၀၀ိ/-စိတ်ကူးသစ်စာပေ |
| ၆ | မိုးဟိန်းဇော် | မြန်မာကလေးကဗျာရေစီးကြောင်း | ၂၀၀၀ိ/-ခူဝံစာပေ |
| ၇ | ဖိုးစိုင်း(ဂျာနယ်လစ်) | ဒေါ်အောင်ဆန်းစုကြည်ပြောသည့် ဒီမိုကရေစီပြည်သူ့နီတိ | ၂၀၀၀ိ/-မဇ္ဈိမစာပေ |
| ၈ | စိုးစံ | ကုမ္ပဏီဝန်ထမ်းများအတွက် ဟောပြောပို့ချနည်းလမ်းညွှန် | ၂၂၀၀ိ/-သုတတံတားစာပေ |
| ၉ | မြင့်စိုးလှိုင်-မြန်မာပြန် | ဟဲမ်လက် ဝီလျမ်ရှိတ်စပီးယား | ၁၂၀၀ိ/-စိတ်ကူးချိုချို |
| ၁၀ | အောင်စည်သာ | ဟယ်ရီလို့ခေါ်တဲ့ လူငယ်လေးတစ်ယောက် | ၁၈၀၀ိ/-စိတ်ကူးချိုချို |
| ၁၁ | ထွန်းရွှေခိုင်(မဟာဝိဇ္ဇာ) | အမတ်ကြီး' ဘဒူ-မင်းညို'ရေးစပ်သော ရခိုင်မင်းသမီးချောင်း(သို့မဟုတ်) မောက်တော်ချောင်း | ၂၀၀၀ိ/-ကွန်သာယာစာပေ |
| ၁၂ | သခင်မြတ်ဆိုင် | ပိဋကတ်တော်ကောက်နုတ်ချက်များ သုတ်ပေါင်း(၁၂၀၀) | ၆၀၀၀ိ/-AZ စာပေ |
| ၁၃ | သစ္စာနီ | လူများမှတ်တိုင်များ နှစ်ကာလများ ဒဿနနှင့် စိတ်ကူးထည်များ | ၁၅၀၀ိ/-ကျော်မွေးစာပေ |
| ၁၄ | ကလောင်စုံ | ရောင်ကွဲပန်းတို့၏ဝတ်မှုန်ကူးခြင်း | ၂၀၀၀ိ/-ပင်လုံငြိမ်းချမ်းစာပေ |
| ၁၅ | အမောင်(ပုဂံ) | တိမ်တောက်တွေရွှေရောင်တောက်တဲ့နေ့ | ၂၂၀၀ိ/-ရွှေပေစာပေ |
| ၁၆ | မင်းစိုးသစ် | လူနာစောင့်ဝှက်ထားတဲ့ကဗျာ | ၁၀၀၀ိ/-ရွှေပေစာပေ |
| ၁၇ | နေရိုင်း | ငါမရေးဘဲဖြစ်သွားတဲ့ ကဗျာ | ၁၅၀၀ိ/-ရွှေစာပေ |
| ၁၈ | သစ်စိုး | အမှောင်ရိပ်ရဲ့ အလွန်မှာ | ၂၅၀၀ိ/-မိတ်ဆွေများစာပေ |
| ၁၉ | မာန်သစ်နိုး-မြန်မာပြန် | အဆိပ်သင့်အချစ် | ၁၅၀၀ိ/-ပန်းဆက်လမ်းစာပေ |
| ၂၀ | ရဲကျော်မြင့် | မြန်မာနိုင်ငံ----နောက်ထပ်လူသတ်ကွင်းပြင်များ ဖြစ်လာဦးမှာလား | ၂၀၀၀ိ/-အိပ်မက်သစ်စာပေ |
| ၂၁ | မြသန်းတင့် | ခန်းဆောင်နီထဲတွင်အိပ်မက်မက်ကြည့်ခြင်း | ၁၅၀၀ိ/-နှစ်ကာလများစာပေ |
| ၂၂ | မသီတာ(စမ်းချောင်း) | အရေးအသားများ | ၁၀၀၀ိ/-နှစ်ကာလများစာပေ |
| ၂၃ | မောင်မောင်သိုက်ကျော် | မြန်မာနိုင်ငံနှင့် မြန်မာအရှေ့မြောက်နိုင်ငံဆက်ဆံရေး၁၇၅၂-၁၇၈၂ | ၂၅၀၀ိ/-Smart စာပေ |
| ၂၄ | နောင်ရိုး | ကြိုးစင်ပြင်ထားတယ်နှင့် အခြားတို့ထိမိသော အရာများ | ၁၀၀၀ိ/-PICA media |
| ၂၅ | ရဲရင့်ပိုင်အောင်/ဇေသော် (စံကားဝါမြေ) | ညို/မြ မိုးကေ လွမ်းချင်းဖွဲ့အချစ်ကဗျာများ | ၁၅၀၀ိ/-PICA media |
| ၂၆ | မောင်ကြည်သာ (တောင်တွင်း) | အမည်ပေးမထား(UNTITLED) | ၁၅၀၀ိ/-PICA media |
| ၂၇ | နေခြည်ဇေယျ | ည-လမထွက်ရနှင့် နောက်ဆုံးချိန်ထိ တစ်နေရာစာချန်ထားတယ် | ၂၀၀၀ိ/-မယ်နဲ့မောင်စာပေ |
| ၂၈ | လွန်းမောင်မောင် | အဘွားကြီးရေနှင့်ချစ်ခြင်းမေတ္တာဖွဲ့ဝတ္ထုများ | ၂၅၀၀ိ/-GPG စာပေ |
| ၂၉ | မသီတာ(စမ်းချောင်း) | ကမ္ဘာကျော်တွေရဲ့ကမ္ဘာကျော်တွေ | ၂၅၀၀ိ/-စာနဒီစာပေ |
| ၃၀ | ဘိုကလေးအရှင်ပဏ္ဍိတ (မောင်ကျွန်းအရှင်ပဏ္ဍိတ) | အာဇီဝမစင်ကြယ်လျှင် နင်အပါယ်ရောက်လိမ့်မမှား | ၅၀၀ိ/- ကောင်းထွန်းစာပေ |
| ၃၁ | ဦးကျော်ဇေယျ | ပြစ်မှုအမှုတွဲတစ်ခုတွင်ပါဝင်သော ကြန်အင်လက္ခဏာများနှင့်ယင်းတို့၏အရေးပါမှုများ | ၃၀၀၀ိ/-မယ်နဲ့မောင်စာပေ |
| ၃၂ | ဆရာတော်ဦးဇောတိက (မဟာမြိုင်တောရ) | မသိရင်ခက်မယ် | ၂၂၀၀ိ/-ရေတံခွန်စာပေ |

ဆက်လက်ဖော်ပြပါမည်

# ဂျက်ကီချန်းအား Governors Award ဆု ဂုဏ်ပြုချီးမြှင့်မည်



ကမ္ဘာကျော် အက်ရှင်မင်းသားကြီး ဂျက်ကီချန်းအား နိုဝင်ဘာလတွင်ကျင်းပမည့် အကယ်ဒမီဆုပေးပွဲအခမ်းအနားတွင် အမြင့်ဆုံးဂုဏ်ပြုဆု အမျိုးအစားတစ်မျိုးဖြစ်သည့် Governors Award ကို ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဆုပေးပွဲတွင် အသက်(၆၂)နှစ်အရွယ်ရှိ အက်ရှင်မင်းသားကြီး ဂျက်ကီချန်းအပြင် ဗြိတိန်မှ ရုပ်ရှင်တည်းဖြတ်သူ Anne V. Coates ၊ မှတ်တမ်းရုပ်ရှင်ဇာတ်ကားများ ပုံဖော်ဖန်တီးသူ Frederick Wiseman နှင့် ဒါရိုက်တာ Lynn Stalmaster တို့လည်း ပါဝင်သည်။

၎င်းတို့သည် လာမည့် နိုဝင်ဘာ ၁၂ ရက်တွင် အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့၌ ကျင်းပမည့် ဆုပေးပွဲအခမ်းအနားတွင် တက်ရောက် ဆုလက်ခံရယူရမည် ဖြစ်သည်။

ဂျက်ကီချန်းသည် ဇာတ်ကားတိုင်းလိုလိုတွင် ၎င်း၏ ကိုယ်ပိုင်စတန့်ပြကွက်များဖြင့် အများဆုံးသရုပ်ဆောင်ခဲ့ပြီး ဇာတ်ကားအတော်များများ၌ ဒါရိုက်တာ၊ ဇာတ်ညွှန်း၊ ထုတ်လုပ်သူနှင့် ရုပ်ရှင်အတတ်ပညာပိုင်းဆိုင်ရာတို့ကို ကိုယ်တိုင်ဖန်တီးခဲ့သူလည်းဖြစ်ကာ အာရှမှ ဟောလိဝုဒ်ထိတိုင် အကောင်းဆုံးထိုးဖောက်နေရာယူနိုင်ခဲ့သည့် နာမည်ကျော် အက်ရှင်သရုပ်ဆောင်တစ်ဦး ဖြစ်သည်။ ယခုကဲ့သို့ ဂုဏ်ပြုဆု ချီးမြှင့်ခံရခြင်းအတွက် ၎င်း၏မိသားစုဝင်များ၊ အားပေးကြသည့်ပရိသတ်များနှင့် ရုပ်ရှင်အကယ်ဒမီအဖွဲ့အစည်းကိုလည်း အထူးကျေးဇူးတင်ရှိပါကြောင်း ၎င်း၏ ဖေ့စ်ဘုတ်လူမှုကွန်ရက်စာမျက်နှာတွင် ဖော်ပြခဲ့သည်။ ဂျက်ကီချန်းအနေဖြင့် မကြာခင်က Forbes မဂ္ဂဇင်းမှ ဖော်ပြခဲ့သည့် ကမ္ဘာ့ရုပ်ရှင်လောက၏ ဝင်ငွေအမြင့်ဆုံးအမျိုးသားသရုပ်ဆောင်များစာရင်းတွင် တစ်ဦးအပါအဝင် ဖြစ်ခဲ့သည်။

မျိုးစန္ဒာမောင် - စုစည်းသည်

# သရုပ်ဆောင်ဂွန်းယူ ပြောပြတဲ့ Train To Busan နောက်ဆက်တွဲဇာတ်ကားအကြောင်း


Train To Busan ဇာတ်ကားမှ ကလေးသရုပ်ဆောင် ကင်မ်ဆူအန်နှင့် မင်းသား ဂွန်းယူ။

မေလအတွင်းက တောင်ကိုရီးယား ရုပ်ရှင်လောကမှ နိုင်ငံတကာရုပ်ရှင်ဈေးကွက်သို့ အရှိန်ပြင်းပြင်းနဲ့ ဝင်ရောက်လာတဲ့ တောင်ကိုရီးယား ဇွန်ဘီဇာတ်ကား Train To Busan ၏ နောက်ဆက်တွဲဇာတ်ကားနှင့် ပတ်သက်ပြီး မင်းသား ဂွန်းယူက ယင်းဇာတ်ကားသည် အွန်လိုင်းရော၊ ရုပ်ရှင်ရုံများတွင်ပါ ပရိသတ်များ တစ်ခဲနက် အားပေးကြည့်ရှုခဲ့ကြသည့် ဇာတ်ကားတစ်ကားဖြစ်သည့်အတွက် အကယ်၍ နောက်ဆက်တွဲဇာတ်ကား ဆက်လက်ရိုက်ကူးဖြစ်ပါက ၎င်းအတွက် အလွန်ပင် ကြီးလေးသောတာဝန်တစ်ရပ် ပခုံးပေါ် ကျရောက်လာခြင်းပင် ဖြစ်ကြောင်း တောင်ကိုရီးယားသတင်းစာ တစ်စောင်၏ မေးမြန်းမှုကို ဖြေကြားခဲ့သည်။

မင်းသား ဂွန်းယူအနေဖြင့် Train To Busan ဇာတ်ကား၏ဒါရိုက်တာကပင် ပုံဖော်ရိုက်ကူးထားပြီး ယခုလအတွင်းဖြန့်ချိပြသမည့် Seoul Station ဇွန်ဘီဇာတ်ကားတွင်လည်း ပါဝင်သရုပ်ဆောင်ထားသည်။

# အမျိုးသမီးရက်ပ်ပါ M.I.A နှင့် တွဲဖက်ကာ ဂီတလှုပ်ရှားမှုများ ဆောင်ရွက်သွားမည့် တေးသံရှင်ဇေမာလိခ်

ဆယ်ကျော်သက်တေးဂီတအဖွဲ့ One Direction ကို လမ်းခွဲကျောခိုင်းခဲ့သူဇေမာလိခ်က ယခုအခါ အမျိုးသမီးအင်္ဂလိပ်ရက်ပ်အဆိုတော် M.I.A. နှင့် တွဲဖက်ကာ ဂီတလှုပ်ရှားမှုများကို ဆောင်ရွက် သွားမည်ဖြစ်ကြောင်း သိရသည်။

၎င်းတို့နှစ်ဦး၏ ပူးတွဲသီဆိုမှုကိုတေးသံရှင် M.I.A. ၏ မကြာခင် အသစ် ထွက်ရှိလာမည့် ပဉ္စမမြောက် စတူဒီယို အယ်လ်ဘမ် AIM တွင် နားဆင်ခံစားကြ ရမည်ဖြစ်သည်။





"ဟိုးအရင်ကတည်းက သီချင်းတွေ ရေးခဲ့၊ ဆိုခဲ့ပါတယ်။ ဒါပေမယ့် ဒီတစ်ခါတော့ တေးသံရှင် ဇေမာလိခ်နဲ့ ပူးပေါင်းသီဆိုထားပါတယ်။ ဒီသီချင်းမှာ အားလုံးပြီးပြည့်စုံအောင်တော့ ဖန်တီးထားပါတယ်"ဟု တေးသံရှင် M.I.A.က ရေးသားဖော်ပြထားသည်။

တေးသံရှင်၊ ဒါရိုက်တာ၊ ဓာတ်ပုံဆရာ၊ ဖက်ရှင်ဒီဇိုင်နာနှင့် မော်ဒယ်တစ်ဦးဖြစ်သူ တေးသံရှင် M.I.A. သည် ၂၀၀၄ ခုနှစ်က ထွက်ရှိခဲ့သည့် တစ်ကိုယ်တော်သီချင်းများဖြင့် ဘေလ်ဘုတ်၏ Hot Dance Singles Sales စာရင်းဝင်ခဲ့ပြီး အကယ်ဒမီဆု၊ ဂရမ်မီဆုနှင့် မာကျူရီဆုများအတွက် ဆန်ခါတင်ရွေးချယ်ခြင်း ခံခဲ့ရသည်။

ရုပ်ရှင်ထုတ်လုပ်သူနှင့် ဖက်ရှင်ဒီဇိုင်နာတစ်ဦးအဖြစ် ဘဝအောင်မြင်မှုစတင်ခဲ့သည့် တေးသံရှင် M.I.A. အား ၂၀၁၀ ခုနှစ်က အမေရိကန်နိုင်ငံထုတ် အမျိုးသားမဂ္ဂဇင်းတစ်စောင်ဖြစ်သည့် Esquire မှ ထုတ်ပြန်သည့် 75 most influential people of the 21st century စာရင်းတွင် တစ်ဦးအပါအဝင်အဖြစ် ဖော်ပြခြင်းခံခဲ့ရသူလည်း ဖြစ်သည်။

တေးသံရှင် ဇေမာလိခ်အနေဖြင့် One Direction အဖွဲ့နှင့် လမ်းခွဲခဲ့ပြီးနောက်ပိုင်း တစ်ကိုယ်တော် ဂီတလှုပ်ရှားမှုများ၊ သရုပ်ဆောင်ပိုင်းဆိုင်ရာများနှင့် တေးသီချင်းရေးစပ်ခြင်းများကို ဆောင်ရွက်လျက်ရှိပြီး မကြာခင်က ပေးအပ်ချီးမြှင့်ခဲ့သည့် Teen Choice Awards ဆုပေးပွဲတွင် Choice Music: Breakout Artist ဆုနှင့် Choice Summer Male Star ဆုတို့ကို ရရှိခဲ့သည်။

# ရုပ်မြင်သံကြားအစီအစဉ်များ

[၇- ၉ -၂၀၁၆ (ဗုဒ္ဓဟူးနေ့)]

## မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

ညပိုင်း
၆း၀၀ -အဖွင့်
-မိုးလေဝသအစီအစဉ်
-MRTV Entertainment Music
၆း၂၀ Premier League (Review)
၇း၁၅ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "ရွှေရောင်လွှမ်းတဲ့ နေ့သစ်ဆီ" (အပိုင်း-၇၉)
၇း၅၅ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "ကိုယ့်ဘဝ ကိုယ့်အိပ်မက်" (အပိုင်း-၃၉)
၈း၃၅ MRTV Entertainment Music
၈း၄၅ ကက်ဆက်ဇာတ်လမ်း "ကောလိပ်ဂျင်"
၁၀း၀၀ မြန်မာဗီဒီယိုဇာတ်လမ်း "ကောင်လေးရဲ့ကောင်လေး"
၆း၀၀ အစီအစဉ်ပြီး၏

**၈-၉-၂၀၁၆(ကြာသပတေးနေ့)**
**နံနက်(၀၀း၀၀)မှ ညနေ(၀၆း၀၀)ထိကို အထက်ပါဖော်ပြပါအတိုင်း (၃) ကြိမ်ပြသပါသည်။**

## မြန်မာ့ရုပ်မြင်သံကြား News Channel

၆း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၃၅ မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာစကားဝိုင်း (စတော့အိတ်ချိန်းတွင်အရင်းနှီးမြှင့်တင်ခြင်းနှင့် ရင်းနှီး မြှုပ်နှံခြင်း) (အပိုင်း-၄)
၈း၃၅ ၂၀၁၆ ခုနှစ်၊ (၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ၊ ပြိုင်ပွဲဝင်များ လေ့လာနိုင်ရန် (အဆိုဘာသာရပ်) (ခေတ်ဟောင်းတေးနှင့် ကာလပေါ်တေး) (အဆင့်မြင့်ပညာအဆင့်) (အမျိုးသမီး)
၈း၄၅ စိုက်ပျိုးရေးရာအဖြေရှာ "ပဲတီးစိမ်းမျိုးကောင်းမျိုးသန့်ထုတ်လုပ်ခြင်း"
၉း၃၅ "သွားရောက်လေ့လာစရာ မြန်မာ့စာပေနှင့်ယဉ်ကျေးမှု များရှိတဲ့နေရာ"
၉း၅၅ "ရွှေပါရမီကျန်းမာရေးဖောင်ဒေး ရှင်းရဲ့ (၃၃)ကြိမ်မြောက် ကျန်းမာရေးအလှူတော်" (ကျောက်ပန်းတောင်း)
၁၀း၃၅ အထွေထွေသုတအစီအစဉ်
၁၁း၃၅ မြန်မာ့ရုပ်မြင်သံကြားပညာရေး အစီအစဉ်
၁၂း၅၀ နိုင်ငံခြားဇာတ်လမ်းတွဲ"မကြွေတဲ့နှင်းဆီ" အပိုင်း(၇၃)
၁း၄၅ နိုင်ငံခြားဇာတ်လမ်းတွဲ "မင်္ဂလာပါဝင်ချီ"(အပိုင်း-၉၄)
၂း၂၀ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ (Amandar)
၃း၃၅ မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ စကားဝိုင်း(အပိုင်း-၄) (စတော့အိတ်ချိန်းတွင် အရင်းအနှီး မြှင့်တင်ခြင်းနှင့် ရင်းနှီးမြှုပ်နှံခြင်း
၄း၁၅ ၂၀၁၆ခုနှစ် (၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး၊ ပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာရန် (အဆိုဘာသာရပ်) (မဟာဂီတ) (ဝါသနာရှင်(ဒုတိယတန်း) အဆင့်) (အမျိုးသား၊ အမျိုးသမီး)
၄း၃၅ Football Magazine (ရန်ကုန်ယူနိုက်တက်အသင်း)
၅း၁၅ မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့ (ဥဒေါင်းမင်းနှင့် ဇော်ချစ်အောင်)
၅း၃၅ NHK Programme "ဓာတ်ငွေ့များကိုလေ့လာခြင်း" (Studying Gases) (Carbondioxide)
၅း၅၀ "မန္တလေးမြို့မှ ဗိုလ်ချုပ်ပန်းခြံ"
၆း၃၅ ဘဝထဲကဝတ္ထု၊ ဝတ္ထုထဲကဘဝ "မနက်ဖြန်ဆိုကြာမှာစိုးလို့ ဒီနေ့ပဲပေးခဲ့မယ်"(ဒေါ်အေးမြင့်၊ အောင်မိုးရှိန်း၊ မဖြူ ပန်းတလျှံ) (ဒါရိုက်တာ-သိမ်းစိုး(သီဟရတနာ)
၇း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ "မင်္ဂလာပါ ဝင်ချီ"(အပိုင်း-၉၅)
၈း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊မိုးလေဝသအခြေအနေ
၉း၀၀ ပြည်တွင်းသတင်း
Sunday Talk
-နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ" (အပိုင်း-၇၄)
ဂီတသမား၊ ဂီတစကား
" မင်းခမ်းမင်းနားနှင့်အတိတ်ကတစ်နာရီ

## MRTV-4

၅း၀၀ ပဌာန်းပါဠိတော် +ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
၅း၄၀ "မျှဝေခံစားလိုတဲ့စိတ်"တရားတော် [ဆရာတော် အရှင်တိက္ခသာရ (သီတဂူ)]
၈း၀၀ "မင်္ဂလာပါ" The Morning Show
၁၀း၁၅ ခေတ်သစ်ပျိုမေ
၁၁း၁၅ ဟင်းချက်ရအောင်
၁၁း၄၀ "သီလဝတောင် ပြုံးသွားတယ်" ရန်ပိုင်စိုး၊ နေဆန်း၊ ကင်းကောင်၊ ကြယ်သီး၊ ကြူကြူသင်း [ဒါရိုက်တာ-ဇာဂနာ]
၁၂း၃၅ အနုပညာမိုးကောင်းကင်
၄း၀၀ Cartoon Series (English Play Ground)
၆း၁၀ Health Fix
၈း၁၀ ရသစုံညွှန်းတမ်းများ
၁၀း၀၅ Lets Talk
၁၀း၄၀ MRTV-4 Stage
၁၁း၀၅ World Of Knowledge (Arab Treasure Ship)

## မြဝတီရုပ်မြင်သံကြား

၆း၀၃ တရားတော်
၇း၁၅ မေတ္တာပို့
၇း၂၀ ဓမ္မပူဇာတေး
၇း၂၅ ကိုယ်လက်လှုပ်ရှားအားကစား
၈း၁၀ အမျိုးသားရေးတေးကဗျာ
၈း၁၅ မွေးမြူသုတ
၈း၃၀ DVD Hits
၈း၄၅ ဇာတ်လမ်းတို
၉း၁၅ သူနှင့်သူ၏သီချင်းများ
၁၀း၁၀ Made In Myanmar
၁၀း၂၅ သာယာသီကြွေးခေတ်ဆန်းတေး
၁၀း၃၅ Journal Talk
၁၀း၅၀ သီချင်းလက်ဆောင်
၁၁း၂၅ ကျန်းမာသုတ
၁၁း၄၀ Sport Review
၁၂း၀၀ ခရီးလည်းသွားစကားလည်းဆို
၁၂း၂၅ လူတိုင်းကျန်းမာသိမှတ်စရာ
၄း၀၈ မျိုးချစ်တပ်မတော်
၄း၂၀ အမျိုးသားရေးတေးကဗျာ
၄း၂၅ ရှေးဟောင်းသုတ
၄း၄၀ သာယာသီကြွေးခေတ်ဆန်းတေး
၅း၁၀ ပန်းကလေးများပွင့်တော့မည်
၅း၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အယ်ဒါနာ အပိုင်း(၅၃)
၆း၁၅ Top Magic
၆း၃၅ Meet Whith The Celebrities
-အမျိုးသားရေးတေးကဗျာ
-VOA အင်္ဂလိပ်စာသင်ခန်းစာ
-ရယ်စရာပျော်စရာဟာသကမ္ဘာ
-ယနေ့ညအတွက်မြဝတီ၏တေးလက်ဆောင်

## ကော်စတာဟာ ကြီးကျယ်ခမ်းနားတဲ့ ကစားသမားကောင်းပါ

စပိန်တိုက်စစ်မှူး ဒီယေဂိုကော်စတာမှာ ကွင်းအတွင်းရောက်ရှိသည်နှင့် တစ်ပြိုင်နက် သူ၏ကြီးကျယ်ခမ်းနားမှုကို ပြသနိုင်သူဖြစ်ကြောင်း စပိန်နည်းပြ လာပက်တက်ဂီက ချီးကျူးစကားဆိုလိုက်သည်။ ကော်စတာမှာ ခြေစွမ်းကောင်းသူဖြစ်သော်လည်း အသင်းဟန်ချက်ညီရေးတွင် အဆိပ်အတောက်တစ်ရပ်ဖြစ်သူဟု မှတ်ယူပြီး စပိန်အသင်းနည်းပြဟောင်း ဒယ်လ်ဘော့စကေးက ယူရို ၂၀၁၆ ပြိုင်ပွဲတွင် မရွေးချယ်ခဲ့ပေ။ သို့သော် နည်းပြသစ် လာပါတက်ဂီ ရောက်ရှိလာပြီးနောက် ကော်စတာမှာ အသင်း၏ အဓိကတိုက်စစ်မှူးအဖြစ် ပွဲထွက်ကစားခွင့်ရခဲ့ကာ လက်ချင်စတိန်းအားရှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် အနိုင်ဂိုးနှစ်ဂိုး သွင်းယူနိုင်ခဲ့သည်။ **(မေလှဲ့သင်း)**

## ဝေလအသင်းအတွက် သမိုင်းကြောင်းပြောင်းလဲရန် အချိန်ရောက်ရှိပြီဟု ဂါရတ်ဘေးလ်ယုံကြည်

ဝေလအသင်းအနေဖြင့် ဘောလုံးသမိုင်းကြောင်းသစ်ရေးထိုးရန် အကောင်းဆုံးအခြေအနေတစ်ရပ်ရောက်ရှိနေပြီး ကမ္ဘာ့ဖလားခြေစစ်ပွဲဦးထွက်တွင် မက်ဆီဒိုးနီးယားအသင်းအား အနိုင်ရရှိခဲ့ခြင်းက အလွန်အရေးပါကြောင်း ဝေလကြယ်ပွင့် ဂါရတ်ဘေးလ်က ဆိုလိုက်သည်။ အဆိုပါပွဲစဉ်တွင် ဂါရတ်ဘေးလ်မှာ အသင်းအတွက် အနိုင်ဂိုးနှစ်ဂိုးသွင်းယူခဲ့ပြီးနောက် ယခုကဲ့သို့ ပြောကြားလိုက်ခြင်းဖြစ်သည်။ ဝေလအသင်းသည် ၂၀၁၄ ခုနှစ်နောက်ပိုင်း ခြေစွမ်းပိုင်းများစွာတိုးတက်လာခဲ့ပြီး ၂၀၁၆ ယူရိုဖလားပြိုင်ပွဲတွင်လည်း အကြို ဗိုလ်လုပွဲအထိ တက်လှမ်းနိုင်ခဲ့သည်။ ယင်းသို့ အလျင်အမြန် တိုးတက်လာမှုက ဝေလလူငယ် အကယ်ဒမီ စီမံကိန်းများနှင့် ပရီမီယာလိဂ်အသင်းများကြား ချုပ်ဆိုထားသည့် စာချုပ်များ၏ အကျိုးဆက်ကြောင့်ဖြစ်သည်။ **(မေလှဲ့သင်း)**

## မိမိ၏အရည်အချင်းအစစ်အမှန်ကို မော်ရင်ဟိုမမြင်ဟု မာရှယ်လ်စွပ်စွဲ

မန်ယူတိုက်စစ်မှူး အန်ထော်နီမာရှယ်လ်က ယခုနှစ်ဘောလုံးရာသီအစမှာ သူ့အတွက် သိပ်ခက်ခဲခဲ့ပြီး မော်ရင်ဟိုမှာ သူ၏အကောင်းဆုံးပုံစံကို မြင်အောင်ကြည့်ရှုနိုင်ခဲ့သူ မဟုတ်ကြောင်း စွပ်စွဲပြောကြားလိုက်သည်။ အသက်(၂၀) အရွယ် မာရှယ်လ်မှာ ပြီးခဲ့သည့်ဘောလုံးရာသီက ပြင်သစ်ပထမတန်းကလပ် မိုနာကိုမှ မန်ယူသို့ ပြောင်းရွှေ့ကြေး ပေါင် ၃၆ သန်းဖြင့် ပြောင်းရွှေ့ခဲ့သူဖြစ်ပြီး သွင်းဂိုး ၁၇ ဂိုးအထိ သွင်းယူနိုင်ခဲ့သည်။ မာရှယ်လ်မှာ ယှဉ်ပြိုင်ပြီးစီးခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ်သုံးပွဲတွင် မန်ယူအတွက် ပွဲထွက်ကစားခွင့်မရသေးဘဲ အရန်ကစားသမားအဖြစ်သာ မော်ရင်ဟိုက အသုံးပြုခဲ့သည်။ ယူရို ၂၀၁၆ ပြိုင်ပွဲအတွင်း ပြင်သစ်အသင်းမှာ ဗိုလ်လုပွဲအထိ တက်လှမ်းနိုင်ခဲ့သော်လည်း ပွဲစဉ်ခုနစ်ပွဲအတွင်း ၄၅ မိနစ်သာ ကစားခွင့်ရခဲ့သည်။ **(မေလှဲ့သင်း)**

# စပိန်၊ အီတလီနှင့် ဝေလတို့ နိုင်ပွဲကိုယ်စီရရှိခဲ့သည့် ကမ္ဘာ့ဖလားခြေစစ်ပွဲ





ရုရှားနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲ၏ ခြေစစ်ပွဲစဉ်များကို စက်တင်ဘာ ၅ ရက်ညပိုင်းက ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ စပိန်အသင်း၊ အီတလီအသင်းနှင့် ဝေလအသင်းတို့ နိုင်ပွဲကိုယ်စီရရှိခဲ့ကြသည်။

စက်တင်ဘာ ၅ ရက် ညပိုင်းခြေစစ်ပွဲစဉ်များအဖြစ် အုပ်စုသုံးအုပ်စုယှဉ်ပြိုင်ကစားခဲ့ရာ အုပ်စု(D)တွင် ဆားဘီးယားအသင်းနှင့် အိုင်ယာလန်အသင်းတို့ပွဲစဉ်၌ တစ်ဖက်နှစ်ဂိုးစီသရေရလဒ်သာထွက်ပေါ်ခဲ့ပြီး ဝေလအသင်းနှင့် မော်ဒိုဗာအသင်းတို့ပွဲစဉ်တွင် ဝေလအသင်းက လေးဂိုးပြတ်ဖြင့်လည်းကောင်း၊ ဂျော်ဂျီယာအသင်းနှင့် ဩစတြီးယားအသင်းတို့ပွဲစဉ်တွင် ဩစတြီးယားအသင်းက ဂျော်ဂျီယာအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း နိုင်ပွဲများရရှိခဲ့ကြသည်။

ဝေလအသင်းနှင့် မော်ဒိုဗာအသင်းတို့ပွဲစဉ်တွင် ဝေလအသင်းသည် ဆမ်ဗုက်ခ်နှင့် ဂျိုးအယ်လ်လန်းတို့၏ သွင်းဂိုးနှစ်ဂိုးဖြင့် ပထမပိုင်းပွဲကစားချိန်တွင် ဦးဆောင်နိုင်ခဲ့ပြီး ဝေလအသင်း၏ အားထားရသည့် တိုက်စစ်မှူး ဂါရတ်ဘေးလ်က ဒုတိယပိုင်းတွင် နှစ်ဂိုးသွင်းယူပေးနိုင်ခဲ့ခြင်းကြောင့် ဝေလအသင်းက လေးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ဝေလအသင်းသည် အုပ်စု(D)တွင် ဂိုးကွာခြားချက်ဖြင့် ဩစတြီးယားအသင်းကို ကျော်ဖြတ်ကာ အုပ်စုအဆင့်တွင် ထိပ်ဆုံး၌ရပ်တည်နိုင်ခဲ့သည်။ ဝေလအသင်းသည် ၂၀၁၈ ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်၏ နောက်လာမည့် ပွဲစဉ်အဖြစ် အောက်တိုဘာ ၆ ရက်တွင် ဩစတြီးယားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ နှစ်ပေါင်း ၆၀ အတွင်း ပထမဆုံးအကြိမ်အဖြစ် ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ခွင့်ရရှိရန်လည်း ဝေလအသင်းနည်းပြ ကိုးလ်မန်းက မျှော်လင့်ထားသည်။

အုပ်စု(G)ပွဲစဉ်များတွင်မူ စပိန်အသင်းနှင့် လက်ချင်စတိန်းအသင်းတို့ပွဲစဉ်တွင် စပိန်အသင်းက ရှစ်ဂိုး-ဂိုးမရှိ ဖြင့်လည်းကောင်း၊ အစ္စရေးအသင်းနှင့် အီတလီအသင်းတို့ပွဲစဉ်တွင် အီတလီအသင်းက သုံးဂိုး-တစ်ဂိုးဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ကြပြီး အယ်လ်ဘေးနီးယားအသင်းနှင့် မက်ဆီဒိုးနီးယားအသင်းတို့ပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီသရေရလဒ်သာ ထွက်ပေါ်ခဲ့သည်။ စပိန်အသင်းနှင့် လက်ချင်စတိန်းအသင်းတို့ပွဲစဉ်တွင် စပိန်အသင်းအတွက် သွင်းဂိုးများကို ဒီယေဂိုကော်စတာက နှစ်ဂိုး၊ ရောဘတ်တိုက တစ်ဂိုး၊ ဆေးလ်ဗားက နှစ်ဂိုး၊ ဗီတိုလိုက တစ်ဂိုးနှင့် မိုရာတာက နှစ်ဂိုး အသီးသီးသွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ဒီယေဂိုကော်စတာသည် ယခုပွဲစဉ်တွင် နှစ်ဂိုးသွင်းယူပေးနိုင်ခဲ့ခြင်းကြောင့် စပိန်အသင်းနှင့်အတူ ဂိုးပေါက်ပျောက်ဆုံးနေမှုကို အဆုံးသတ်နိုင်ခဲ့ပြီဖြစ်သည်။ စပိန်အသင်းသည် လက်ရှိတွင် အီတလီအသင်းနှင့်အတူ ရမှတ်သုံးမှတ်ရရှိထားပြီး ဂိုးကွာခြားချက်ကြောင့် အုပ်စုတွင် ထိပ်ဆုံးမှရပ်တည်နိုင်ခဲ့သည်။

အုပ်စု(I)ပွဲစဉ်များအဖြစ် ခရိုအေးရှားအသင်းနှင့် တူရကီအသင်း၊ ဖင်လန်အသင်းနှင့် ကိုဆိုဗိုအသင်း၊ ယူကရိန်းအသင်းနှင့် အိုက်စလန်အသင်း စသည့်ပွဲစဉ်များ ယှဉ်ပြိုင်ကစားခဲ့ပြီး ပွဲစဉ်အားလုံးတစ်ဖက်တစ်ဂိုးစီသရေရလဒ်သာ ထွက်ပေါ်ခဲ့သည်။ **(ငွေကြယ်)**



## ဘရာဇီးအသင်းခေါင်းဆောင်တာဝန်ကို အလှည့်ကျထမ်းဆောင်စေမည်

ဘရာဇီးနည်းပြတိုက်တီက ဘရာဇီးအသင်းခေါင်းဆောင်အဖြစ် ကစားသမားတစ်ဦးတည်းကို ပုံမှန်ခန့်အပ်သွားရန် ဆန္ဒမရှိဘဲ အလှည့်ကျစနစ်ကိုသာ ကျင့်သုံးသွားမည်ဖြစ်ကြောင်း အတည်ပြုခဲ့သည်။ ဘရာဇီးအသင်းခေါင်းဆောင်လက်ပတ်ကို အသင်းသားများ အလှည့်ကျဝတ်ဆင်ခွင့်ရရှိကြမည်ဖြစ်ပြီး ကိုလံဘီယာနှင့် ယှဉ်ပြိုင်မည့် ကမ္ဘာ့ဖလားခြေစစ်ပွဲတွင် အသင်းခေါင်းဆောင်အဖြစ် ဒန်နီအဲဗက်စ်က တာဝန်ယူသွားမည်ဖြစ်သည်။

နည်းပြ တိုက်တီသည် ပြီးခဲ့သည့်ရာသီ ကိုရင်သီယန်အသင်းအား ကိုင်တွယ်ခဲ့စဉ် လုပ်ဆောင်ခဲ့သည့် ပုံစံအတိုင်း အသင်းခေါင်းဆောင်လက်ပတ်ကို အလှည့်ကျပုံစံဖြင့်သာ အပ်နှင်းရန်စီစဉ်နေခြင်းဖြစ်သည်။ အိုလံပစ်ပြိုင်ပွဲတွင် ဘရာဇီးအသင်းခေါင်းဆောင်အဖြစ် တာဝန်ယူခဲ့သူ နေမာက ပြိုင်ပွဲအပြီး အသင်းခေါင်းဆောင်လက်ပတ်ကို စွန့်လွှတ်ကြောင်းကြေညာပြီးနောက် နည်းပြတိုက်တီအနေဖြင့် အသင်းခေါင်းဆောင်သစ်တစ်ဦးကို ပုံမှန်တာဝန်ပေးအပ်ရန် မျှော်လင့်ကြောင်း ပြောကြားခဲ့သည်။ သို့သော် တိုက်တီက ဘရာဇီးအသင်းမှာ ခေါင်းဆောင်အရည်အချင်းပြည့်ဝသူများပြားနေခြင်းကြောင့် ယခုကဲ့သို့ အလှည့်ကျတာဝန်ယူစေခြင်းက အကောင်းဆုံးအဖြေတစ်ရပ်ကို ထုတ်ပေးနိုင်မည်ဟု ယူဆသည်။

ယခုအပတ်ခြေစစ်ပွဲများတွင် အသင်းခေါင်းဆောင် တာဝန်ယူမည့် ဒန်နီအဲဗက်စ်ကမူ ကစားသမားတိုင်းမှာ အသင်းကိုချစ်သည့် စိတ်အပြည့်ဖြင့်သာ ကစားကြသည်ဖြစ်ရာ အသင်းခေါင်းဆောင်ဆိုသည့် ဂုဏ်ဒြပ်မှာ သိက္ခာကြီးမားသော်လည်း သိပ်ပြီးအရေးကြီးသည့် ကိစ္စတစ်ရပ်မဟုတ်ကြောင်း တုံ့ပြန်လိုက်သည်။ ကိုလံဘီယာအားရင်ဆိုင်မည့် ဘရာဇီးအသင်း ပထမပွဲထွက်လူစာရင်းတွင် အလစ်ဆန်၊ ဒန်နီအဲဗက်စ်၊ မာကွင်ဟို၊ မာဆယ်လို၊ကက်ဆီမီရို၊ ပေါလင်ဟို၊ ရော်ကတ်ထရီ၊ဝီလီယံ၊ နေမာနှင့် ဂါဘရီယယ်ဂျီးဆပ်ဇ်တို့ဖြစ်ကြောင်း သိရသည်။ **(မေလှဲ့သင်း)**

## ဥရောပကလပ်အသင်းတစ်ခုနှင့် အကြိုသဘောတူညီချက်ရယူရေး ကြိုးပမ်းနေပြီဖြစ်သည့် ယာယာတိုရေး

မန်စီးတီး ကွင်းလယ်လူ ယာယာတိုရေးမှာ လာမည့် ဇန်နဝါရီ ဈေးကွက် ဖွင့်လှစ်ချိန်အရောက်တွင် အဆင်သင့် အသင်းပြောင်းရွှေ့နိုင်ရန်အတွက် ဥရောပကလပ်အသင်းတစ်ခုနှင့် အကြိုသဘောတူညီချက် လက်မှတ်ရေးထိုးရန် ပြင်ဆင်နေပြီဖြစ်ကြောင်း ယာယာတိုရေး၏ ကိုယ်စားလှယ်ဖြစ်သူ ဒီမီထရီဆီလပ်ခ်က ထုတ်ဖော်ပြောကြားလိုက်ပြီဖြစ်သည်။ မန်စီးတီးနည်းပြသစ် ဂွါဒီယိုလာ၏ ချန်ပီယံလိဂ် လူစာရင်းတွင် ပါဝင်ခွင့်မရရှိခဲ့သော တိုရေးအနေဖြင့် အသင်းပြောင်းရွှေ့ရန်ဆုံးဖြတ်ခဲ့ပြီးနောက် ယခုကဲ့သို့ အကောင်အထည်ဖော် ဆောင်ရွက်လာခြင်းဖြစ်သည်။

ဆီလပ်ခ်က ယာယာတိုရေးအား ချန်လှပ်ခဲ့ခြင်းကို ဂွါဒီယိုလာ တစ်ယောက်တည်းကသာ ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပြီး အဆိုပါကိစ္စရပ် နောက်ဆက်တွဲအဖြစ် မန်စီးတီးအသင်းကို အာဖရိက ပရိသတ်များ မုန်းတီးနေကြပြီဖြစ်ကြောင်း သတိပေးစကားဆိုလိုက်သည်။ ယာယာတိုရေးမှာ အာဖရိက အကောင်းဆုံးကစားသမားဆု လေးကြိမ်အထိ ဆွတ်ခူးထားသူဖြစ်ပြီး အာဖရိကတိုက်၏ သူရဲကောင်းတစ်ဦးအဖြစ် ရှုမြင်ခံထားရသူဖြစ်သည်။

ဆီလပ်ခ်က "အခုလို ဂွါဒီယိုလာရဲ့ ဆုံးဖြတ်ချက်ကြောင့် မန်စီးတီးအသင်းအနေနဲ့ အာဖရိကပရိသတ်သန်းနဲ့ချီပြီး ဆုံးရှုံးသွားပါပြီ။ အခုဆို သူတို့တွေက မန်ယူအသင်းကိုပဲ ပြောင်းလဲအားပေးကြတော့မှာပါ" ဟု ဆိုလိုက်သည်။

ယာယာတိုရေးမှာ လွန်ခဲ့သည့်လေးနှစ်တာကာလကလည်း ယင်းအချိန် ဘာစီလိုနာ နည်းပြ တာဝန်ယူခဲ့သူ ဂွါဒီယိုလာ၏ ထုတ်ရောင်းခံခဲ့ရသည့် ကစားသမားဖြစ်ခဲ့ကာ မန်စီးတီးအသင်းသို့ ပြောင်းရွှေ့လာခဲ့ခြင်းဖြစ်သည်။ ၎င်းမှာ မူလက မန်စီးတီးနှင့် စာချုပ်သက်တမ်းကုန်ဆုံးမည့် ယခုနှစ်ဘောလုံးရာသီအကုန်မှသာ အသင်းမှထွက်ခွာရန် စီစဉ်ထားသော်လည်း ချန်ပီယံလိဂ်လူစာရင်းမှ ချန်လှပ်ခံရပြီးနောက် ဆုံးဖြတ်ချက်ပြောင်းလဲသွားခဲ့ခြင်း ဖြစ်သည်။

ယာယာတိုရေးအား ကမ်းလှမ်းထားသည့် ကလပ်အများအပြားရှိသော်လည်း အင်္ဂလန်ပြင်ပ ဥရောပကလပ်အသင်းတစ်ခုသို့သာ သွားရောက်ကစားမည်ဖြစ်ကြောင်းလည်း သိရသည်။ ယာယာတိုရေးမှာ ဂွါဒီယိုလာ၏ ကိုယ်အလေးချိန်လျှော့ချရမည့် ကစားသမားစာရင်းတွင် ပါဝင်ခဲ့သူဖြစ်ပြီး လက်ရှိတွင် ကိုယ်အလေးချိန် ခုနစ်ကီလိုအထိ ကျဆင်းသွားပြီဖြစ်သော်လည်း ယင်းပမာဏမှာ ဂွါဒီယိုလာအတွက် လုံလောက်မှုမရှိခဲ့ဟုလည်း ဆီလပ်ခ်က ဝေဖန်သွားခဲ့သည်။ **(မေလှဲ့သင်း)**



# အမှတ်(၅)စက်မှုသင်တန်းကျောင်းမှ ငါးနှစ်တာသင်တန်းကာလအတွင်း သင်တန်းသား ၇၄၀ ခန့်ကို ပညာရှင်အဖြစ်မွေးထုတ်ပေးနိုင်ခဲ့



**မကွေး စက်တင်ဘာ ၆**

မကွေးမြို့မှ ၇ မိုင်ခန့်အကွာ မကွေး-တောင်တွင်း တိုးဂိတ်အနီးမှ တောင်ဘက်၊ မယ်လှတောင်ရွာအဝင်လမ်းအတိုင်း ၃ မိုင်ခန့်၌ အမှတ်(၅) စက်မှုသင်တန်းကျောင်းရှိပြီး ဆယ်တန်းကျ၍ စိတ်ပျက်အားငယ်နေသူ လူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်း သေချာစွာ ဘဝကိုထူထောင်နိုင်ခွင့်ရှိသည့် တစ်နှစ်ဒီပလိုမာ သင်တန်းအား နှစ်စဉ်ဖွင့်လှစ် သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

စက်မှုသင်တန်းကျောင်းတွင် ကားပြင်ထိန်းသိမ်းခြင်းဘာသာရပ် (Automobile Maintenance Course ) နှင့် စက်ရုံ အလုပ်ရုံများတွင် လုပ်ကိုင်လျက်ရှိသော ကွန်ပျူတာအသုံးပြု ဒီဇိုင်းရေးဆွဲခြင်းဘာသာရပ် ( CAD/CAM Course) ဟူ၍ ဘာသာရပ်နှစ်ခုကို သင်တန်းအပတ်စဉ်(၅)အထိ ဖွင့်လှစ်သင်ကြားခဲ့ပြီးဖြစ်ကာ သင်တန်းသူ၊ သင်တန်းသား ၇၄၀ ခန့်ကို အတတ်ပညာရှင်များအဖြစ် မွေးထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ လူမှုပတ်ဝန်းကျင်တစ်ခုလုံးက ဘွဲ့ရမှဆိုတဲ့ အတွေးအခေါ်တွေရှိပြီးတော့ ၁၀ တန်းမအောင်ရင် လူက လူစဉ်ပဲမမီတော့သလို၊ လူတောတိုးလို့မရသလို ကလေးတွေ ဆက်ဆံခံနေရတယ်။ ဘွဲ့ရတာကတော့ ကောင်းပါတယ်။ ဒါပေမယ့် ဖွံ့ဖြိုးပြီးသား နိုင်ငံဖြစ်တဲ့ ဂျာမနီနိုင်ငံဆိုရင် ဘွဲ့ဘက်ကိုသွားတဲ့ ကျောင်းသားဦးရေ ၂၀ ရာခိုင်နှုန်းလောက်ပဲ ရှိပါတယ်။ အသက်မွေးဝမ်းကျောင်းဘာသာရပ်ကို ပိုပြီးဦးစားပေးကြတာပါ။ ဒီစက်မှုသင်တန်းတင် ပြောတာမဟုတ်ပါဘူး။ တခြား ကိုယ်ဝါသနာပါတဲ့ လုပ်ငန်းတွေကို ကျွမ်းကျင်အောင်လုပ်ရင် ဒါဟာလည်းပညာရှင်ဖြစ်ဖို့၊ အောင်မြင်ဖို့ သေချာတဲ့ကိစ္စပါပဲ" ဟု အမှတ်(၅)စက်မှုသင်တန်းကျောင်းအုပ်ကြီး ဦးသန့်ဇင်က ပြောသည်။

အဆိုပါကျောင်း၌ အခြေခံပညာအထက်တန်းအောင်သည်ဖြစ်စေ၊ ရှုံးသည်ဖြစ်စေ ၁၀ တန်းဖြေဆိုဖူးသူ အသက် ၁၇ နှစ် မှ ၂၅ နှစ်ကြားရှိ ကျောင်းသူ၊ ကျောင်းသားများကို လက်ခံကာ တစ်ပတ်စဉ်လျှင် သင်တန်းသူ၊ သင်တန်းသား ၁၅၀ ဖြင့် သင်ကြားပို့ချပေးကြောင်း၊ နိုင်ငံတကာအဆင့်မီ စက်ပစ္စည်းများကိုအသုံးပြု၍ လက်တွေ့ ၇၀ ရာခိုင်နှုန်း၊ စာတွေ့ ၃၀ ရာခိုင်နှုန်းဖြင့် သင်တန်းပို့ချမှုများကြောင့် ကျောင်းဆင်းသွားသော ကျောင်းသား၊ ကျောင်းသူ ၉၀ ရာခိုင်နှုန်းမှာ မြန်မာနိုင်ငံတွင်းသာမက ဂျပန်၊ မလေးရှားစသောနိုင်ငံများတွင်လည်း လစာကောင်းကောင်းဖြင့် အလုပ်လုပ်ကိုင်နေကြကြောင်း ကျောင်းသားရေးရာဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကျော်ခင်ထံမှ သိရသည်။

"ဒီသင်တန်းကျောင်းကပို့ချတဲ့ ဘာသာရပ်တွေကို စိတ်ဝင်စားတယ်။ စက်ပြင်တာလည်း ဝါသနာပါတယ်။ ဒီ သင်တန်းကဆင်းရင် အပြင်ကစက်ရုံအလုပ်ရုံတွေမှာ ဝင်ရောက်လုပ်ကိုင်ရင်း ပညာတွေသင်ဦးမှာပါ။ ပြီးမှ ကိုယ်ပိုင်စက်ရုံကြီး တည်ထောင်ဖို့အထိ ရည်မှန်းထားပါတယ်" ဟု ပုဂံညောင်ဦးမြို့မှ လာရောက်ပညာသင်ကြားနေသော ကျောင်းသားတစ်ဦးက သူ၏ရည်မှန်းချက်ကို ပြောသည်။

စက်မှုသင်တန်းကျောင်း တက်ရောက်မည့် ကျောင်းသားများအနေနှင့် ပထမကျောင်းစတက်သောလတွင် ယူနီဖောင်းစရိတ်ကုန်စရာရှိပြီး တစ်လလျှင် သုံးနပ်စာ စားစရိတ် ကျပ် ၂၅၀၀၀ သာပေးဆောင်၍ အဆောင်စရိတ်၊ ရေ၊ မီး ပူစရာမလိုဘဲ နိုင်ငံတော်မှထောက်ပံ့မှုများပြုလုပ်ပေးထားကြောင်း၊ သင်တန်းဆရာများအဖြစ် စက်ရုံအလုပ်ရုံများတွင် အတွေ့အကြုံရှိပြီးသူများ၊ BE/GTI ဘွဲ့ရသူများထဲမှ သင်ကြားချင်စိတ်ရှိသူများကို ကိုရီးယားနိုင်ငံသို့ စေလွှတ်ပညာသင်စေခြင်း ဆောင်ရွက်ပြီး ကိုရီးယားနိုင်ငံဆရာများမှ လာရောက်သင်ကြားပို့ချထားသော အတတ်ပညာရှင်များအားလည်း ကျောင်းသူ၊ ကျောင်းသားများကို ပြန်လည်သင်တန်းပို့ချရန် တာဝန်ပေးထားကြောင်း သိရသည်။

မြန်မာနိုင်ငံ၌ စက်မှုဝန်ကြီးဌာနအောက်ရှိ စက်မှုသင်တန်းကျောင်း ခြောက်ကျောင်းရှိပြီး အမှတ်(၅)စက်မှုသင်တန်းကျောင်း(မကွေး)ကို ကိုရီးယား-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရေးအတွက် ကိုရီးယားဘက်မှ ဒေါ်လာ သန်း ၃၀၀ နှင့် နည်းပညာ၊ စက်ပစ္စည်းများထောက်ပံ့ခဲ့ကာ မြန်မာနိုင်ငံဘက်မှ အဆောက်အအုံ၊ မြေ၊ ရေ၊ မီး တို့အတွက် ကျပ်သန်းပေါင်း၆၀၀၀ အကုန်အကျခံ၍ ၂၀၁၀ ခုနှစ်တွင် အုတ်မြစ်ချတည်ထောင်ခဲ့ကြောင်း၊ ၂၀၁၁ ခုနှစ်ဇူလိုင်လတွင် မြန်မာနိုင်ငံမှ လွှဲပြောင်းရယူခဲ့ပြီး ဩဂုတ်လ၌ စတင်သင်ကြားပေးခဲ့ကြောင်း သိရသည်။

**ဧယျာတု(မကွေး)**

## ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်မည့်နေရာအား ကွင်းဆင်းတိုင်းတာ၍အသိပညာပေးဟောပြော

**မတ္တရာ စက်တင်ဘာ ၆**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် တောင်ကန်ကျေးရွာအုပ်စု ကင်းကျေးရွာတွင် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်မည့် ကျစ်ချောင်တောင်အား ကွင်းဆင်းတိုင်းတာခြင်းနှင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၄ ရက် နံနက် ၁၀ နာရီက ပြုလုပ်ခဲ့ကြောင်းသိရသည်။

ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်မည့် ကျစ်ချောင်တောင်အား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်အေးနှင့် ဦးမင်းမင်း၊ မတ္တရာမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးသန်းကျော်၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ မြေတိုင်းဝန်ထမ်းများ၊ တောင်ကန်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးရွာကော်မတီဝင်များ၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်မည့် စီမံအုပ်ချုပ်မှု ကော်မတီဝင်များ၊ အသုံးပြုသူများ အဖွဲ့ကော်မတီဝင်များ၊ ကျေးရွာရပ်မိရပ်ဖများနှင့်အတူ ကွင်းဆင်းစစ်ဆေးတိုင်းတာရာ စုစုပေါင်း ၁၀၄၆ ဒသမ ၄၈ ဧကခန့်ရှိကြောင်း သိရသည်။



ယင်းနောက် ဒေသခံပြည်သူ အစု အဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်းဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ဆက်လက်ကျင်းပရာ မတ္တရာမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးသန်းကျော်က ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်း လုပ်ငန်းတွင် အဆင့်ကိုးဆင့်ရှိရာ ပထမအဆင့်အနေဖြင့် ဒေသခံပြည်သူများမှ အစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်းဆိုင်ရာ သတင်းအချက်အလက်များ လက်ခံရယူခြင်း၊ ဒုတိယအဆင့်နေဖြင့် စိတ်ပါဝင်စားသူ ဒေသခံပြည်သူများမှ အသုံးပြုသူများအဖွဲ့ဖွဲ့စည်းခြင်း၊ တတိယအဆင့်အနေဖြင့် အသုံးပြုသူများအဖွဲ့မှ စီမံခန့်ခွဲမှုကော်မတီဖွဲ့စည်းခြင်းဖြစ်ပြီး အဆိုပါ တတိယအဆင့်မှာ ဖွဲ့စည်းပြီးပြုလုပ်ပြီးဖြစ်သည့်အတွက် စတုတ္ထအဆင့်အနေဖြင့် အသုံးပြုသူများအဖွဲ့မှ သစ်တောဝန်ထမ်းများနှင့်အတူ မြေနေရာရွေးချယ်ခြင်း၊ တိုင်းတာခြင်းများပြုလုပ်ခြင်းတို့ကို လာရောက်ကွင်းဆင်းဆောင်ရွက် ပေးခြင်းဖြစ်ကြောင်း၊ ကျန်ရှိသည့် အဆင့်ငါးဆင့်ကိုလည်း ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း၊ အသေးစိတ်ရှင်းလင်း ဟောပြောဆွေးနွေးခဲ့ပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမင်းမင်းက ဒေသခံပြည်သူများ ပူးပေါင်းပါဝင်မှုသာ အောင်မြင်မည်ဖြစ်ကြောင်း ထပ်မံဖြည့်စွက်ဆွေးနွေးခဲ့သည်။ ဒေသခံပြည်သူများ၏ မေးမြန်းဆွေးနွေးချက်များကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**

## မကွေးမြို့ မြင်ကွန်းတိုက်နယ်ဆေးရုံ ဆောက်လုပ်ရန် မြေနေရာလှူဒါန်း

**မကွေး စက်တင်ဘာ ၆**

မကွေးမြို့ မြင်ကွန်းကျေးရွာအုပ်စုတွင် တိုက်နယ်ဆေးရုံ ဆောက်လုပ်ရန်အတွက် မြေနေရာလှူဒါန်းခြင်း အခမ်းအနားကို စက်တင်ဘာ ၃ ရက် က မြင်ကွန်းကျေးရွာ၌ ပြုလုပ်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆန်း တက်ရောက်အမှာစကား ပြောကြားခဲ့သည်။

ယင်းနောက် မြင်ကွန်းတိုက်နယ်ဆေးရုံဆောက်လုပ်ရန်အတွက် မြေနေရာလှူဒါန်းသူ ဦးဟန်ထွန်းက မြေလှူဒါန်းရခြင်းအား ရှင်းလင်းပြောကြားခဲ့သည်။ ဆက်လက်ပြီး အလှူရှင် ဦးဟန်ထွန်းက မြေယာနှင့် ပတ်သက်သည့် အထောက်အထား စာရွက်စာတမ်းများကို ပေးအပ်လှူဒါန်းပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆန်းက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

မြင်ကွန်းတိုက်နယ်ဆေးရုံဆောက်လုပ်ရန်အတွက် အလှူရှင် ဦးဟန်ထွန်းက မြင်ကွန်းကျေးရွာ ကွင်းအမှတ် ၁၇၄၅၊ ဦးပိုင်အမှတ် ၂၇/၁၊ အကျယ်လေးဧကရှိသော မြေနေရာကိုလှူဒါန်းခဲ့ခြင်းဖြစ်ပြီး ဆေးရုံဆောက်လုပ်ခွင့်ရရှိရန်အတွက် မကွေးတိုင်းဒေသကြီးအစိုးအဖွဲ့သို့ တင်ပြထားကြောင်းနှင့် မြင်ကွန်းတိုက်နယ်ဆေးရုံ ဆောက်လုပ်ပါက မြင်ကွန်းတိုက်နယ်အတွင်း ကျေးရွာအုပ်စု ခုနစ်အုပ်စု၊ လူဦးရေ ၅၇၅၇ ဦးနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများရှိ ပြည်သူများအတွက် အားကိုးစရာတိုက်နယ်ဆေးရုံတစ်ခု ဖြစ်လာမည်ဖြစ်သည်။

**ညီညီမောင်(မကွေး)**

## လွိုင်ကော်မြို့၌ မိုင်းအခြေခံသဘောတရားနှင့် မိုင်းအန္တရာယ်ကာကွယ်ရေးပစ္စည်းများ အသုံးပြုနည်း ဆင့်ပွားသင်တန်းဖွင့်

**လွိုင်ကော် စက်တင်ဘာ ၆**

မိုင်းအခြေခံသဘောတရားနှင့် မိုင်းအန္တရာယ် ကာကွယ်ရေးပစ္စည်းများကိုင်တွယ်အသုံးပြုနည်း (ဆင့်ပွား) သင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၅ ရက် နံနက် ၈ နာရီခွဲက ကယားပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး သင်တန်းခန်းမ၌ ကျင်းပခဲ့သည်။

ယင်းနေ့ သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် ကယားပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမိုးမောင်သန်းက အဖွင့်အမှာ စကားပြောကြားခဲ့သည်။

ယင်းသင်တန်းသို့ သင်တန်းသား ၃၀ တက်ရောက်ခဲ့သည်။

သင်တန်းကာလမှာ စက်တင်ဘာ ၅ ရက်မှ စက်တင်ဘာ ၁၆ ရက်အထိ ဖြစ်ကြောင်း သိရသည်။

**ကိုစိုင်း(လွိုင်ကော်)**

## အခြေခံပညာမူလတန်းဆင့် ဘာသာရပ်ဆိုင်ရာ အရည်အသွေးမြှင့်တင်ရေးအလုပ်ရုံဆွေးနွေးပွဲ ထီးချိုင့်မြို့၌ပြုလုပ်

**ထီးချိုင့် စက်တင်ဘာ ၆**

၂၀၁၆ - ၂၀၁၇ ပညာသင်နှစ် အခြေခံပညာ မူလတန်းအဆင့် ဘာသာရပ်ဆိုင်ရာ အရည်အသွေးမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကို စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့ အခြေခံပညာအထက်တန်းကျောင်း သခင်မြမောင်ခန်းမ၌ စက်တင်ဘာ ၃ ရက် နံနက် ၉ နာရီက ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဦးခင်မောင်လွင်က ဆွေးနွေးပွဲပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကိုပြောကြားခဲ့ပြီး ဒုတိယမြို့နယ်ပညာရေးမှူး ဦးမိုးဟိန်းက အလုပ်ရုံဆွေးနွေးပွဲနှင့် ပတ်သက်သော စည်းမျဉ်းစည်းကမ်းများ၊ တည်းခိုနေထိုင်ရာနေရာနှင့် ဆွေးနွေးပွဲဆိုင်ရာ အချက်အလက်များ ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါဆွေးနွေးပွဲအား သုံးရက်ကြာ ပြုလုပ်ပြီး ထီးချိုင့်မြို့နယ်အတွင်းရှိ အခြေခံပညာသင်ကျောင်း ၁၂၈ ကျောင်းမှ စတုတ္ထတန်းသင်ကြားသည့် ဆရာ၊ ဆရာမ ၂၂၆ ဦး၊ နည်းပြ ဆရာ၊ ဆရာမ ၁၀ ဦး တက်ရောက်ကြကြောင်း သိရသည်။

**(ကျော်-ထီးချိုင့်)**

## ခေါင်းဆောင်မှုနှင့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုသင်တန်း ကျောင်းကုန်းမြို့တွင် ဖွင့်လှစ်

**ကျောင်းကုန်း စက်တင်ဘာ ၆**

ခေါင်းဆောင်မှုနှင့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုသင်တန်း (Leadership. and. Disaster. Management. Training) ဖွင့်လှစ်ပွဲကို ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် ပြည်သူ့ဆေးရုံဝင်းအတွင်းရှိ ဒေါ်သန်းတင်ခန်းမဆောင်၌ စက်တင်ဘာ ၅ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ကိုယ်စား လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာသံလွင်အောင်က အဖွင့်အမှာစကားပြောကြားပြီး JOICFP စီမံချက်မန်နေဂျာ ဂျပန်အမျိုးသမီး Ms. Makoto. Yaguchi (Deputy. Project. Manager)က သင်တန်းဖွင့်လှစ်ရခြင်း အကြောင်းပြောကြားရာ မြို့နယ်ဆရာဝန်ကြီးက စကားပြန်အဖြစ် ဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် မြို့နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာအေးနိုင်က ကျေးဇူးတင်စကားပြောကြား၍ သင်တန်းနှင့်ပတ်သက်သည်များကို ရှင်းလင်းပြောကြားခဲ့သည်။ သင်တန်းသို့ ကျောင်းကုန်းမြို့နယ်အတွင်းရှိ ပြည်သူ့ကျန်းမာရေးဝန်ထမ်းများ၊ ကုသရေးဝန်ထမ်းများ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ သုံးရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

## ရေကျော်ဈေးအနံ့ဆိုးထုတ်လွှတ်မှုကြောင့် ရပ်ကွက်နေပြည်သူများ အနံ့မခံနိုင်အောင်ဖြစ်

**ရန်ကုန် စက်တင်ဘာ ၆**

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်ရှိ ရေကျော်ဈေး၌ အနံ့ဆိုးထုတ်လွှတ်မှုကြောင့် ရပ်ကွက်နေပြည်သူများအနံ့မခံနိုင်အောင်ဖြစ်နေပြီး ရေရှည်တွင် ကျန်းမာရေးထိခိုက်နိုင်ကြောင်း ယင်းရပ်ကွက်နေပြည်သူများက ပြောသည်။

အဆိုပါ ရေကျော်ဈေးအား အဆင့်မြှင့်တည်ဆောက်ပြီးနောက် ဈေးရုံအတွင်း အနံ့အသက်ကောင်းစေရန်အတွက် အနံ့ဆိုးထုတ်ပန်ကာများတပ်ဆင်၍ ဈေးပြင်ပသို့ထုတ်လွှတ်လျက်ရှိသည်။ ထိုသို့ထုတ်လွှတ်ရာတွင် အနံ့ဆိုးထုတ်ခေါင်းတိုင်သည် မြေညီထပ်တွင်သာ ထားရှိသောကြောင့် ထုတ်လွှတ်မှုမှန်သမျှသည် ရပ်ကွက်အတွင်းသို့ ပျံ့နှံ့လျက်ရှိပြီး ရပ်ကွက်နေပြည်သူများအနေဖြင့် နေ့စဉ်အနံ့ဆိုးများရှူရှိုက်နေရကြောင်း ရပ်ကွက်နေပြည်သူများထံမှ သိရသည်။

ယင်းရပ်ကွက်နေပြည်သူတစ်ဦးက "ဈေးကို အဆင့်မြှင့်တင်တည်ဆောက်တာကောင်းပါတယ်။ ဈေးအတွင်း သားစိမ်း၊ ငါးစိမ်းစသဖြင့်ပေါ့။ အနံ့ဆိုးထွက်တဲ့ဟာတွေရှိတော့ အနံ့ဆိုးထုတ်တဲ့ပန်ကာတွေ တပ်ဆင်ပေးတာလည်း ကောင်းပါတယ်။ ဒါပေမယ့် အနံ့ဆိုးထုတ်တဲ့ခေါင်းတိုင်အပေါက်က မြေညီထပ်မှာထားရှိတော့ ထုတ်သမျှအနံ့တွေက ရပ်ကွက်ထဲကို အကုန်ရောက်တယ်။ ရပ်ကွက်နေပြည်သူတွေက နေ့စဉ်ရှူရှိုက်ရတယ်။ ရပ်ကွက်ထဲဆိုတော့ အသက်ကြီးသူတွေ၊ ကလေးသူငယ်တွေ၊ နာမကျန်းတဲ့သူတွေရှိတယ်။ ရပ်ကွက်နေပြည်သူတွေရဲ့ ကျန်းမာရေးကိုတော့ ထည့်တွက်သင့်တယ်။ ကျွန်တော်သိထားသလောက် ရန်ကုန်မြို့မှာ ဥပမာဆိုပါတော့ စားသောက်ဆိုင်ဖွင့်ရင် ညော်စုပ်ခေါင်းတိုင်ကို အောက်ထပ်မှာထားလို့မရဘူး။ အပေါ်ဆုံးထပ်ခေါင်မိုးထိရောက်အောင် ထားရတယ်။ဒါမှ အညော်က ရပ်ကွက်ထဲမရောက်မှာ။ စည်ပင်ကလည်း သတ်မှတ်ချက်ရှိတယ်။ အခုဟာက အဆင့်မြှင့်တင်ပြီး တည်ဆောက်တာဖြစ်တဲ့အတွက် အနံ့ဆိုးထုတ်တဲ့ ခေါင်းတိုင်ကို မြေညီမှာထားတော့ နားမလည်နိုင်အောင် ဖြစ်မိတယ်" ဟုပြောကြားသည်။

ဆက်လက်၍အနံ့ဆိုးထုတ်လွှတ်မှုနှင့်ပတ်သက်၍"သက်ဆိုင်ရာက အမြန်ဆုံးစီစဉ်ဆောင်ရွက်ပေးစေလိုပါတယ်။ ကျွန်တော်အပါအဝင် ရပ်ကွက်နေပြည်သူတွေရဲ့ဆန္ဒပါ" ဟု ၎င်းကပြောသည်။


အနံ့ဆိုးထုတ်လွှတ်သည့်ခေါင်းတိုင်ကို ဈေးမြေညီထပ်၌ တပ်ဆင်ထားစဉ်။

တစ်ဆက်တည်းမှာပင် ဈေးသူဈေးသားအချို့ကလည်း ဈေးအိမ်သာကြောင့် ဆိုင်ခန်းများ ယခုအချိန်ထိ မဖွင့်နိုင်သေးဘဲ ရပ်နားထားရပြီး ဈေးအိမ်သာအပေါက်ကို အမြန်ပြောင်းရွှေ့ပေးရန် တောင်းဆိုထားသော်လည်း ယခုအချိန်ထိ ပြုလုပ်ပေးခြင်း မရှိသေးကြောင်း ပြောသည်။

ဈေးအိမ်သာမှာ ဆိုင်ခန်းများနှင့်ကပ်လျက်ရှိပြီး ယင်းအိမ်သာမှ အနံ့ဆိုးများနှင့်ရေဆိုးများက ဈေးအတွင်းထဲရောက် လျက်ရှိသည်။ ဈေးသစ်တည်ဆောက်ပြီးစီးသည့်အခါ ဈေးအိမ်သာအနီးရှိ ဆိုင်ခန်းများမှာ အထည်ဆိုင်၊ အပ်ချုပ်ဆိုင်များပါဝင်လျက်ရှိပြီး အိမ်သာမှ ရေဆိုးများက ဈေးအတွင်းတစ်လျှောက် ကျရောက်နေသဖြင့် ဆိုင်ခန်းများ ဖွင့်လှစ်၍မရကြောင်းလည်း တွေ့ရသည်။

အဆိုပါကိစ္စရပ်နှင့်ပတ်သက်၍ ဈေးသူဈေးသားများက ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဈေးများဌာနသို့ တရားဝင်စာပို့တောင်းဆိုခဲ့ရာ ဈေးများဌာနကလည်းဈေးအိမ်သာဝင်ပေါက်ထွက်ပေါက်ကို အမြန်ဆုံးပြောင်းရွှေ့ပေးရန်စာထုတ်အကြောင်းပြန်ထားသော်လည်း နှစ်လကျော်သည်ထိ ဆောင်ရွက်ပေးခြင်း မရှိကြောင်း သိရသည်။

**သတင်း-ကိုသက်၊**
**ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**

## မြင်းခြံမြို့နယ်တွင် အိန္ဒိယဝါမျိုးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

**မြင်းခြံ စက်တင်ဘာ ၆**

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အဓိကအားထားသော နိုင်ငံဖြစ်သောကြောင့် တောင်သူလယ်သမားများ သီးနှံစိုက်ပျိုးခြင်းသည်လည်း အရေးကြီးသော လုပ်ငန်းတစ်ရပ်အဖြစ် တည်ရှိနေသည်။ မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်တွင် အိန္ဒိယဝါမျိုးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက် ရှိသောကြောင့် ဒေသခံတောင်သူများ ပျော်ရွှင်လျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ မြင်းခြံမြောက်ဘက်ဒေသတွေက မနှစ်ကတော့ ငွေချည် (၆) ဝါမျိုးတွေစိုက်ကြတာ ဒီနှစ်တော့ အိန္ဒိယဝါမျိုး (၆၆၆) မျိုးစေ့ပြောင်းစိုက်ကြတာများတယ်။ ဝါမျိုးစေ့ တစ်ထုပ်ကို ကျပ် ၂၉၀၀၀ ပေးရပြီး တစ်ဧကကို တစ်ထုပ်မှ တစ်ထုပ်ခွဲလောက်ထိစိုက်ရတယ်။ စနယ်မြေတို့၊ နုန်းမြေတို့မှာ စိုက်ပျိုးရင် ပိုမိုဖြစ်ထွန်းတယ်။

တစ်ဧကစိုက်ရင် ငွေကျပ် ၁၅၀၀၀၀ ခန့်ကုန်ကျတယ်။ ဝါကစိုက်ပျိုးရက် ၁၈၀ ကျော်လောက်ဆို ဝါစတင်ကောက်လို့ရပြီ။

'သုံးလေးခါလောက်တော့ ဆေးဖျန်းပေးရတယ်။ ကျွန်တော်တို့ဒေသကတော့ တစ်ဧကကို အချိန် ၈၀၀ မှ ၉၀၀ ခန့်ထွက်တယ်။ ဒီနားက ရွာသာ၊ ဖက်ရင်း၊ လေးတန်း၊ ဇီးပင်ကန်၊ ကျောက်ကန်အစရှိတဲ့ ကျေးရွာတွေကတော့ တော်တော်များများ စိုက်ကြတယ်။ ဒီဒေသက ထွက်ရှိတဲ့ ဝါတွေကိုတော့ မြင်းခြံမြို့နှင့် မန္တလေးမြို့တို့သို့ ပို့ဆောင်ရောင်းချပါတယ်"ဟု ဖက်ရင်းကျေးရွာမှ ဒေသခံတောင်သူ ဦးစိုးဝင်းက ပြောပြသည်။

မြင်းခြံမြို့နယ်သည် မြန်မာနိုင်ငံ အလယ်ပိုင်းတွင်တည်ရှိပြီး သီးနှံစိုက်ပျိုးခြင်းကို အများဆုံးလုပ်ကိုင်လျက်ရှိရာ ကြက်သွန်၊ မြေပဲ၊ နှမ်း၊ ဝါ၊ ပဲစင်းငုံ၊ ပြောင်း၊ ကုလားပဲ၊ ပဲတီစိမ်း၊ ဖရဲ၊ သခွားအစရှိသော သီးနှံများ အများဆုံး စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**



## မဲဇလီကုန်းမြို့၌ မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)မှ အထူးကုဆရာဝန်ကြီးများက ရေဘေးရှောင်ပြည်သူများအား (အခမဲ့)ကျန်းမာရေးစောင့်ရှောက်မှုပေး

**အင်္ဂပူ စက်တင်ဘာ ၆**

အင်္ဂပူမြို့နယ် မဲဇလီကုန်းမြို့ ဗိုလ်အောင်ကျော်ခန်းမ၌ စက်တင်ဘာ ၄ ရက် နံနက် ၁၀ နာရီက ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌတို့၏စီစဉ်မှုဖြင့် မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)မှ အထူးကုဆရာဝန်ကြီးများက ရေဘေးရှောင်ပြည်သူများအား (အခမဲ့)ကျန်းမာရေးစောင့်ရှောက်မှုများ ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ရေဘေးရှောင်ပြည်သူများအား (အခမဲ့) ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း လုပ်ငန်းများကို မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)မှ အရိုးအကြောနှင့် ကိုယ်ခန္ဓာပြန်လည်သန်စွမ်းရေး ပါမောက္ခဒေါက်တာဒေါ်သန်းသန်းဌေး ဦးဆောင်သော အထူးကုဆရာဝန် ၁၀ ဦးနှင့် ဆေးကျောင်းသား၊ ကျောင်းသူများက အင်္ဂပူမြို့နယ် ကျန်းမာရေးဦးစီးဌာန မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအောင်မြင့်စိုး၊ မဲဇလီကုန်းမြို့ တိုက်နယ်ဆရာဝန်ဒေါက်တာပြည့်ဖြိုးနိုင်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအဖွဲ့များနှင့်ပူးပေါင်းပြီး အင်္ဂပူမြို့နယ်နှင့် မဲဇလီကုန်းမြို့အနီးဝန်းကျင်ကျေးရွာများမှ ရေဘေးရှောင်ပြည်သူ ၉၁၂ ဦးတို့အား (အခမဲ့)ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့ကြောင်းနှင့် (အခမဲ့)ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ရာသို့ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်၊ တိုင်းပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာထွန်းမြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဥက္ကာတို့က ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**မန်းကျော်(ပြန်/ဆက်)**

## ဖရူဆိုမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲနှင့် သရုပ်ပြပွဲ ကျင်းပ

**ဖရူဆို စက်တင်ဘာ ၆**

စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန၏ ကျေးလက်ဒေသဖွံ့ဖြိုးရေး ဆွေးနွေးပွဲနှင့် တောင်သူ ဦးလူဖဲ၏ စံပြစိုက်ကွင်း သရုပ်ပြပွဲကို စက်တင်ဘာ ၄ ရက်နံနက်၁၀နာရီက ဖရူဆိုမြို့နယ် ထီးပေါ်ဆိုကျေးရွာအုပ်စု ဒေါသြေးခူကျေးရွာမှ တောင်သူ ဦးလူဖဲ၏ စံပြစိုက်ကွင်းခြံ၌ ကျင်းပခဲ့သည်။

ယင်းဆွေးနွေးပွဲတွင် ကယားပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဘောစကိုက အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးခန့်က တောင်သူ ဦးလူဖဲ၏ စံပြစိုက်ကွင်းတွင် စမ်းသပ်စိုက်ပျိုးမှုအတွက် တောင်သူများအား အသိပညာပေး ရှင်းလင်းပြောကြားခဲ့သည်။

သမဝါယမဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးလှမြင့်က လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်မှ ငွေကြေးအရင်းအနှီးများ စိုက်ထုတ်ပေးလျက်ရှိသည်များနှင့် ပတ်သက်၍ ပြောကြားခဲ့သည်။ ဖရူဆိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးစိုးပိုင်က စံပြစိုက်ကွင်း သရုပ်ပြပွဲနှင့် ပတ်သက်၍ စိုက်ပျိုးရေးကဏ္ဍမှ လုပ်ဆောင်ပေးမှုအကြောင်းရှင်းလင်းပြီး ဖရူဆိုမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ထွန်းသိန်းက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချမှတ်လုပ်ဆောင်သွားမည့် လုပ်ငန်းစဉ်များတွင် ဒေသခံတောင်သူများအနေဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်နိုင်ရန်လိုအပ်ကြောင်း ပြောကြားခဲ့သည်။

ယင်း အခမ်းအနားသို့ ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ထွန်း၊ စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြသည်။

**ကိုစိုင်း (လွိုင်ကော်)**

# ဝန်ကြီးဌာနအလိုက် ကျင့်သုံးဆဲ ဥပဒေများစာရင်း

**နေပြည်တော် စက်တင်ဘာ ၆**

မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေပေါင်း ၉၁၇ ခုအနက် ဝန်ကြီးဌာနအလိုက် ကျင့်သုံးဆဲဥပဒေ ၃၉၇ ခုအား ပြည်ထောင်စုလွှတ်တော်သို့ ဩဂုတ် ၁၇ ရက်တွင် တင်သွင်းခဲ့ပြီး ပြည်ထောင်စုလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ပြီးဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ ကျင့်သုံးဆဲ ဥပဒေ ၃၉၇ ခုအနက် ဝန်ကြီးဌာနအလိုက် တာဝန်ခံစီမံခန့်ခွဲရမည့် ဥပဒေများကို ဖော်ပြအပ်ပါသည်-

**ယမန်နေ့မှအဆက်**

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက စီမံခန့်ခွဲသောဥပဒေများ**

| စဉ် | ဥပဒေအမည်၊ အမှတ်၊ ခုနှစ်၊ အတွဲအမှတ် | ဆက်စပ် ဆောင်ရွက်ရမည့် ဌာန/ အဖွဲ့အစည်း | မှတ်ချက် |
|---|---|---|---|
| ၁။ | The Boundaries Act (India Act 5, 1880 ,Vol. X) | | |
| ၂။ | The Canal Act (Myanmar Act 2, 1905, Vol. IV) | | |
| ၃။ | The Registration Act (India Act 16, 1908, Vol. X) | | |
| ၄။ | The Embankment Act (India Act 4, 1909, Vol. IV) | | |
| ၅။ | The Registration of Kittima Adoptions Act (Myanmar Act 14, 1939, Vol. XI) | တရားလွှတ်တော်ချုပ် | |
| ၆။ | ရေခွန်နှင့် တာတမံခွန်ဥပဒေ (ဥပဒေအမှတ် ၁/၁၉၈၂) | | |
| ၇။ | နိုင်ငံခြားငါးဖမ်းရေယာဉ်များ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေ (နဝတဥပဒေအမှတ် ၁၁/၁၉၈၉) | | |
| ၈။ | ငါးမွေးမြူခြင်းဆိုင်ရာဥပဒေ (နဝတဥပဒေအမှတ် ၂၄/၁၉၈၉) | | |
| ၉။ | မြန်မာ့ပင်လယ်ငါးလုပ်ငန်းဥပဒေ(နဝတဥပဒေအမှတ် ၉/၁၉၉၀) | | |
| ၁၀။ | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ဥပဒေ (နဝတ ဥပဒေအမှတ် ၁၇/၁၉၉၀) (ယခင် အမည် မြန်မာ့ စိုက်ပျိုးရေးနှင့်ကျေးလက်ဖွံ့ဖြိုးရေး ဘဏ်ဥပဒေကို နဝတ ဥပဒေအမှတ် ၃/၁၉၉၇ ဖြင့် ပြင်ထားပါသည်) | | |
| ၁၁။ | ရေချိုငါးလုပ်ငန်းဥပဒေ (နဝတဥပဒေအမှတ် ၁/၁၉၉၁) | | |
| ၁၂။ | အသေးစားစက်မှုလက်မှုလုပ်ငန်းမြှင့်တင်ရေးဥပဒေ (နဝတဥပဒေအမှတ် ၁၃/၁၉၉၁ ) (ယခင် အမည် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းမြှင့်တင်ရေးဥပဒေကို ၁၄/၂၀၁၁ ဖြင့် ပြင်ဆင်ထားပါသည်) | | |
| ၁၃။ | သမဝါယမအသင်းဥပဒေ (နဝတဥပဒေအမှတ် ၉/၁၉၉၂ ) | | |
| ၁၄။ | အပင်ပိုးမွှားကာကွယ်သည့်ဥပဒေ (နဝတဥပဒေအမှတ် ၈/၁၉၉၃) | | |
| ၁၅။ | တိရစ္ဆာန်ကျန်းမာရေးနှင့်ဖွံ့ဖြိုးရေးဥပဒေ (နဝတဥပဒေအမှတ် ၁၇/၁၉၉၃) | | |
| ၁၆။ | တိရစ္ဆာန်ဆေးပညာကောင်စီဥပဒေ (နဝတဥပဒေအမှတ် ၉/၁၉၉၅) | | |
| ၁၇။ | မြေသြဇာဥပဒေ (နယကဥပဒေအမှတ် ၇/၂၀၀၂) | | |
| ၁၈။ | မျိုးစေ့ဥပဒေ (နယကဥပဒေအမှတ် ၁/၂၀၁၁) | | |
| ၁၉။ | မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေ (ပထစဥပဒေအမှတ် ၁၀/၂၀၁၂) | | |
| ၂၀။ | လယ်ယာမြေဥပဒေ (ပထစဥပဒေအမှတ် ၁၁/၂၀၁၂) | | |
| ၂၁။ | တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ (ပထစဥပဒေအမှတ် ၃၂/၂၀၁၃) | | |
| ၂၂။ | မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသားကော်မတီ ဥပဒေ (ပထစဥပဒေအမှတ် ၄၁/၂၀၁၅) | | |
| ၂၃။ | ပိုးသတ်ဆေးဥပဒေ(ပထစဥပဒေအမှတ် ၁၄/၂၀၁၆) | | |
| ၂၄။ | အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေ (ပထစဥပဒေအမှတ် ၁၅/၂၀၁၆) | | |

**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက စီမံခန့်ခွဲသောဥပဒေများ**

| စဉ် | ဥပဒေအမည်၊ အမှတ်၊ ခုနှစ်၊ အတွဲအမှတ် | ဆက်စပ် ဆောင်ရွက်ရမည့် ဌာန/ အဖွဲ့အစည်း | မှတ်ချက် |
|---|---|---|---|
| ၁။ | The Myanmar Registration of Ships Act (India Act 10, 1841, Vol. VII) | | |
| ၂။ | The Bills of Lading Act (India Act 9, 1856, Vol. VII) | | |
| ၃။ | The Carriers Act (India Act 3, 1865, Vol. VII) | | |
| ၄။ | The Obstruction in Fairways Act (India Act 16, 1881, Vol. VII) | | |
| ၅။ | The Myanmar Post Office Act (India Act 6, 1898, Vol.VII) | | |
| ၆။ | The Defile Traffic Act (India Act 8, 1907, Vol. VII) | | |
| ၇။ | The Ports Act (India Act 15, 1908, Vol. VII) | | |
| ၈။ | The Myanmar Merchant Shipping Act (India Act 21, 1923, Vol. VII) | | |
| ၉။ | The Myanmar Carriage of Goods by Sea Act (India Act 26, 1925, Vol. VII) | | |
| ၁၀။ | The Myanmar Carriage by Air Act (India Act 20, 1934, Vol. VII) | | |
| ၁၁။ | The Myanmar Aircraft Act (India Act 22, 1934, Vol. VII) | | |
| ၁၂။ | The Myanmar Lighthouse Act (India Act 2, 1937, Vol. VII) သဘော်ာ | | |
| ၁၃။ | ပင်လယ်ရေကြောင်းသွားလာမှု သဘောတူ စာချုပ်များ အက်ဥပဒေ (ဥပဒေအမှတ် ၁၉/၁၉၅၂၊ အတွဲ-၇) | | |
| ၁၄။ | မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ဥပဒေ (နယကဥပဒေအမှတ် ၁/၂၀၀၂) | | |
| ၁၅။ | အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ (နယကဥပဒေအမှတ် ၅/၂၀၀၄) | | |
| ၁၆။ | ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေး ဥပဒေ (နယကဥပဒေအမှတ် ၈/၂၀၀၇) | | |
| ၁၇။ | ဆက်သွယ်ရေးဥပဒေ (ပထစဥပဒေအမှတ် ၃၁/၂၀၁၃) | | |
| ၁၈။ | ဘက်စုံပို့ဆောင်ရေးဥပဒေ (ပထစဥပဒေအမှတ် ၃/၂၀၁၄) | | |
| ၁၉။ | နိုင်ငံတကာအကျိုးစီးပွားနှင့်သက်ဆိုင်သည့် လေယာဉ်ပစ္စည်းကိရိယာများဆိုင်ရာဥပဒေ (ပထစဥပဒေအမှတ် ၃၇/၂၀၁၄) | | |
| ၂၀။ | ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့ဥပဒေ (ပထစဥပဒေအမှတ် ၅၁/၂၀၁၄) | | |
| ၂၁။ | မြန်မာအမျိုးသားလေကြောင်းဥပဒေ (ပထစဥပဒေအမှတ် ၅၂/၂၀၁၄) | | |
| ၂၂။ | မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေ (ပထစဥပဒေအမှတ် ၁၀/၂၀၁၅) | | |
| ၂၃။ | မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ဥပဒေ (ပထစဥပဒေအမှတ် ၂၁/၂၀၁၅) | | |
| ၂၄။ | ပြည်တွင်းရေကြောင်းသွားရေယာဉ်ဥပဒေ (ပထစဥပဒေအမှတ် ၂၉/၂၀၁၅) | | |
| ၂၅။ | မော်တော်ယာဉ်ဥပဒေ (ပထစဥပဒေအမှတ် ၅၅/၂၀၁၅) | | |
| ၂၆။ | ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေ (ပထစဥပဒေအမှတ် ၃/၂၀၁၆) | | |
| ၂၇။ | ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေ (ပထစဥပဒေအမှတ် ၄/၂၀၁၆) | | |

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက စီမံခန့်ခွဲသောဥပဒေများ**

| စဉ် | ဥပဒေအမည်၊ အမှတ်၊ ခုနှစ်၊ အတွဲအမှတ် | ဆက်စပ် ဆောင်ရွက်ရမည့် ဌာန/ အဖွဲ့အစည်း | မှတ်ချက် |
|---|---|---|---|
| ၁။ | The Explosives Act (India Act 4, 1884, Vol.V) | ပြည်ထဲရေး | |
| ၂။ | ဆားလုပ်ငန်းဥပဒေ (နဝတဥပဒေအမှတ် ၆/၁၉၉၂) | | |
| ၃။ | သစ်တောဥပဒေ (နဝတဥပဒေအမှတ် ၈/၁၉၉၂) | | |
| ၄။ | တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေ (နဝတဥပဒေအမှတ် ၆/၁၉၉၄) | | |
| ၅။ | မြန်မာ့သတ္တုတွင်းဥပဒေ (နဝတဥပဒေအမှတ် ၈/၁၉၉၄) | | |
| ၆။ | မြန်မာ့ပုလဲလုပ်ငန်းဥပဒေ (နဝတဥပဒေအမှတ် ၇/၁၉၉၅) | | |
| ၇။ | မြန်မာ့ကျောက်မျက်ရတနာဥပဒေ (နဝတဥပဒေအမှတ် ၈/၁၉၉၅) | | |
| ၈။ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ (ပထစဥပဒေအမှတ် ၉/၂၀၁၂) | | |

**လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက စီမံခန့်ခွဲသောဥပဒေများ**

| စဉ် | ဥပဒေအမည်၊ အမှတ်၊ ခုနှစ်၊ အတွဲအမှတ် | ဆက်စပ် ဆောင်ရွက်ရမည့် ဌာန/ အဖွဲ့အစည်း | မှတ်ချက် |
|---|---|---|---|
| ၁။ | The Oilfields Act (Myanmar Act 1, 1918, Vol.V) | သယံဇာတ | |
| ၂။ | The Water Power Act (Myanmar Act 11, 1927, Vol. V) | သယံဇာတ/လယ်ဆည် | |
| ၃။ | The Petroleum Act (India Act 30, 1934, Vol.V) | သယံဇာတ/စီးကူး/ ပို့ဆက် | |
| ၄။ | ၁၉၅၇ ခုနှစ်၊ ရေနံဓာတ်သတ္တုပင်ရင်း အခြေအမြစ်များ (တိုးတက်ဖြစ်ထွန်းမှု စည်းမျဉ်း ကန့်သတ်မှု) အက်ဥပဒေ (ဥပဒေအမှတ် ၅၅/၁၉၅၇) | | |
| ၅။ | ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးဥပဒေ (ဥပဒေအမှတ် ၆/၂၀၀၅) | | |
| ၆။ | လျှပ်စစ်ဥပဒေ (ပထစဥပဒေအမှတ် ၄၄/၂၀၁၄) | | |

**ဆက်လက်ဖော်ပြပါမည်။**

## ကျောက်ပန်းတောင်းမြို့နယ်တွင် ဆောင်ရွက်ထားရှိသည့် စံပြကွက် သီးနှံစိုက်ခင်းများအား ကွင်းဆင်းစစ်ဆေး



**ညောင်ဦး စက်တင်ဘာ ၆**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ညောင်ဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယခရိုင်ဦးစီးမှူး ဒေါ်ခင်သန်းမြင့်၊ ဦးစီးအရာရှိ ဒေါ်ခင်မျိုးအေး၊ မြေအသုံးချတာဝန်ခံ ဒေါ်စန်းစန်းဝေတို့အဖွဲ့သည် စက်တင်ဘာ ၄ ရက် မွန်းလွဲ ၁ နာရီက ကျောက်ပန်းတောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများလိုက်ပါ၍ ကျောက်ပန်းတောင်းမြို့နယ် ကိုင်းကျေးရွာအုပ်စုနှင့် မန်ကျည်းတိုင်းကျေးရွာအုပ်စုတွင် ဆောင်ရွက်လျက်ရှိသည့် Seed Grower Association ပုံစံဖြင့် မျိုးသန့်ထုတ်လုပ်မည့် တောင်သူများနှင့် သွားရောက်တွေ့ဆုံပြီး မျိုးသန့်မျိုးပွားစိုက်ပျိုးနည်းစနစ်များသိရှိနိုင်ရန် ရည်ရွယ်၍ အသိပညာပေးဆွေးနွေးဟောပြောခြင်းများ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ မျိုးသန့်မျိုးပွားစိုက်ပျိုးနည်း တောင်သူအသိပညာပေးဆွေးနွေးပွဲတွင် ညောင်ဦးခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယခရိုင်ဦးစီးမှူး ဒေါ်ခင်သန်းမြင့်က တောင်သူများ Seed Grower Association ပုံစံဖြင့် မျိုးသန့်ထုတ်လုပ်ရာတွင် မျိုးကောင်းမျိုးသန့်များရွေးချယ်ပြီး မျိုးစေ့နှုန်းထားမှန်ကန်စွာ အသုံးပြုရန်နှင့် တောင်သူများ ကျယ်ကျယ်ပြန့်ပြန့် မျိုးပွားစိုက်ပျိုးနိုင်ရေးအတွက် ရှင်းလင်းဆွေးနွေးပြောကြားခဲ့သည်။ ခရိုင်မြေအသုံးချတာဝန်ခံ ဒေါ်စန်းစန်းဝေက မြေဆီလွှာပျက်စီးမှုမရှိအောင် သွင်းအားစုဓာတ်မြေဩဇာများ အချိန်ကိုက်အချိုးကျအသုံးပြုသွားရန်နှင့် သီးနှံစိုက်ခင်းများတွင် ပေါင်းမြက်များနှိမ်နင်းပြီး ပိုးမွှားအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိရန်တို့ကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေး ပြောကြားခဲ့သည်။

ယင်းအပြင် ညောင်ဦးခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယခရိုင်ဦးစီးမှူး ဒေါ်ခင်သန်းမြင့်နှင့်အဖွဲ့သည် စက်တင်ဘာ ၂ ရက်က ကျောက်ပန်းတောင်းမြို့နယ် ကြစ်ိုကျေးရွာသို့သွားရောက်ပြီး ပဲစင်းငုံမျိုးစေ့ဘဏ် စံပြကွက်မှ တောင်သူများနှင့်တွေ့ဆုံပြီး စံပြကွက်စိုက်ပျိုးထားရှိသည့် သီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းစေရန် တောင်သူအသိပညာပေး ရှင်းလင်းဆွေးနွေးခြင်းများ ဆောင်ရွက်ပြီး စံပြကွက်ပဲစင်းငုံသီးနှံစိုက်ခင်းနှင့် မိုးမြေပဲမျိုး ယှဉ်ပြိုင်စမ်းသပ်ကွက်များအား ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း၊ အလားတူ စက်တင်ဘာ ၃ ရက်တွင်လည်း ကျောက်ပန်းတောင်းမြို့နယ် ကြက်ပစ်ကျေးရွာတွင် ဆောင်ရွက်ထားရှိသည့် ရွှေတောင်(၈)၊ ငွေချည်(၉)ချည်မျှင်ရှည်ဝါ စံပြကွက်သို့ သွားရောက်ပြီး အပင်ဖြစ်ထွန်းမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး တောင်သူများအား မျိုးကောင်းမျိုးသန့် မျိုးပွားနည်းစနစ်များ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးနိုင်ရေးအတွက် တောင်သူအသိပညာပေး ရှင်းလင်းဆွေးနွေး ဟောပြောခြင်းများ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

# စစ်ဘေးရှောင် ကျောင်းသား၊ ကျောင်းသူများအား စစ်ဘေးရှောင်ကော်မတီမှ ဒုတိယအကြိမ် ထောက်ပံ့ငွေပေးအပ်

**ကျောက်မဲ စက်တင်ဘာ ၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့ အမှတ်(၁) ရပ်ကွက်ရှိ အောင်ဆုပန်ကျောင်းတိုက်၌ စစ်ဘေးရှောင် ကျောင်းသား၊ ကျောင်းသူများအား မြို့နယ်စစ်ဘေးရှောင်ကော်မတီမှ ဒုတိယအကြိမ် ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားကို စက်တင်ဘာ ၄ ရက် မွန်းလွဲပိုင်းက ပြုလုပ်ခဲ့သည်။

အခမ်းအနားသို့ မြို့နယ်စစ်ဘေးရှောင်ကော်မတီဥက္ကဋ္ဌ ဦးရဲထွဋ်နိုင်၊ ဒုမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြို့ဆောင်နှင့် မြို့နယ်စစ်ဘေးရှောင်ကော်မတီဝင်များဖြစ်ကြသော ဦးတင်မောင်ဦး၊ ဦးတင်ဝင်း၊ ဦးစိုင်းမြင့်ဦးနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် စစ်ဘေးရှောင် ကျောင်းသား၊ ကျောင်းသူ ၁၇၀ တို့ တက်ရောက်ခဲ့ကြသည်။

စစ်ဘေးရှောင်ကော်မတီ အဖွဲ့ဝင် ဦးတင်မောင်ဦးက အဖွင့်အမှာစကားပြောကြားရာတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် စစ်ဘေးရှောင်ကော်မတီမှ အလှူခံရရှိသောငွေများအား အလှူရှင်များကိုယ်စား ကူညီထောက်ပံ့ပေးခြင်းဖြစ်ကြောင်းနှင့် စစ်ဘေးရှောင်ကော်မတီအဖွဲ့၏ ဆောင်ရွက်မှုအခြေအနေများအား ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ထောက်ပံ့ငွေများကို ပေးအပ်ရာ အောင်ဆုပန်ကျောင်းတိုက်ရှိ ကျောင်းသား၊ ကျောင်းသူ ၈၅ ဦးအတွက် ကျပ် ၁၇ သိန်းအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်နိုင်က ပေးအပ်ရာ မနန်းနွမ်းယဉ်ကလည်းကောင်း၊ အေးမေတ္တာကျောင်းတိုက်ရှိ ကျောင်းသား၊ ကျောင်းသူ ၁၉ ဦးအတွက် ကျပ် ၃၈၀၀၀၀ အား ဦးတင်မောင်ဦးက ပေးအပ်ရာ မနန်းခမ်းဖုန်းကလည်းကောင်း၊ ကျားငါးကောင်ဆေးတိုက်ရှိ ကျောင်းသား၊ ကျောင်းသူ ၄၁ ဦး အတွက် ကျပ် ၈၂၀၀၀၀ အား ဦးတင်ဝင်းက ပေးအပ်ရာ ဆရာမဒေါ်အေးအေးကလည်းကောင်း၊ မေတ္တာအိုးဝေတော့ဆန်အဆောင်မှ ကျောင်းသား၊ ကျောင်းသူ ၂၅ ဦးအတွက် ကျပ်ငါးသိန်းအား ဦးစိုင်းမြင့်ဦးက ပေးအပ်ရာ မနန်းစမ်းစမ်းမော်ကလည်းကောင်း စစ်ဘေးရှောင် ကျောင်းသား၊ ကျောင်းသူများ ကိုယ်စား အသီးသီးလက်ခံရယူခဲ့ကြသည်။

ကျောက်မဲမြို့သို့ ရောက်ရှိပညာသင်ကြားနေသော စစ်ဘေးရှောင်ကျောင်းသား၊ ကျောင်းသူ ၁၇၀ အတွက် စစ်ဘေးရှောင်ကော်မတီမှ ဒုတိယအကြိမ် ငွေကျပ် ၃၄ သိန်းကို ယင်းနေ့က ထောက်ပံ့ပေးအပ်ခဲ့သည်။ **ကျောက်မဲခရိုင်(ပြန်/ဆက်)**

## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများနှင့် အပြစ်ပေးဥပဒေပုဒ်မများအကြောင်း အသိပညာပေးဟောပြော

**ရန်ကုန် စက်တင်ဘာ ၆**

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများနှင့် အပြစ်ပေးဥပဒေပုဒ်မများအကြောင်း အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၃၁ ရက်က ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ညောင်ကျေးရွာအပိုင် စက်မှုဇုန်-၁ ကနောင်မင်းသားကြီးလမ်းရှိ နယူးအာရှသင်တန်းခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ယင်းအသိပညာပေးဟောပြောပွဲတွင် အမှတ်-၂ ယာဉ်ထိန်းတပ်ဖွဲ့ခွဲ (ရန်ကုန်) ဒုရဲမှူး သန်းဇော်ထိုက်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများနှင့် အပြစ်ပေးဥပဒေပုဒ်မများအကြောင်းတို့ကို အကျယ်တဝင့် အသိပညာပေးဟောပြောခဲ့သည်။ **(၃၂၉)**

## မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်ခွင့်ရရှိသည့် ကျေးရွာ ၂၀၊ ရန်ပုံငွေ ၁၈ ယူနစ် ပေးအပ်

**လပွတ္တာ စက်တင်ဘာ ၆**

လပွတ္တာမြို့နယ်တွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်ခွင့်ရရှိသည့် ကျေးရွာ ၂၀၊ ရန်ပုံငွေ ၁၈ ယူနစ်ပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ်လအစောပိုင်းက လပွတ္တာမြို့ရွှေနဒီခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူးဦးတင်ဦးက အဖွင့်အမှာစကားပြောကြားပြီး လပွတ္တာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်မျိုး (လက်ထောက်ညွှန်ကြားရေးမှူး)က မြစိမ်းရောင်စီမံကိန်းအကြောင်း မိတ်ဆက်ရှင်းလင်းခဲ့သည်။ **(ကြေးမုံ)**

## မုံရွာအကျဉ်းထောင်တွင် စာမတတ်သူပပျောက်ရေး ‘အ’ သုံးလုံးသင်တန်း ဖွင့်လှစ်

**မုံရွာ စက်တင်ဘာ ၆**

စာမတတ်သူများပပျောက်စေရန် ရည်ရွယ်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မုံရွာအကျဉ်းထောင် အမျိုးသားအကျဉ်းဆောင်တွင် ‘အ’ သုံးလုံးသင်တန်း (၂/၂၀၁၆) ကို စက်တင်ဘာ ၅ ရက် နံနက် ၉ နာရီ ခွဲကစတင်ပြီး ဖွင့်လှစ်သင်ကြား ပို့ချပေးလျက်ရှိကြောင်း သိရသည်။

အကျဉ်းဦးစီးဌာန၏ ရည်မှန်းချက်တစ်ရပ်ဖြစ်သည့် အသက်မွေးဝမ်းကျောင်း အတတ်ပညာနှင့် စာပေပညာများကို အကျဉ်းသား၊ အကျဉ်းသူများအား သင်ကြားပေးရန်ဆိုသည့်ရည်ရွယ်ချက်ဖြင့် အမျိုးသား အကျဉ်းဆောင်တွင် ‘အ’ သုံးလုံးသင်တန်းကို ယခုလို ဖွင့်လှစ်သင်ကြားရခြင်းဖြစ်ကြောင်း၊ အကျဉ်းကျနေသူများထဲမှ စာမတတ်သူများ၊ ပညာတစ်ပိုင်းတစ်စနှင့်သူများ၊ အကျဉ်းကျသူများနှင့် အတူ ပါလာသည့်ကလေးငယ်များကို စာပေပညာများ သင်ကြားပေးရန်လိုအပ်ကြောင်း၊ စာပေအသိပညာ အခြေခံနည်းပါးမှုကြောင့် တည်ဆဲဥပဒေများကို ဖောက်ဖျက်ကျူးလွန်ကြခြင်းဖြစ်ကြောင်း၊ စာတတ်ပြီး စာဖတ်မှသာလျှင် မိမိဘဝ၏ တိုးတက်ရာ တိုးတက်ကြောင်းကို စာပေထဲမှရရှိနိုင်သဖြင့် အားလုံး စာတတ်ကြရန်လိုကြောင်း၊ ယင်းအပြင် ပြစ်ဒဏ်ကျခံပြီး ပြင်ပနယ်ပယ်ကို ရောက်ရှိသွားပါက အကျဉ်းထောင်ထဲမှ သင်ကြားပေးလိုက်သည့် အသက်မွေးဝမ်းကျောင်းနှင့် စာပေပညာရပ်များကို အသုံးချပြီး မိမိနေ့စဉ် ဘဝရပ်တည်ရေးနှင့် မိမိနေထိုင်ရာပတ်ဝန်းကျင်ကို များစွာအကျိုးပြုနိုင်မည်ဖြစ်ကြောင်း၊ ယင်းကြောင့် နည်းပြများအနေဖြင့်လည်း တတ်မြောက်သည်အထိ အစွမ်းကုန်သင်ကြားပေးကြရန်လိုကြောင်း မုံရွာအကျဉ်းထောင်တာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မျိုးအောင်က ပြောသည်။

အဆိုပါ ‘အ’ သုံးလုံးသင်တန်းအား အကျဉ်းသားနည်းပြများမှ ရက်သတ္တ ရှစ်ပတ်ကြာ နေ့စဉ်သင်ကြားပေးမည်ဖြစ်ကာ မုံရွာအကျဉ်းထောင် အမျိုးသားဆောင်မှ သင်တန်းသားများ တက်ရောက်သင်ကြားကြပြီး မုံရွာအကျဉ်းထောင်တာဝန်ခံမှ သင်ထောက်ကူပစ္စည်းများ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။ **ဖိုးချမ်း(မုံရွာ)**

## သဘာဝဘေးအန္တရာယ်ကျရောက်သော ပြည်သူများအား ကူညီထောက်ပံ့ရေး ဖောင်ဒေးရှင်းနှင့် ကယ်ဆယ်ကူညီရေးရန်ပုံငွေပေးအပ်ပွဲ တောင်ကြီးတွင် ကျင်းပ

**တောင်ကြီး စက်တင်ဘာ ၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပရဟိတအသင်းအဖွဲ့များမှ သဘာဝဘေးအန္တရာယ်ကျရောက်သော ပြည်သူများအား ကူညီထောက်ပံ့ရေးဖောင်ဒေးရှင်းနှင့် ကယ်ဆယ်ကူညီရေးရန်ပုံငွေ ပေးအပ်ပွဲကို စက်တင်ဘာ ၃ ရက် နံနက် ၉ နာရီက တောင်ကြီးမြို့ မြို့တော်ခန်းမ၌ကျင်းပခဲ့သည်။

ဖွင့်ပွဲကို ရှမ်းပြည်နယ် စိုက်ပျိုးရေးနှင့်မွေးမြူရေးဌာနဝန်ကြီး ဦးစိုင်းလုံးကျော်၊ ပြည်နယ်ဘဏ္ဍာရေးဝန်ကြီး ဦးစိုင်းရှန်တစ်လုံ၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးစိုးစိုးဇော်၊ ပြည်နယ်ပညာရေးညွှန်ကြားရေးမှူး ဦးမြင့်အောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ပညာရောင်ခြည်ကိုယ်ပိုင်ကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါက်တာဒေါ်ကြင်အေးက အဖွင့်အမှာစကားပြောကြားပြီး ပညာရောင်ခြည်ကိုယ်ပိုင်ကျောင်းမှ ကျောင်းသား၊ ကျောင်းသူလေးများက အကပဒေသာများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

သဘာဝဘေးအန္တရာယ်ကျရောက်သော ပြည်သူလူထုနှင့် အများပြည်သူများကို ကူညီထောက်ပံ့ရန်အတွက် ဖောင်ဒေးရှင်းပွဲ တည်ထောင်၍ အဖွဲ့တွင်ပါဝင်သော အဖွဲ့ဝင်များအားလုံး၏ ဆုံးဖြတ်ချက်အရ ရရှိလာသောငွေများထဲမှ ၃၀ ရာခိုင်နှုန်းကို သဘာဝဘေးအတွက် လှူဒါန်းပြီး ၇၀ ရာခိုင်နှုန်းကို ဖောင်ဒေးရှင်းအတွက် အသုံးပြုသွားမည်ဖြစ်ကြောင်း၊ ယခုပွဲတွင် ပါဝင်သောအဖွဲ့များမှာ ပညာရောင်ခြည်ကိုယ်ပိုင်ကျောင်း၊ မေတ္တာဆုဘူး၊ အဖြူရောင်တောင်တန်း၊ မြတ်ချမ်းသာ၊ သစ်ပင်ချစ်သူများ တောင်ကြီး၊ New Mobile၊ ZTE Smart Phone၊ Morning Star၊ သူငယ်ချင်းကောင်းများ၊ ရှင်သန်ကမ္ဘာမြေ အစိမ်းရောင်ကွန်ရက်၊ ပန်းပျိုးလက်၊ သီးခြားအဖွဲ့ဖြစ်သည့် ရန်ပုံငွေရှာဖွေပေးသော မြို့ငြိမ်းချမ်းအဖွဲ့၊ ကနုတ်ပွင့်အထည်ဆိုင်တို့ပါဝင်ပြီး ဆိုင်ခန်းရှင်များက ရောင်းချရသည့်ငွေများကို အလှူငွေပါဝင်လှူဒါန်းပေးသွားမည်ဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများသို့ လှူဒါန်းသူများပြား၍ ပြန်လည်တည်ထောင်ရေးတွင် မိမိတို့အဖွဲ့မှ ဆုံးဖြတ်ကာ လှူဒါန်းသွားမည်ဖြစ်ကြောင်း ရှင်သန်ကမ္ဘာမြေ အစိမ်းရောင်ကွန်ရက်မှ ဒေါ်ချယ်ရီကျော်က ပြောသည်။

အဆိုပါ သဘာဝဘေးအန္တရာယ်ကျရောက်သောပြည်သူများအား ကူညီထောက်ပံ့ရေးဖောင်ဒေးရှင်းနှင့် ကယ်ဆယ်ကူညီရေးရန်ပုံငွေပွဲတွင် ဆိုင်ခန်းပေါင်း ၅၀ ကျော်ရှိပြီး အဝတ်အထည်များ၊ စားသောက်ကုန်၊ အလှကုန်၊ ဖုန်းဆိုင်၊ ကလေးကစားစရာများ၊ စားသောက်ဖွယ်ရာများ ပါဝင်ရောင်းချလျက် ဖျော်ဖြေရေးအဖွဲ့ရှစ်ဖွဲ့ပါဝင်ကာ နေ့စဉ် နံနက် ၉ နာရီမှ ည ၉ နာရီအထိ ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**



# လခြမ်းမြေမှ ရွှေမြောက်ဦးဆီ

**မာန်သစ်ငြိမ်း(ရှေးဟောင်းသုတေသန)**



မြောက်ဦးမြို့သည် ရခိုင်ပြည်နယ်၏ မြောက်ပိုင်းတွင် တည်ရှိပြီး မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၃၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၁၂ မိနစ်အကြား ပင်လယ်ရေမျက်နှာပြင်အထက် ၂၅ ပေခန့်တွင် တည်ရှိပေသည်။ မြောက်ဦးမြို့သည် အဥ္စနနဒီ ခေါ် လေးမြို့မြစ်နှင့် ကစ္ဆပနဒီ ခေါ် ကုလားတန်မြစ်နှစ်စင်း၏အကြား လွင်ပြင်ကျယ်တွင် တောင်ကုန်းတောင်တန်းများ ဝန်းရံကာဆီးထားသော နေရာ၌ စနစ်တကျတည်ဆောက်ထားသော မြို့ဟောင်းတစ်မြို့ဖြစ်သည်။

မြောက်ဦးမြို့သည် သဘာဝတောတောင် ချောင်းမြောင်းများအကြားတွင် တည်ဆောက်ထားသည့်အတွက် မြောက်ဘက်တွင် ပလက်ဝမြို့နှင့် ၂၃ မိုင် ၂ ဖာလုံ၊ အရှေ့ဘက်တွင် မင်းပြားမြို့နယ်နှင့် ၃၄ မိုင် ၂ ဖာလုံ၊ အနောက်ဘက်တွင် ပုဏ္ဏားကျွန်းမြို့နယ်နှင့် ကုလားတန်မြစ်ခြားလျက် ၁၈ မိုင် ၂ ဖာလုံ၊ တောင်ဘက်တွင် ပေါက်တောမြို့နယ်နှင့် ၁၄ မိုင် ၇ ဖာလုံအထိ နယ်နိမိတ် ဆက်စပ်လျက်ရှိပါသည်။ မြောက်ဦးမြို့နယ်သည် မြောက်မှတောင်သို့ ၂၃ မိုင်၊ အရှေ့အနောက် ၂ ဒသမ ၁၃ မိုင်အထိ ကျယ်ဝန်းပြီး ဧရိယာစတုရန်းမိုင်ပေါင်း ၄၉ ဒသမ ၁၉၈ မိုင်ရှိပြီး ရန်ကုန်မြို့မှ အနောက်မြောက်ဘက် မိုင် ၄၀၀ ခန့်အကွာတွင် တည်ရှိသည်။

မြောက်ဦးမြို့၏ အရှေ့ဘက် ၅ မိုင်ခန့်အကွာတွင် လေးမြို့မြစ်ရှိပြီး အနောက်ဘက် ၁၀ မိုင်ခန့်အကွာတွင် ကုလားတန်မြစ်ရှိပေသည်။ မြောက်ဦးမြို့၏ အနောက်ဘက်တွင် ကျယ်ပြန့်သော မြေပြန့်လွင်ပြင်မှာ မြောက်မှတောင်သို့ သွယ်တန်းနေပြီး လွင်ပြင်၏အနောက်ဘက်တွင် ကုလားတန်မြစ်ရှိသည်။ မြောက်ဘက်တွင် တောင်ကုန်းတောင်တန်းများ ပိုမိုများပြားသောကြောင့် ကာကွယ်ရေးအတွက် အရေးပါသော နေရာလည်းဖြစ်သည်။

မြောက်ဦးမြို့တော်ကို ဘုရင်နရမိတ်လှ(ခေါ်) မင်းစောမွန်မှ လေးမြို့ခေတ်၏ နောက်ဆုံးမြို့တော်ဖြစ်သော လောင်းကြက်မြို့ပျက်စီးပြီးနောက် ကောဇာသက္ကရာဇ် ၇၉၂ ခု ( အေဒီ ၁၄၃၀) တွင် မြောက်ဦးမြို့တော်သစ်ကို ပြောင်းရွှေ့တည်ထောင်ခဲ့ပြီး အေဒီ ၁၇၈၄ ထိ မင်းဆက်ပေါင်း ၄၉ ဆက် နှစ်ပေါင်း ၃၅၄ နှစ်တိုင်အောင် စည်ပင်ဝဖြိုးသာယာပြီး မဂိုဘုရင်များ၊ အယုဒ္ဓယဘုရင်များ၊ အင်းဝ၊ တောင်ငူ၊ ဟံသာဝတီဘုရင်များနှင့် ခေတ်ပြိုင်နန်းစိုက်ခဲ့သော ရခိုင်လူမျိုးတို့၏ ရာဇဌာနေ မင်းနေပြည်တစ်ခုလည်း ဖြစ်ပါသည်။ ဘင်္ဂလားပင်လယ်ကမ်းခြေတွင် အကောင်းဆုံးသော ခံတပ်မြို့ တစ်မြို့ဖြစ်သည့်အပြင် အပြည်ပြည်ဆိုင်ရာ ရောင်းဝယ်ဖောက်ကားမှုများ စည်ပင်ထွန်းကားခဲ့ရာ မြို့လည်းဖြစ်ခဲ့သည်။

မြောက်ဦးမြို့တော်သည် အေဒီ ၁၇ ရာစုတွင် အရှေ့တောင်အာရှ၌ အထွတ်အထိပ်သို့ရောက်ရှိကာ ရောင်းဝယ်ဖောက်ကားမှု ထွန်းကားစည်ပင်ခဲ့သည့် မြို့တစ်မြို့ဖြစ်သည်နှင့်အညီ ကူးသန်းရောင်းဝယ်ရေးအတွက် ရခိုင်မင်းဘွဲ့တံဆိပ်တော်ပါ ရွှေဒင်္ဂါး၊ ငွေဒင်္ဂါးများကို ခတ်နှိပ်သုံးစွဲခဲ့ကြသည်။ မြောက်ဦးမြို့တော်၏ ခေတ်မီလှပမှုနှင့် ကြွယ်ဝချမ်းသာမှုတို့သည် ကမ္ဘာ့အနောက်ခြမ်းရှိ အမ်စတာဒမ်မြို့၊ လန်ဒန်မြို့တော်များနှင့်တူညီကြောင်း ၁၆၇၆ ခုနှစ်တွင် Schouten Voyages မှတ်တမ်းတင်ရေးဆွဲထားသောပုံနှင့် နိုင်ငံခြားမှတ်တမ်းများ၌ တွေ့ရှိရပါသည်။

အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲအပြီး ရန္တပိုစာချုပ်အရ အင်္ဂလိပ်တို့က ရခိုင်ဒေသကို သိမ်းပိုက်ကာ မြို့တော်ကို စစ်တွေသို့ ပြောင်းရွှေ့လိုက်သဖြင့် အေဒီ ၁၈၂၆ ခုနှစ်တွင် မြောက်ဦးမြို့မှာ ရှေးဟောင်း မြို့တော်အဖြစ် ပြောင်းလဲသွားပြီးနောက် မြို့ဟောင်းမြို့ဟု အမည်တွင်သွားခဲ့သည်။ ထို့နောက် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် သာသနာရေးဝန်ကြီးဌာန၏ ၂၂-၉-၁၉၇၈ ရက်နေ့ နေ့စွဲပါစာအမှတ် ၂/၂၀၅/အထ(၂)အရ မြို့ဟောင်းမြို့မှ မူလမြောက်ဦးမြို့အမည်ကို တရားဝင်ပြန်လည်ပြင်ဆင် သတ်မှတ်လိုက်သည်။

မြောက်ဦးမြို့ဟောင်းတွင် လက်ညှိုးထိုးမလွဲနိုင်အောင် ဘုရားစေတီပုထိုးများစွာ တည်ရှိပေသည်။ ရခိုင်ယဉ်ကျေးမှုသမိုင်းတန်ဖိုးများစွာကို မျက်ဝါးထင်ထင်တွေ့မြင်နိုင်ပါသေးသည်။

သဲကျောက်တုံးများဖြင့် တည်ဆောက်ထားသော စေတီပုထိုးများ၏ သပ္ပာယ်တင့်တယ်ပုံမှာ မည်သည့်နေရာဒေသများနှင့်မျှ နှိုင်းယှဉ်၍မရနိုင်ပေ။ သဲကျောက်ယဉ်ကျေးမှုထွန်းကားရာ နေရာဒေသတစ်ခုလည်း ဖြစ်ပေသည်။ သဲကျောက် ကျောက်စရစ်လက်ရာများစွာတို့ကိုလည်း စိတ်ဝင်စားဖွယ် တွေ့မြင်နိုင်သည်။

ရခိုင်ပြည်နယ်၏ ရှေးအတိတ်ကာလမှ မင်းနေပြည်တော်ဖြစ်ခဲ့သော မြောက်ဦးမြို့သို့ ရောက်ရှိခဲ့ပြီဆိုပါလျှင် သဇင်ပန်းခိုင်တမြိုင်မြိုင် ရခိုင်ဘုရားပေါင်းဟု ဆိုရလောက်အောင် ဘုရားစေတီများ လွန်စွာပေါကြွယ်ဝသော နေရာတစ်ခုဖြစ်ကြောင်းကို နှလုံးသားထဲတွင် မှတ်တမ်းမတင်၍ပင် မရနိုင်ပါချေ။ စေတီဘုရားပုထိုး ပေါကြွယ်ဝသောကြောင့် ဗုဒ္ဓသာသနာတော်သည် နေလိုလလို ထွန်းပြောင်ခဲ့သည့်အပြင် ဘာသာတရားကိုင်းရှိုင်းမှုမှာ သူမတူအောင်ပင် ဖြစ်ခဲ့ပေသည်။ အမျိုးဘာသာ သာသနာကို စောင့်ရှောက်တတ်ကြသော ရခိုင်တိုင်းရင်းသားတို့၏ ဇာတိသွေးဇာတိမာန်ကို မျက်ဝါးထင်ထင် တွေ့မြင်နိုင်ပေသည်။

“ကစ္ဆပနဒီ၊ ဥသည်ညာမွန်၊ ယဉ်တန်တဘက်၊ ပင်လယ်ထွက်မှ၊ နှစ်ဘက်ကမ်းခြီ၊ ဖြားရီမှီဝယ်၊ ရှေ့ဆီပြုဗ္ဗာ၊ အာကာမှီခိုင်း၊ တောင်ပြိုင်းပြိုင်း၌၊ ဆိုင်းဆိုင်းမဏ္ဍိုင်၊ ရခိုင်ညွှန့်ဖူး၊ မွန်ကြည်မြူးသို့၊ မြောက်ဦးရွှီနန်း၊ တည်လတ်ထွန်းသည်၊ ဤကျွန်းဇမ္ဗူ ထူးတည့်လေး” ဟူသော ရခိုင်ဘုရင် ဘစောဖြူမင်းလက်ထက် ရခိုင်စာဆိုပညာရှိ အမတ်ကြီး အဒူမင်းညို ရေးဖွဲ့သီကုံးခဲ့သော ရခိုင်မင်းသမီးချောင်းတွင် ပါရှိသည့်အတိုင်း မြောက်ဦးမြို့သည် ရခိုင်လူမျိုးတို့၏ ယဉ်ကျေးမှုဂုဏ်ဆောင် မြို့တော်တစ်ခုဖြစ်ပြီး ရခိုင်မင်းတို့၏ နောက်ဆုံးရာဇဌာနေ မင်းနေပြည်တော် မြို့တော်တစ်မြို့လည်း ဖြစ်ပါသည်။

ရခိုင်တို့၏ ဗုဒ္ဓဘာသာသမိုင်းကြောင်း စတင်ခဲ့သည့် ဓညဝတီခေတ်မှစတင်၍ ဝေသာလီ၊ လေးမြို့၊ မြောက်ဦးခေတ်အထိ ခေတ်အဆက်ဆက်တွင် ကြွယ်ဝချမ်းသာသော ဘုရင်နိုင်ငံများဖြစ်သည့်အလျောက် တောင်ပေါ်မြေပြန့်မကျန် နေရာဒေသများတွင် ဗုဒ္ဓဘာသာအမွေအနှစ် စေတီ၊ ပုထိုး၊ ကျောင်း၊ ကန်၊ သိမ်၊ ဇရပ်စသည်တို့ကို ကြီးစွာလှူဒါန်းမှုပြုခဲ့ကြပေသည်။ ဗုဒ္ဓဘာသာအထွတ်အထိပ် ရောက်ခဲ့သော မြောက်ဦးမြို့တော်သည် ရှေးခေတ်ရခိုင်လူမျိုးများ၏ ယဉ်ကျေးမှုဂုဏ်ဆောင် မြို့တော်တစ်မြို့ဖြစ်သည့်အတွက် ရှေးဟောင်းအမွေအနှစ်များကို ထိန်းသိမ်းကာ သမိုင်းဝင်ရုပ်လုံးရုပ်ကြွ ကျောက်ဆစ်လက်ရာများဖြင့် ဂုဏ်ယူဖွယ်ရာကောင်းသော သဲကျောက်ယဉ်ကျေးမှုအမွေအနှစ် ပြတိုက်ကြီးတစ်ခုသဖွယ် ဖြစ်နေပေသည်။

မြောက်ဦးမြို့သည် အတိတ်ကာလမှသည် ယခုကာလတိုင်အောင် ရှေးဟောင်းယဉ်ကျေးမှု အငွေ့အသက်များဖြင့် ထုံသင်းနေသော ရခိုင်တို့၏မြို့တော်ဟောင်းကြီးတစ်ခုလည်းဖြစ်ပါသည်။ လွန်ခဲ့သောနှစ်ပေါင်း ၃၀၀၀ ကျော်ခန့်က ယဉ်ကျေးမှုအနုပညာများ ပေါများကြွယ်ဝလှသော ရခိုင်ပြည်နယ်၏ သမိုင်းစဉ်တစ်လျှောက်တွင် မြင်တွေ့ကြုံခဲ့ရသော အပြောင်းအလဲများမှာ များပြားလှသော်လည်း ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများမှာ လွဲချော်ပျောက်ကွယ်သွားခြင်းမရှိသည်မှာ ရခိုင်တိုင်းရင်းသား လူမျိုးတို့အတွက် ဂုဏ်ယူစရာပင်ဖြစ်ပါသည်။

မြောက်ဦးမြို့ရှိ ဒြပ်ရှိယဉ်ကျေးမှု၊ ဒြပ်မဲ့ယဉ်ကျေးမှုများ ပေါများစွာတည်ရှိနေသေးသော မြန်မာနိုင်ငံ၏အနောက်ဘက် လခြမ်းမြေ (သို့မဟုတ်) ရခိုင်ပြည်နယ် မြောက်ဦးမြေသို့ တစ်ခါတစ်ခေါက် အရောက်လှမ်း၍ လေ့လာရှုချင်စဖွယ်ကောင်းလှသော သဘာဝအလှအပများနှင့် ဗုဒ္ဓသာသနာ အငွေ့အသက်များ ထုံမွှမ်းနေသော သဇင်ပန်းခိုင် တမြိုင်မြိုင်၊ ရခိုင်ဘုရားပေါင်း ရှိရာမြေမှ ဖိတ်ခေါ်လိုက်ရပါသည်။

**ကိုးကား**

**မြောက်ဦးဒေသရှိ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များ**

**သိန်းထွန်းအောင်(ရှေးဟောင်းသုတေသန)**

## ၃၃ ကြိမ်မြောက် ရွှေပါရမီကျန်းမာရေး ဆေးအလှူတော်ပြုလုပ်

**ကျောက်ပန်းတောင်း စက်တင်ဘာ ၆**

ရွှေပါရမီဖောင်ဒေးရှင်း၏ ကျန်းမာရေး ဆေးအလှူကို ကျောက်ပန်းတောင်းမြို့ ရွှေနဒီပရဟိတဘုန်းတော်ကြီးသင် ပညာရေးကျောင်း၌ စက်တင်ဘာ ၂ ရက်မှ ၄ ရက်အထိ သုံးရက်တိုင်တိုင် ပြုလုပ်ခဲ့ကြောင်းသိရသည်။

ရွှေပါရမီတောရကျောင်း ဆရာတော်အရှင်ဆန္ဒာဓိကဦးဆောင်၍ ရွှေပါရမီဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးရှိန်ဝင်းနှင့် အလုပ်အမှုဆောင်များ၊ အဖွဲ့ဝင်များ၊ ကျောက်ပန်းတောင်းမြို့မှ လူမှုရေးပရဟိတအသင်းများ၏ အကူအညီဖြင့် နိုင်ငံရပ်ခြားမှ ဆရာဝန်ကြီးများ၊ ရန်ကုန်မြို့မှ သမားတော်ကြီးများ၊ ဆရာဝန်၊ ဆရာမများက လူနာပေါင်း ၁၂၀၀၀ ကျော်ကို အခမဲ့ဆေးကုသပေးခဲ့သည်။

ရွှေပါရမီတောရကျောင်းဆရာတော်အရှင်ဆန္ဒာဓိက က “မေတ္တာဆိုတာ စကားလေးနှစ်လုံးတည်းပါပေမယ့် အဓိပ္ပာယ်ဖွင့်လိုက်ရင် အများကြီးထွက်ပါတယ်။ မေတ္တာနှစ်မျိုးရှိပါတယ်။ ပို့တဲ့မေတ္တာနဲ့ ပေးတဲ့မေတ္တာပါ။ ပို့မေတ္တာက နှုတ်အားဖြင့်ပို့တာ၊ ပေးမေတ္တာက ဆာလောင်နေတဲ့ လူတစ်ယောက်ကို မိမိရဲ့ရှိတာလေးတွေ ပေးအပ်လိုက်တာပါ” ဟု ဆေးအလှူတော်ဖွင့်ပွဲအခမ်းအနားတွင် မိန့်ကြားခဲ့သည်။

အဆိုပါ ကျန်းမာရေးဆေးအလှူတွင် လာရောက်ကုသသော လူနာများကို မျက်စိ၊ အရိုးအကြော၊ ခွဲစိတ်ကုသမှုနှင့် အထွေထွေရောဂါများ ကုသပေးသည့်အပြင် လိုအပ်ပါက ရန်ကုန်သို့ခေါ်၍ စရိတ်ငြိမ်းကုသပေးမည်ဖြစ်သည်။

“ဒီမှာက အထွေထွေရောဂါကုပါတယ်။ ဆေးကုသနေစဉ်အတွင်း မျက်မှန်လုပ်တာကအစ ကူညီပါတယ်။ ဆေးလာကုတဲ့လူနာတွေကို ထမင်းဘူးလည်းဝေတယ်၊ လိုအပ်ရင် ကားလည်းစီစဉ်ပေးပါတယ်” ဟု ဆရာတော်၏ ဒကာရင်းဖြစ်သူ ဦးလှိုင်မင်းဇော်က ပြောသည်။

ယခုပြုလုပ်ခဲ့သည့် ရွှေပါရမီကျန်းမာရေးဆေးအလှူသည် ၃၃ ကြိမ်မြောက်ဖြစ်၍နောင်အခါတွင် နှစ်လတစ်ကြိမ် ပြုလုပ်သွားမည်ဖြစ်ရာ လာမည့်လတွင် ပွင့်ဖြူမြို့နယ်နှင့် ရွှေဘိုမြို့နယ်တို့သို့ သွားရောက်ကုသပေးမည်ဖြစ်ကြောင်း သိရသည်။ **မိုးမိုး**

## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး ဟောပြော

**ပုလော စက်တင်ဘာ ၆**

မြိတ်ခရိုင် ပုလောမြို့နယ် ပုလောကုန်းကျေးရွာအုပ်စု စံပြကျေးရွာ၊ ပုလောကုန်းကျေးရွာ၊ ဝတ်တိုးကျေးရွာ၊ မြို့ဟောင်းကျေးရွာ၊ တောင်ပုလဲကျေးရွာတို့တွင် စက်တင်ဘာ ၄ ရက်က အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့ရာ ပုလောကုန်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးခင်မောင်အေးက အမှာစကားပြောကြားခဲ့သည်။

မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးမော်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အန္တရာယ်ကင်းဝေးစေရေးနှင့် လူကုန်ကူးမှု ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ရပ်မိရပ်ဖ ဦးကျော်ဦးနှင့် ခတ်ပုံကျွမ်းကျင်(၂) ဦးသန့်ဇင်က မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေးဆိုင်ရာများကို အသိပညာပေးဟောပြောခဲ့ပြီး နံရံကပ် စာစောင်များ ပြသခဲ့သည်။ **မြို့နယ် ပြန်/ဆက်**

# တရုတ်နိုင်ငံ နန်နင်းမြို့တွင် ကျင်းပပြုလုပ်မည့် ၁၃ ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲတွင် စီးပွားရေးအခွင့်အလမ်းသစ်များကို ဖော်ထုတ်ပြသသွားမည်

ငွေဇော်

၁၃ ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲ (13th CAEXPO) ကုန်စည်ပြပွဲကို စက်တင်ဘာ ၁၁ ရက်မှ ၁၄ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်းရှီးပြည်နယ် နန်နင်းမြို့တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ယခင်နှစ်ကုန်စည်ပြပွဲများနှင့်မတူဘဲ တစ်မူထူးခြားသည့် ပုံစံသစ်များနှင့်အတူ စီးပွားရေးအခွင့်အလမ်းသစ်များကို ဖော်ထုတ်သွားမည်ဖြစ်ကြောင်း သိရသည်။







**၂၅ နှစ်ပြည့်မြောက်**

၁၃ ကြိမ်မြောက် CAEXPO ပြပွဲသည် တရုတ်နှင့် အာဆီယံနိုင်ငံများရှိ စီးပွားရေးလုပ်ငန်းများအတွက် ပိုမိုကောင်းမွန်သော စီးပွားရေးဆိုင်ရာ အခွင့်အလမ်းများကို ဖော်ထုတ်ပေးသွားမှာဖြစ်ပြီး ယခုနှစ်သည် တရုတ်နိုင်ငံနှင့် အာဆီယံအဖွဲ့တို့ကြား နှစ်ဦးနှစ်ဖက် ဆက်ဆံရေးများစတင်ရာ ၂၅ နှစ်ပြည့်မြောက်သည့် နှစ်ဖြစ်သောကြောင့် ၁၃ ကြိမ်မြောက် CAEXPO ပြပွဲတွင် နှစ်ပတ်လည် အထိမ်းအမှတ် အခမ်းအနားများစွာကိုပါ ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။

ထိုအခမ်းအနားများတွင် တရုတ်- အာဆီယံ လွတ်လပ်စွာ ကုန်သွယ်ရေးမူနှင့် ပတ်သက်သည့် အောင်မြင်မှုအထိမ်းအမှတ်ပြပွဲ၊ ၂၅ နှစ်တာကာလအတွင်း တရုတ်-အာဆီယံပူးပေါင်းဆောင်ရွက်ခြင်း ၁၃ နှစ်တာကာလအတွင်း CAEXPO ၏ အရေးပါပုံတို့ကို အပြည့်အဝဖော်ထုတ်ပြသမည့် တရုတ်-အာဆီယံ ပါနိုရားမား (China-ASEAN Panorama)မဂ္ဂဇင်း အထူးထုတ်တို့လည်းပါဝင်သည်။

**ပိုမိုကောင်းမွန်**

တရုတ်ကုန်သွယ်ရေးဌာန ဒုတိယဝန်ကြီး မစ္စဂိုယန် (Ms. Gao Yan) က "တရုတ်-အာဆီယံ အပြန်အလှန်ဆက်ဆံရေးကို လွန်ခဲ့သော ၂၅ နှစ်က စတင်ခဲ့ပြီးဖြစ်ကာ ထိုအချိန်ကတည်းက နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းခဲ့တယ်။ တရုတ်နိုင်ငံနဲ့ အာဆီယံအဖွဲ့တို့အကြား အပြန်အလှန်ကုန်သွယ်မှုတန်ဖိုးမှာ ၂၀၁၅ ခုနှစ်မှာ အမေရိကန်ဒေါ်လာ ၄၇၆ ဒသမ ၁၆ ဘီလီယံအထိ မြင့်တက်လာခဲ့ကာ နှစ်စဉ် ဖွံ့ဖြိုးတိုးတက်မှု ပမာဏမှာလည်း ၁၈ ဒသမ ၅ ရာခိုင်နှုန်းရှိခဲ့တယ်" ဟု ပြောသည်။

ယခုနှစ်ပြပွဲ၏ ဖွင့်ပွဲအခမ်းအနား သတင်းထုတ်ပြန်ရေးစင်တာတို့အပါအဝင် စိုက်ပျိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုပြပွဲတစ်ခုနှင့် အာဆီယံရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှုဆိုင်ရာ နိုင်ငံတကာပြပွဲတစ်ခုတို့ကိုပါ ခန်းမအသစ်များတွင် ကျင်းပသွားမည်ဖြစ်သည်။ ယခုနှစ်ပြပွဲအတွက် ယာဉ်ရပ်နားစခန်း အသစ်များ၊ အကျွေးအမွေးကဏ္ဍသစ်များကိုလည်း တိုးချဲ့ပြုလုပ်ထားသည်။ ထောက်ပံ့ကူညီရေးဝန်ဆောင်မှုများကိုလည်း ယခင်နှစ်ပြပွဲများထက် ပိုမို ကောင်းမွန်အောင် ပြုလုပ်ထားကြောင်း သိရသည်။

ဒုတိယဝန်ကြီး မစ္စဂိုယန် (Ms. Gao Yan) က "ပိုမိုအဆင့်မြင့် ကောင်းမွန်သော CAEXPO ပြပွဲများ ထပ်မံဖွံ့ဖြိုးတိုးတက်လာစေရေး အာဆီယံနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်သွားရန် တရုတ်နိုင်ငံဘက်က အသင့်ရှိပါတယ်။ အဲဒီလိုလုပ်ခြင်းအားဖြင့် တရုတ်-အာဆီယံ ကွန်ရက်လမ်းမကြီး တည်ဆောက်နိုင်ရေးအတွက် အရေးပါသော အထောက်အပံ့ကိုသာမက သာတူညီမျှမှုရှိသော တရုတ်-အာဆီယံ အသိုက်အဝန်း ဖန်တီးရေးအတွက်လည်း အကျိုးရှိစေမှာဖြစ်တယ်" ဟု ထပ်မံပြောသည်။

တရုတ်-အာဆီယံ အပြန်အလှန် ဆက်ဆံရေး စတင်ရာ ၂၅ နှစ်ပြည့် အထိမ်းအမှတ်နှင့် တိုက်ဆိုင်နေသော ယခုနှစ်ပြပွဲအတွက် ဗီယက်နမ်နိုင်ငံက ဂုဏ်ထူးဆောင်နိုင်ငံဖြစ်ကာ အထူးဧည့်သည်တော်နိုင်ငံအဖြစ် သီရိလင်္ကာနိုင်ငံက ပူးပေါင်းပါဝင်မည်ဖြစ်သည်။ ပြပွဲတွင် ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်တို့ပါဝင်သော အာဆီယံ ခုနစ်နိုင်ငံက ၎င်းတို့နိုင်ငံအသီးသီး၏ လူသုံးကုန်ပစ္စည်းများကို သီးသန့်ပြပွဲခန်းမများ၌ ဆက်လက်ပြသခွင့်ရရှိမည်လည်း ဖြစ်သည်။

**ဖိတ်ခေါ်ထား**

အဆိုပါ ကုန်စည်ပြပွဲသို့တက်ရောက်ရန်နှင့် ပါဝင်ပြသရန် စိတ်ပါဝင်စားသည့် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ကုန်သွယ်မှု ဖွံ့ဖြိုးရေးဌာနခွဲနှင့် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ ဖိတ်ခေါ်ထားကြောင်းသိရသည်။

စီးပွားရေးလုပ်ငန်းရှင် ဦးအောင်ဟိန်းက "မြန်မာနိုင်ငံကတော့ ၂၀၀၄ ခုနှစ်လောက်ကစပြီး အဲဒီပြပွဲတွေမှာ နှစ်စဉ်ပြသတာမျိုးတွေရှိတယ်။ ကုန်သည်စက်မှုအသင်းချုပ်ကလည်း အကူအညီပေးသလို ဝန်ကြီးဌာနကလည်း လုပ်ငန်းရှင်တွေ လိုအပ်တဲ့ အကူအညီတွေ အများကြီးပေးတယ်။ လုပ်ငန်းရှင်တွေအတွက်တော့ ဈေးကွက် အသစ်ရသလို ကိုယ့်ကုန်ပစ္စည်းကိုလည်း အာဆီယံဒေသတွင်းနိုင်ငံတွေကို ကြော်ငြာပြီးသွား ဖြစ်သွားမယ်။ အဲဒါကြောင့်အခုလို ပြပွဲက မြန်မာလုပ်ငန်းရှင်တွေအတွက် အလွန်ကောင်းတယ်။ အကျိုးလည်းရှိတယ်"ဟုပြောသည်။

မြန်မာနိုင်ငံအနေဖြင့် ၂၀၁၂ ခုနှစ်က ကျင်းပပြုလုပ်သည့် ၉ ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲတွင် ဂုဏ်ထူးဆောင်နိုင်ငံအဖြစ် အောင်မြင်စွာပြသနိုင်ခဲ့ပြီး ဆုတံဆိပ်များရရှိခဲ့ကြောင်း ကုန်သည်စက်မှုအသင်းချုပ်မှ သိရသည်။

စီးပွားရေးပညာရှင် ဦးတင်ဦးလွင်က "မော်ဒန်စီးပွားရေးမှာ တရုတ်နိုင်ငံက ကမ္ဘာမှာ စီးပွားရေးအကောင်းဆုံးနိုင်ငံ တစ်နိုင်ငံဖြစ်တယ်။ အဲဒါကြောင့်လည်း အာဆီယံနဲ့ တရုတ်နိုင်ငံတို့ စီးပွားရေးတည်ငြိမ်မှုက ကမ္ဘာ့စီးပွားရေးအတွက် အလွန်အရေးပါလာတယ်။ တရုတ်နိုင်ငံက ယခုအခါ အာဆီယံ၏ အကြီးဆုံးကုန်သွယ်ဖက် နိုင်ငံဖြစ်သလို အာဆီယံကလည်း တရုတ်နိုင်ငံရဲ့ တတိယအကြီးဆုံး ကုန်သွယ်ဖက်ဖြစ်နေပါပြီ။ တရုတ်နိုင်ငံက အာဆီယံဒေသကို တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ပမာဏသည် သိသိသာသာ တိုးတယ်။ အာဆီယံ- တရုတ်ဒေသ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ခြင်းသည် ဒေသတွင်း တည်ငြိမ်ရေးနှင့် အေးချမ်းသာယာရေးအတွက် အထောက်အပံ့ ဖြစ်စေပါတယ်" ဟု သုံးသပ်ပြောပါသည်။

**စာရင်းပေးသွင်း**

ယခုနှစ်ပြပွဲသို့ မြန်မာနိုင်ငံ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ အမယ်သစ်ပို့ကုန် အလားအလာရှိသော ကုမ္ပဏီလုပ်ငန်းရှင်များနှင့် အခြားစိတ်ဝင်စားသည့် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များ အနေနှင့် ပြပွဲသို့ပါဝင်ပြသလိုပါက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုမြှင့်တင်ရေးဌာနခွဲနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ကို ဆက်သွယ်စာရင်းပေးသွင်းရမည်ဖြစ်ကြောင်း သိရသည်။

**အခမဲ့ပြသခွင့်ပြု**

ပြပွဲနှင့်အတူ တရုတ်-အာဆီယံ ရင်းနှီးမြှုပ်နှံမှု ထိပ်သီးဆွေးနွေးပွဲ (CABIS) နှင့် ကွန်ဖရင့်များ၊ ဖိုရမ်များ၊ ဆွေးနွေးပွဲများ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ ကုန်စည်ပြခန်းဆောင်အမှတ် (၁၄)တွင် မြန်မာနိုင်ငံအတွက် ပြခန်း ၁၀၀ ကျော်ကို ပြခန်းခပေးစရာမလိုဘဲ အခမဲ့ပြသခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။ မြန်မာလုပ်ငန်းရှင်များ သွားရောက်ပါဝင်ပြသမည်ဆိုပါက ယခင်နှစ်များနည်းတူ တရုတ်စင်းလုံးငှားလေယာဉ် စီစဉ်ဆောင်ရွက်ပေးမည်ဟု သိရသည်။ မြန်မာပြသသူ လုပ်ငန်းရှင်များ ဗီဇာလျှောက်ထားနိုင်ရေးအတွက် ဖိတ်စာများကို အချိန်မီပေးပို့မည်ဖြစ်ရာ မြန်မာနိုင်ငံမှပြသမည့် ကုမ္ပဏီများစာရင်းကို သတ်မှတ်ရက်အမီ ပေးပို့ပေးရန်ဖြစ်သည်။

**ဆက်သွယ်စုံစမ်းနိုင်**

အဆိုပါ ကုန်စည်ပြပွဲသို့ တက်ရောက်ရန်နှင့်ပါဝင်ပြသရန် စိတ်ပါဝင်စားသည့် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ ဖုန်း ၀၆၇-၄၃၀၄၄၆၊ Fax: ၀၆၇-၄၃၀၁၂၈၊ Email: moctradefair @gmail.com၊ မြန်မာကုန်သွယ်မှုဗဟိုဌာန၊ ရန်ကုန်မြို့ ဖုန်း ၀၁-၂၅၃၀၂၄၊ Fax; ၀၁-၂၅၃၀၂၃၊ Email: itpic. moc @gmail.com၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် ဖုန်း ၀၁-၁-၂၁၄၃၄၄-၉၊ Fax: ၀၁-၁-၂၁၄၄၈၄၊ Email: services.Umfcci@gmail. com နှင့် သမဝါယမဦးစီးဌာန ဖုန်း ၀၆၇-၄၁၀၃၄၁၊ Email: coopdcptdg@gmail.com သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း ကုန်သည်စက်မှုအသင်းချုပ်က ထုတ်ပြန်ထားသည်။

ယခုနှစ်ပြပွဲ၏ ဆောင်ပုဒ်မှာ Jointly Building the 21st Century Maritime Silk Road, Forging an Even Closer China-ASEAN Community of Common Destiny "၂၁ ရာစု ရေကြောင်း ပိုးလမ်းမကြီးကို အတူတကွ တည်ဆောက်ခြင်းဖြင့် အကျိုးစီးပွားမျှဝေကြမည့် ပိုမိုနီးကပ်သော တရုတ်-အာဆီယံ အသိုက်အဝန်းဆီသို့ ပူးတွဲတက်လှမ်းကြရန်" ဖြစ်သည်။ ယခုနှစ်ပြပွဲတွင် မြန်မာနိုင်ငံမှ အမျိုးသားပြခန်းဆောင်အကျယ်အဝန်းကို ၁၇၅ စတုရန်းမီတာရယူလျက် နှစ်လိုဖွယ်ရာမြို့ (City of Charm) အဖြစ် မော်လမြိုင်မြို့ကို ရွေးချယ်ပြသရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

**ပူးပေါင်းဆောင်ရွက်**

၁၃ ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲ ( 13th CAEXPO ) ကုန်စည်ပြပွဲကို နန်နင်းနိုင်ငံတကာ ညီလာခံနှင့် ပြပွဲစင်တာ [Nanning International Convention and Exhibition Center (NICEC) တွင် အသစ်ဆောက်လုပ်ထားသော ပြပွဲခန်းမများကိုပါ ယခုနှစ်ပြပွဲအတွက် အသုံးပြုသွားမည်ဖြစ်ကြောင်း ပြပွဲကျင်းပရေးကော်မတီက ထုတ်ပြန်ထားသည်။ ယင်းအပြင် အာဆီယံအဖွဲ့သည် တရုတ်နိုင်ငံမှ စီးပွားရေးလုပ်ငန်းများအတွက် ပင်မရင်းနှီးမြှုပ်နှံရာနေရာ တစ်ခုဖြစ်လာကာ အခြေခံအဆောက်အအုံ တည်ဆောက်ခြင်းနှင့် ပတ်သက်ပြီး ကြီးမားသည့်စီမံကိန်းမြောက်မြားစွာကို အတူတကွအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြသည်။ ထိုစီမံကိန်းများတွင် လျှပ်စစ်ဓာတ်အား၊ လမ်းတံတား၊ စိုက်ပျိုးရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ပါဝင်သည်။ ပိုမိုအဆင့်မြင့်ကောင်းမွန်သော CAEXPO ပြပွဲများ ထပ်မံဖွံ့ဖြိုးတိုးတက်လာစေရေး အာဆီယံနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်သွားရန် ဖြစ်ကြောင်း သိရသည်။

**ရည်ရွယ်ချက်**

ပြပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ တရုတ်-အာဆီယံ လွတ်လပ်သောကုန်သွယ်မှုနယ်မြေ တည်ထောင်ရေးကို အထောက်အကူပြုရန်နှင့် တရုတ်နှင့် အာဆီယံနိုင်ငံများအကြား ရင်းနှီးမြှုပ်နှံမှုများ တိုးတက်ဆောင်ရွက်နိုင်ရန်ဖြစ်သည်။

# မုံရွာအကျဉ်းထောင်တွင် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အမျိုးသမီး စက်ချုပ်၊ လက်ချုပ် သင်တန်းဖွင့်လှစ်

**မုံရွာ စက်တင်ဘာ ၆**
အကျဉ်းဦးစီးဌာန၏ ရည်မှန်းချက်ဖြစ်သည့် အကျဉ်းသား၊ အကျဉ်းသူများအား အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားပေးရန်ဟူသည့် ရည်ရွယ်ချက်ဖြင့် သင်တန်းများ ဖွင့်လှစ်သင်ကြားလျက်ရှိရာ မုံရွာအကျဉ်းထောင်အတွင်း အမျိုးသမီးအကျဉ်းသူများ စက်ချုပ်၊ လက်ချုပ်သင်တန်း (၂/၂၀၁၆)ဖွင့်ပွဲကို စက်တင်ဘာ ၅ ရက် နံနက် ၉ နာရီက မုံရွာအကျဉ်းထောင်အတွင်းရှိ အမျိုးသမီးအကျဉ်းဆောင်၌ ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် မုံရွာအကျဉ်းထောင်တာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မျိုးအောင်က "မုံရွာအကျဉ်းထောင်တွင် ပြစ်ဒဏ်ကျခံပြီးနောက် ပြင်ပနယ်ပယ်ကို ရောက်ရှိပါက အသက်မွေးဝမ်းကျောင်း အထောက်အကူပြု လုပ်ကိုင်နိုင်ရန် ရည်ရွယ်ပြီး အခုလိုသင်ကြားပေးခြင်းဖြစ်ကြောင်း၊ အသက်မွေးဝမ်းကျောင်းအတတ်ပညာများကို တတ်မြောက်ထားပါက မိမိနေထိုင်ရာ လူမှုနယ်ပယ်တွင် အကျိုးပြုဆောင်ရွက်နိုင်မှာဖြစ်ကြောင်း၊ ယင်းကြောင့် အားလုံးအနေဖြင့် အချိန်ကို အကျိုးရှိစွာ အသုံးချပြီး ကြိုးစားသင်ယူကြရန် လိုအပ်ကြောင်း၊ အသက်မွေးဝမ်းကျောင်းပညာရပ်များနှင့်အတူ ကိုယ်ကျင့်တရားနှင့် စိတ်ဓာတ်ပိုင်းဆိုင်ရာများ တိုးတက်မြင့်မားလာစေရေးအတွက် ပူးတွဲသင်ကြားပေးမည်ဖြစ်ကြောင်း၊ အရှုံးထဲကနေ အမြတ်ရရှိသွားအောင် ကြိုးစားသင်ယူသွားကြရန် တိုက်တွန်းလိုကြောင်း၊ အခါအခွင့်သင့်ပါက ယခုထက် အဆင့်မြင့်သည့် သင်တန်းများ ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့ပြီး အကျဉ်းသူများထံ သင်ထောက်ကူပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့သည်။

အဆိုပါ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု စက်ချုပ်၊ လက်ချုပ်သင်တန်းအား အကျဉ်းသူ နည်းပြသုံးဦးက တစ်ပတ်လျှင် ငါးရက်နှုန်းဖြင့် ရက်သတ္တ ၁၂ ပတ်ကြာ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**(ဖိုးချမ်း မုံရွာ)**



## ရွှေ့လျားပြခန်းယာဉ်ဖြင့် မူခင်းဆိုင်ရာအသိပညာပေးအစီအစဉ်များ လှည့်လည်ရှင်းလင်းပြသ

**ခင်ဦး စက်တင်ဘာ ၆**
ပြည်သူလူထုနှင့် ကျောင်းသား၊ ကျောင်းသူများအား ထိရောက်သော မူခင်းအသိပညာများရရှိစေရန် ရည်ရွယ်၍ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြင့်ကျော် ဦးဆောင်၍ ခင်ဦးမြို့နယ် ရဲတပ်ဖွဲ့မှူးရဲမှူး မျိုးသန့်နှင့် ရဲတပ်ဖွဲ့ဝင်များပူးပေါင်းပြီး စက်တင်ဘာ ၂ ရက် နံနက် ၇ နာရီက ခင်ဦးမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ရွှေ့လျားပြခန်းယာဉ်ဖြင့် ပြသခဲ့သည်။

ရွှေ့လျားပြခန်းယာဉ်တွင် မူခင်းအသိပညာပေး မှတ်တမ်းဓာတ်ပုံများ၊ လူကုန်ကူးမှုဆိုင်ရာ အသိပညာပေး ပိုစတာများ၊ မူးယစ်ဆေးဝါးများအန္တရာယ် အသိပညာပေး မှတ်တမ်းဓာတ်ပုံများအား ပြသထားပြီး ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြင့်ကျော်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကိုလည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မျိုးသန့်က မူးယစ်ဆေးဝါး အန္တရာယ်နှင့် မူးယစ်ဆေးဝါးသုံးစွဲပြီး နောက်ပိုင်း ဖြစ်ပေါ်လာသည့် ဆိုးကျိုးများ၊ ပြစ်မှုပြစ်ဒဏ်များ စသည့်တို့ကို ရှင်းလင်းပြောကြားရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ဝင်တစား နားထောင်ပြီး ပြသထားသည်များကို ကြည့်ရှုခဲ့သည်။

ယင်းနောက် မြို့နယ်ရဲတပ်ဖွဲ့ဝင်များက ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။ ဆက်လက်ပြီး ရွှေ့လျားပြခန်းယာဉ် သွားရာလမ်းတစ်လျှောက်ရှိ ကျေးရွာများကိုလည်း ရှင်းလင်းပြသပေးခဲ့ကြောင်း သိရသည်။

**စိုးဝေအောင်**

# ယင်းမာပင် မူလတန်းကျောင်း၌ ကုန်ကျစရိတ်နည်းသည့်ကစားကွင်း တာယာအဟောင်းများဖြင့် ပြုလုပ်



**ပုလဲ စက်တင်ဘာ ၆**
ယင်းမာပင်ခရိုင် ပုလဲမြို့နယ် နှောကန်ကျေးရွာရှိ အခြေခံပညာ မူလတန်းကျောင်း၌ ဆိုင်ကယ်နှင့် ကားတာယာအဟောင်းများကို အသုံးပြုကာ KG ကစားကွင်းတစ်ခုကို ဖန်တီးထားကြောင်းသိရသည်။

တန်ဖိုးအားဖြင့် ကုန်ကျစရိတ်နည်းပါးကာ ကျောင်းသား၊ ကျောင်းသူများအား အန္တရာယ်မဖြစ်စေဘဲ ကျန်းမာရေးကို များစွာအထောက်အကူပြုစေရန် ဆိုင်ကယ်နှင့် ကားတာယာအဟောင်းများကိုအသုံးပြု၍ ကလေးကစားကွင်းကို စီစဉ်ပြုလုပ်ပေးခြင်းဖြစ်ကြောင်း အဆိုပါကျောင်းမှ ကျောင်းအုပ်ဆရာမကြီးက ပြောသည်။

ဆိုင်ကယ်တာယာများကို ကြိုးများဖြင့်ချိတ်ဆက် ချည်နှောင်ထားပြီး အမြင့်ရောက်အောင် ခိုတက်နိုင်ရန် တွဲခိုစင်တစ်ခုအဖြစ် စီစဉ်ပြုလုပ်ထားပြီး ကားတာယာများကိုမူ လှိုင်ခေါင်းတစ်ခုသဖွယ် ဖန်တီး၍ ကျောင်းသား၊ ကျောင်းသူများ ပျော်ရွှင်စွာ ဝင်ထွက်ကစားနိုင်ရန် စီစဉ်ထားသည်။

အဆိုပါ ကစားကွင်းလေးကို ကျောင်းအုပ်ဆရာမကြီးက ဦးစီး၍ ကျောင်းအကျိုးတော်ဆောင်ကော်မတီများနှင့်အတူ ကျောင်းသားမိဘများ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကစားကွင်းတွင် လက်ရှိအချိန်၌ KG ကလေးငယ်များသာမက ဒုတိယတန်း ကလေးငယ်များအထိ ဆော့ကစားခွင့်ပေးထားပြီး ကစားနေစဉ်အတွင်း ကလေးငယ်များ အန္တရာယ်ကင်းစေရန် အနီးနားတွင် ကြီးကြပ်သူဆရာမတစ်ဦးကိုလည်း အမြဲထားရှိကာ စောင့်ကြည့်စေကြောင်း အဆိုပါကလေးကစားကွင်းတွင် လျှောစင်တစ်ခုကို ထပ်မံပြုလုပ်ပေးသွားရန် စီစဉ်ထားကြောင်း တာဝန်ရှိသူများ၏ပြောပြချက်အရ သိရသည်။

**မေသရဖူဖူး**

## ဝန်ဆောင်မှုကိုရှေးရှုသော ရဲလုပ်ငန်းပညာပေး ဟောပြောပွဲများဆောင်ရွက်

**စစ်တွေ စက်တင်ဘာ ၆**
ရခိုင်ပြည်နယ် မောင်တောခရိုင် တောင်ပြိုလက်ဝဲမြို့နယ်ခွဲ အ-ထ-က ကျောင်းခန်းမ၌ စက်တင်ဘာ ၄ ရက် မွန်းတည့် ၁၂ နာရီက ဝန်ဆောင်မှုကိုရှေးရှုသော ရဲလုပ်ငန်း အသိပညာပေးဟောပြောပွဲ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် မောင်တောခရိုင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်မြဝင်းနှင့်အဖွဲ့များ၊ တောင်ပြိုလက်ဝဲမြို့နယ်ခွဲ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းအောင်နှင့် ဌာနဆိုင်ရာများ၊ ကျောင်းဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ရပ်မိရပ်ဖများ တက်ရောက်ခဲ့ကြသည်။

ယင်းနောက် မောင်တောမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်မြဝင်းက အဖွင့်အမှာစကားပြောကြားပြီး မူးယစ်ဆေးဝါးနှင့် အန္တရာယ်၊ လူငယ်နှင့်မူးယစ်တွေ့ရှိပါက ဖြစ်ပေါ်လာမည့် ဆိုးကျိုးများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ လိုက်နာဆောင်ရွက်ရန် အချက်များနှင့် လူကုန်ကူးမှုများ၏လူစုဆောင်းမှုနည်းလမ်းများ၊ သတိပြုရမည့်အချက်များကို နေရာဒေသနှင့် နှိုင်းယှဉ် ဆွေးနွေးပြောကြားခဲ့သည်။

ဆက်လက်၍ အထူးသဖြင့် ဤဒေသတွင်း ယခုတလော WY စာတန်းပါ မူးယစ်ဆေးဝါးများ ကျယ်ပြန့်စွာဖြန့်ဖြူးရောင်းချခြင်းများနှင့် ကာကွယ်တားဆီးအရေးယူသည့် ကိစ္စရပ်များ၊ ပြစ်မှုပြစ်ဒဏ်များနှင့် ပတ်သက်၍မြန်မာနိုင်ငံရဲတပ်ဖွဲ့များ၏ ဝန်ဆောင်မှုလုပ်ငန်းများကို ခေတ်နှင့်အညီ ဆောင်ရွက်နေမှုများကို ပြည်သူများနှင့်ပူးပေါင်းပါဝင်ဆောင်ရွက်မှသာလျှင် အဆင်ပြေ ချောမောသွားမည်ဖြစ်ကြောင်းပြောကြားခဲ့သည်။

ယင်းနောက် တောင်ပြိုလက်ဝဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးသန်းအောင်က ဆွေးနွေးချက်များအပေါ် ဖြည့်စွက်ဆွေးနွေးပေးခဲ့ပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**စစ်တွေ(ပြန်ဆက်)**

## မတ္တရာမြို့နယ် ကံဘဲ့ကျေးရွာတွင် ကျန်းမာရေးစောင့်ရှောက်မှု ကွင်းဆင်း ဆောင်ရွက်

**မတ္တရာ စက်တင်ဘာ ၆**
မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် ကံဘဲ့ကျေးရွာတွင် တိုင်းဒေသကြီးဝန်ကြီးများ၏ ဇနီးများ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် မြင့်မြတ်ဧရာဝတီလူမှုကွန်ရက်တို့ပူးပေါင်း၍ ကျန်းမာရေး အသိပညာပေးဟောပြောပွဲနှင့် အခမဲ့ဆေးကုသခြင်းကို စက်တင်ဘာ ၃ ရက်က အဆိုပါကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကျန်းမာရေး အသိပညာပေးဟောပြောပွဲတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၏ဇနီး ဒေါက်တာယုယုမေက တီဘီရောဂါအကြောင်းသိကောင်းစရာများ၊ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီး၏ ဇနီး ဒေါက်တာခင်ခင်ချိုက သွေးလွန်တုပ်ကွေးရောဂါအကြောင်း သိကောင်းစရာများနှင့် ဆောင်ရန် ရှောင်ရန် များ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသစ်တောရေးရာဝန်ကြီး၏ ဇနီး ဒေါ်မီမီလှိုင်က ရေသန့်အကြောင်းသိကောင်း စရာများ၊ ဒေါက်တာမျိုးသက်ခိုင်က သွားနှင့်ခံတွင်း ရောဂါအကြောင်း သိကောင်းစရာများ (ကွမ်းစားခြင်းမှ သွားကျန်းမာရေးနှင့်ကင်ဆာဖြစ်ပွားစေသော အကြောင်းအရာများ)၊ ဥပဒေချုပ်၏ဇနီး ဒေါ်သန်းဝင်းက လက်ဆေးခြင်းအကြောင်းသိကောင်းစရာများ၊ မတ္တရာမြို့နယ် ကျန်းမာရေးဦးစီးဌာန မိခင်ကလေး ကျောင်းကျန်းမာရေးနှင့် အာဟာရဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာ စောယုခိုင်က ကိုယ်ဝန်ဆောင်၏ လက္ခဏာများနှင့် ဆောင်ရန်ရှောင်ရန်များအကြောင်း သိကောင်းစရာများ စသည်တို့ကို ဟောပြောခဲ့ကြ ကြောင်း သိရသည်။

အဆိုပါကျေးရွာနှင့် အနီးရှိကျေးရွာမှ လာရောက်ကုသသည့် ဒေသခံပြည်သူ ၃၂၈ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုများပေးနိုင်ခဲ့ကြောင်း သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**

## ရေကြီးနစ်မြုပ် စိုက်ပျိုးဧရိယာများတွင် ပြန်လည် အစားထိုး စိုက်ပျိုးရန် ပဲတီစိမ်း မျိုးစေ့များ ထောက်ပံ့

**ဆင်ပေါင်ဝဲ စက်တင်ဘာ ၆**
မကွေးတိုင်းဒေသကြီး သရက်ခရိုင် ဆင်ပေါင်ဝဲမြို့နယ် ကျွန်းကျေးရွာမဲ့ရွာရုံ၌ မိုးနှမ်းရေကြီးနစ်မြုပ်ဧရိယာများတွင် ပဲတီစိမ်းအစားထိုး ပြန်လည် စိုက်ပျိုးနိုင်ရေး အတွက် တောင်သူပညာပေးဆွေးနွေးပွဲနှင့် ပဲတီစိမ်းမျိုးစေ့များ ထောက်ပံ့ပေးအပ်ပွဲကို စက်တင်ဘာ ၄ ရက်က ပြုလုပ်ရာ သီးနှံရေကြီးနစ်မြုပ် ပျက်စီးခဲ့သည့် တောင်သူများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများ တက်ရောက်ခဲ့ကြသည်။

အဆိုပါ ဆွေးနွေးပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးတင့်က မိုးနှမ်းပျက်စီးဧရိယာများတွင် ပဲတီစိမ်းသီးနှံ အစားထိုးပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် လိုအပ်သောနည်းပညာများကို ပညာပေးဆွေးနွေးခြင်းနှင့် တောင်သူများ သိလိုသမျှ ပြန်လည်ဖြေကြားရှင်းလင်းခြင်းတို့ ဆောင်ရွက်ခဲ့ပြီး အစားထိုးသီးနှံ ပဲတီစိမ်း ၁၃၃ ဧက ပြန်လည် စိုက်ပျိုးနိုင်ရန်အတွက် လိုအပ်သော ပဲတီစိမ်းမျိုးစေ့ ၂၅ တင်းကို တောင်သူများလက်ဝယ်သို့အရောက် ပေးအပ်ခဲ့ကြောင်း တာဝန်ရှိသူများ၏ ပြောကြားချက်အရ သိရသည်။**(မြို့နယ်ပြန်/ဆက်)**

# တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်
# သင်တန်းသားများအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ အမျိုးသား(လူပျို)ဖြစ်ရမည်။

(ခ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ(၁)လအတွင်းရရှိသည့် ထောက်ခံစာမူရင်းနှင့်ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၃)ပုံတို့ကို ပူးတွဲတင်ပြရမည်။

(ဂ) လျှောက်ထားသူသည် ၁-၁-၂၀၁၇ ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်ထက်မကြီးရ။

(ဃ) အနည်းဆုံးအရပ် (၅)ပေ (၃)လက်မနှင့် ကိုယ်အလေးချိန်(၁၀၀)ပေါင်ထက်မနည်းရ။ပေါင်(၁၄၀)ထက် မကျော်ရ။

(င) မျက်မှန် တပ်ဆင်ထားသူ မဖြစ်စေရ။

(စ) မိဘအုပ်ထိန်းသူ၏ ခွင့်ပြုချက်ရရှိရမည်။

(ဆ) လျှောက်လွှာနှင့်အတူပါရှိသော ဆေးစစ်ပုံစံဖြင့် မိမိတို့နေထိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး/ မြို့နယ်ရှိ တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတွင် ပဏာမကျန်းမာရေး စစ်ဆေးအောင်မြင်သူ ဖြစ်ရမည်။

(ဇ) တက္ကသိုလ်ဝင်စာမေးပွဲကို ရူပဗေဒ၊ ဓာတုဗေဒနှင့် ဇီဝဗေဒဘာသာတွဲများဖြင့် အောင်မြင်ပြီးသူ ဖြစ်ရမည်။ (အမှတ်စာရင်းတင်ပြရမည်။)

(ဈ) တပ်မတော်၏အုပ်ချုပ်မှုစနစ်အတိုင်း လိုက်နာဆောင်ရွက်နိုင်သူ ဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် ၇-၉-၂၀၁၆ ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။ လျှောက်လွှာကို ၂၀-၁၀-၂၀၁၆ ရက်နေ့ နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော တိုင်းစစ်ဌာနချုပ်များသို့ ပြန်လည်ပေးပို့ကြရမည်။

၃။ သင်တန်းဝင်ခွင့် အရည်အချင်းစစ် စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့် ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင် စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း မိမိလျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်၌ ၅-၁၁-၂၀၁၆ ရက်နေ့တွင် ဖြေဆိုကြရမည် ဖြစ်ပါသည်။

၄။ အရည်အချင်းစစ် စာမေးပွဲအောင်စာရင်းကို တိုင်းစစ်ဌာနချုပ်များတွင် ၂၅-၁၁-၂၀၁၆ ရက်နေ့မှ ၂၆-၁၁-၂၀၁၆ ရက်နေ့အတွင်း ထုတ်ပြန်ကြေညာမည်။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် ၂-၁-၂၀၁၇ ရက်နေ့မှ ၉-၁-၂၀၁၇ ရက်နေ့အတွင်း တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၁၄၀၀၀၀)ကျပ်၊ ဒုတိယနှစ်(၁၄၅၀၀၀)ကျပ်၊ တတိယနှစ်(၁၅၀၀၀၀)ကျပ်၊ စတုတ္ထနှစ်(၁၅၅၀၀၀)ကျပ် ရရှိမည်။

၆။ သင်တန်းအောင်မြင်ပြီးလျှင် မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် အောက်ပါဘွဲ့များ အပ်နှင်းပေးမည်-

(က) သူနာပြုသိပ္ပံဘွဲ့ B.N.Sc(Bachelor of Nursing Science)

(ခ) ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့ B.Pharm(Bachelor of Pharmacy)

(ဂ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်ခွဲနည်းပညာ) B.Med.Tech (Medical Laboratory Technology)

(ဃ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှုနည်းပညာ) B.Med.Tech (Physiotherapy)

(င) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ) B.Med.Tech (Medical ImagingTechnology)

၇။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် **သူနာပြု(Nurse)**နှင့် **ဆေးဘက်ကျွမ်းကျင်သူများ**အဖြစ် ခန့်အပ်ပေးမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် **မဟာသိပ္ပံဘွဲ့ (Master of Science)** နှင့် **ပါရဂူဘွဲ့ (Ph.D )** သင်တန်းများ တက်ရောက်ခွင့် ရရှိမည်။

၈။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)/ ဆေးဘက်ကျွမ်းကျင်သူ(တတိယတန်း) အမှုထမ်းသက် (၁)နှစ်၊ အထက်တန်းသူနာပြု /ဆေးဘက်ကျွမ်းကျင်သူ (ဒုတိယတန်း) အမှုထမ်းသက်(၂)နှစ်၊ စုစုပေါင်း(၃)နှစ် ပြည့်မြောက်ပြီး သက်ဆိုင်ရာတို့မှ ပြန်တမ်းဝင်အရာရှိအဖြစ် အဆင့်တိုးမြှင့်ပေးရန် ထောက်ခံတင်ပြလျှင် **ဒုတိယဗိုလ်(အထက်တန်းသူနာပြု/ ကျွမ်းကျင်သူ(ဒုတိယတန်း))**အဖြစ် စတင်ခန့်အပ်ပေးမည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

# တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းသူအမျိုးသမီးများအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ အမျိုးသမီး(အပျို)ဖြစ်ရမည်။

(ခ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ(၁)လအတွင်း ရရှိသည့် ထောက်ခံစာမူရင်းနှင့်ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၃)ပုံတို့ကို ပူးတွဲတင်ပြရမည်။

(ဂ) လျှောက်ထားသူသည် ၁-၁-၂၀၁၇ရက်နေ့တွင်အသက်(၁၆)နှစ်အောက် မငယ်ရ(၁၈)နှစ်ထက်မကြီးရ။

(ဃ) အနည်းဆုံးအရပ် (၅)ပေ (၂)လက်မနှင့် ကိုယ်အလေးချိန်(၉၅)ပေါင်ထက်မနည်းရ။

(င) မျက်မှန် တပ်ဆင်ထားသူ မဖြစ်စေရ။

(စ) မိဘအုပ်ထိန်းသူ၏ ခွင့်ပြုချက်ရရှိရမည်။

(ဆ) လျှောက်လွှာနှင့်အတူပါရှိသော ဆေးစစ်ပုံစံဖြင့် မိမိတို့နေထိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး/ မြို့နယ်ရှိ တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတွင် ပဏာမကျန်းမာရေး စစ်ဆေးအောင်မြင်သူ ဖြစ်ရမည်။

(ဇ) တက္ကသိုလ်ဝင်စာမေးပွဲကို ရူပဗေဒ၊ ဓာတုဗေဒနှင့် ဇီဝဗေဒဘာသာတွဲများဖြင့် အောင်မြင်ပြီးသူ ဖြစ်ရမည်။ (အမှတ်စာရင်းတင်ပြရမည်။)

(ဈ) တပ်မတော်၏အုပ်ချုပ်မှုစနစ်အတိုင်း လိုက်နာဆောင်ရွက်နိုင်သူ ဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် ၇-၉-၂၀၁၆ ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။ လျှောက်လွှာကို ၂၀-၁၀-၂၀၁၆ ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော တိုင်းစစ်ဌာနချုပ်များသို့ ပြန်လည်ပေးပို့ကြရမည်။

၃။ သင်တန်းဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့် ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင် စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း မိမိလျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်၌ ၁၉-၁၁-၂၀၁၆ ရက်နေ့တွင် ဖြေဆိုကြရမည် ဖြစ်ပါသည်။

၄။ အရည်အချင်းစစ်စာမေးပွဲ အောင်စာရင်းကို တိုင်းစစ်ဌာနချုပ်များတွင်၁၂-၁၂-၂၀၁၆ ရက်နေ့မှ ၁၃-၁၂-၂၀၁၆ ရက်နေ့အတွင်း ထုတ်ပြန်ကြေငြာမည်။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် ၉-၁-၂၀၁၇ ရက်နေ့မှ ၁၆-၁-၂၀၁၇ ရက်နေ့အတွင်း တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ ရွေးချယ်ခံရသူများသည် တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်တွင် (၄)နှစ် တက်ရောက်ရမည်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက **သူနာပြုသိပ္ပံဘွဲ့ (Bachelor of Nursing Science)** ရရှိမည်ဖြစ်ပါသည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၁၄၀၀၀၀)ကျပ်၊ ဒုတိယနှစ်(၁၄၅၀၀၀)ကျပ်၊ တတိယနှစ်(၁၅၀၀၀၀)ကျပ်၊ စတုတ္ထနှစ်(၁၅၅၀၀၀)ကျပ် ရရှိမည်။

၆။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ ဆေးဝန်ထမ်းတပ်ဖွဲ့တွင် **သူနာပြု (Nurse)**အဖြစ် ခန့်အပ်ပေးမည် ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက **သူနာပြုမဟာသိပ္ပံဘွဲ့ (Master of Nursing Science)** နှင့် **သူနာပြုပါရဂူဘွဲ့ (Ph.D Nursing)** ဘွဲ့သင်တန်းများ တက်ရောက်ခွင့်ရရှိမည်။

၇။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)အဖြစ် အမှုထမ်းသက်(၁)နှစ်၊ အထက်တန်းသူနာပြု အမှုထမ်းသက်(၂)နှစ်၊ စုစုပေါင်း(၃)နှစ် ပြည့်မြောက်ပြီး သက်ဆိုင်ရာတို့မှ ပြန်တမ်းဝင်အရာရှိအဖြစ် အဆင့်တိုးမြှင့်ပေးရန် ထောက်ခံတင်ပြလျှင် ဒုတိယဗိုလ်(အထက်တန်းသူနာပြု)အဖြစ် စတင်ခန့်အပ်ပေးမည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်း မေးမြန်းနိုင်သည်။

CIMA Chartered Institute of Management Accountants

Better Skills. Better Career

The CIMA Certificate in Business Accounting elevates people and businesses to success by developing skills and unlocking talent. The qualification offered by CIMA trains you well on accounting skills, business skills, people skills and leadership skills – skills that employers need today.

BUILT FOR BUSINESS
The Qualification addresses the needs of people and businesses worldwide.

UNLOCKING TALENT
The Qualification unleashes potential in business and finance professionals and unlocks talent in businesses.

SKILLS FOR TOMORROW
Our competency-based syllabus equips you with the skills you need now and in the future.

GLOBALLY RECOGNISED
Go further with a globally recognised qualification that gives you the skills and knowledge employers demand.

*Exclusively for the Young Accountants Employability Programme. Terms and conditions apply.

Enjoy up to 90%* scholarship on CIMA fee



Unlock your career potential with the CIMA qualification today.
Wendy Tin Win Kyi CIMA Country Representative
T. + 95 (0) 9 4253 20504 E. wendy.tinwinkyi@cimaglobal.com

တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများ၊ ဘွဲ့ကြို၊ ဘွဲ့ရနှင့် ရုံးဝန်ထမ်းများအတွက်



GETC George English Training Centre
building a better future

▲Communicative English
▲General English ▲FCE
Enroll Now for September Intake!

| မြေနီကုန်း | တာမွေ | အင်းစိန် | မရမ်းကုန်း |
|---|---|---|---|
| 01-537895, 09262963776 | 01-549590, 09254148006 | 09259822226/ 7 | 01-663960, 09259822220 |

အင် ——— အဝိုင်ချွင်လဲ အလှုပ်ချွင်လဲ
MWD VARIETY လိုင်းတွင်ဝင်တိုင်ဟောပြောနေသော
ဆရာရှင်မင်း(B.A)
အကြားအမြင် မနေ့ခါစွမ်းအား
09-421164768, 09-974088891

ဥပဒေ အကယ်ဒမီ
Mandaing Law Academy
အိမ်ခြံမြေလုပ်ငန်းလိုင်စင်သင်တန်း
ဘာသာရပ်အလိုက် ခွဲခြားဖွင့်ပါမည်
- အိမ်ခြံမြေဆိုင်ရာ အာမခံလုပ်ငန်းဘာသာရပ်
- ၂၅-၉-၂၀၁၆ မှ ၃၀-၉-၂၀၁၆နေ့ထိ တပါတ်သင်တန်း၊
- နေ့စဉ် နံနက်(၈)နာရီမှ (၉း၃၀)နာရီအထိ
- ကျူသင်တန်းကြေး ၃၀၀၀၀/- (သုံးသောင်းကျပ်)
- ပါရင့် ဥပဒေပညာရှင်နှင့် လိုင်စင်ရ အာမခံလုပ်ငန်း လက်တွေ့လုပ်ကိုင်သူများက သင်ကြားပါမည်။
အမှတ် 113၊ 31 လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း -01-377710 / 01-708847

" UK မှ ချီးမြှင့်မည့် ဂုဏ်ထူးတန်းဘွဲ့ကို မြန်မာပြည်တွင်ပင် တက်ရောက်ပြီးရယူနိုင်ပါပြီ "

Scholarship Available!



October Intake!

STI MYANMAR UNIVERSITY
University of Bedfordshire

BA(Hons) in Business Administration (Top-up)
University of Bedfordshire (UK) မှ တိုက်ရိုက်ချီးမြှင့်မည့် စီးပွားရေးစီမံခန့်ခွဲမှု ဂုဏ်ထူးတန်း

သတ်မှတ် IELTS ရှိရန်လိုအပ်ပြီး STIMU မှ Advanced Diploma ပြီးထားသူများ၊ တက္ကသိုလ်တစ်ခုမှ ဘွဲ့ရရှိပြီးသူများ၊ ABE နှင့် HND၊ အဆင့်မြင့် Diploma အောင်မြင်ပြီးသူများ တိုက်ရိုက်ဝင်ခွင့် လျှောက်ထားနိုင်ပါသည်။ သတ်မှတ် IELTS မပြည့်မီပါက STIMU တွင် အင်္ဂလိပ်စာသင်တန်း ထပ်မံတက်ရောက်ရပါမည်။

✸ Education Loan Program ရှိပြီး သင်တန်းကာလမှာ (၁)နှစ်ကြာမြင့်ပါမည်။

Block-10, MICT Park, လှိုင်တက္ကသိုလ်၊ ရန်ကုန်။ Ph: 507151/52, 377988, 09 250064451
https://www.facebook.com/STIMyanmarUni www.stiedu.net

# ကြော်ငြာ

## နန်းဦးကျိုင် ဘိုးတော်အောင်မင်းခေါင်ထွက်ပွဲ

- ဘိုးတော်အောင်မင်းခေါင်ထွက်ပွဲ၊ ပုပ္ပါး ညအိပ်(သီးသန့်)(၃)ရက် **16-9-2016 ထွက်မည်**
- အဘထွက်ပွဲ၊ ပုပ္ပါး၊ ပုဂံဘုရားစုံဖူး၊ ညောင်ဦး၊ စွယ်တော်လေးဆူ၊ ပခုက္ကူ၊ သီဟိုဠ်ရှင် (၄)ရက်။
- အဘထွက်ပွဲ၊ ပုပ္ပါး၊ ပုဂံဘုရားစုံဖူး၊ ညောင်ဦး၊ စွယ်တော်လေးဆူ၊ ပခုက္ကူ၊ သီဟိုဠ်ရှင်၊ တောင်ကြီး၊ အင်းလေး၊ ပင်းတယ (၇)ရက်။ ဆက်၍ လှိုင်ကော် တောင်ကွဲစေတီ၊ ဆီးပွင့်ကန်ပါ (၈)ရက်။
- အဘထွက်ပွဲ၊ ပုပ္ပါး၊ တောင်ကြီး၊ အင်းလေး၊ ပင်းတယ (၆)ရက်။ ဆက်၍ လှိုင်ကော်ပါ (၇)ရက်။
- အဘထွက်ပွဲ၊ ပုပ္ပါး၊ ပုဂံ၊ ညောင်ဦး၊ စွယ်တော်လေးဆူ၊ မန္တလေး၊ စစ်ကိုင်း၊ မုံရွာ၊ ပြင်ဦးလွင် (၇)ရက်။
- ပုဂံ၊ ပုပ္ပါး၊ စွယ်တော်လေးဆူ၊ ပခုက္ကူ၊ သီဟိုဠ်ရှင် (၄)ရက်။ ● မန္တလေး၊ စစ်ကိုင်း၊ မုံရွာ၊ ပြင်ဦးလွင် (၄)ရက်။
- တောင်ကြီး၊ အင်းလေး၊ ပင်းတယ (၄)ရက်။ ဆက်၍ လှိုင်ကော်ပါ (၅)ရက်။

ရုံးဖုန်း 01-391577, သမ်းလှ 09-5122961, 09-254340569, တောလက်ရောင် 09-254821597

## UNIQUE STAR TRAVELS & TOURS

| | | | |
|---|---|---|---|
| ဝန်ကောက် | (6D/5N) | Sep: 12, 19, 26 / Oct: 8, 22 / Nov: 5, 12 | (300 $ / 400 $) |
| ဗီယက်နမ် | (5D/4N) | Sep: 12, 26 / Oct: 8, 15, 22 / Nov: 5, 12 | (300 $ / 400 $) |
| ဝင်ကာပူ | (4D/3N) | Sep: 12, 19, 26 / Oct: 8, 22 / Nov: 5, 12 | (400 $ / 500 $) |
| ချင်းမိုင်/ ဖူးခက် | (4D/3N) | Sep: 12, 19 / Oct: 8, 22 / Nov: 5, 12 | (300 $ / 400 $) |
| ဂျပန်/ ကိုရီးယား | (9D/8N) | Sep: 16 / Oct: 15 / Nov: 11 | (2800 $ / 1900 $) |
| ပီကင်း၊ ရှန်ဟိုင်း | (8D/7N) | Sep: 17 / Oct: 15 / Nov: 5, 12 | (1480 $) |
| ဟောင်ကောင်၊ မကာအို၊ ကွမ်ကျိုး | (8D/7N) | Sep: 16 / Oct: 15 | (1380 $) |

No(70/A),Kabaaye Pagoda Rd. Ph: 708 353, 705 723, 09 7310 9133 -44 -55 -66, 09 514 8079.

## NAY LIN AUNG
FINANCE & ACCOUNTANCY ACADEMY

# LCCI (UK)
## Level I,II & III

For April 2017 Exam

စုံစမ်းစာရင်းသွင်းနိုင်ပါပြီ။

Nay Lin Aung Finance & Accountancy Academy

## အာရှနဂါး
မြဝတီ / ကျိုက်ထီးရိုး
ချောင်းသာ / ငွေဆောင်
Ph : 703790, 09 799100100
707062, 09 797100100

## ရွှေပင့်ကူ
အဘထွက်ပွဲ
အဘထွက်ပွဲ၊ ပုပ္ပါး၊ အဘရွာ
30000/-
Sep-17 ထွက်မည်

## DADDY
ပုပ္ပါးအဘထွက်ပွဲ-ပုဂံ
၂ည/၃ရက်
Sep:16 ထွက်မည်
စား၊ တည်း (ငြိမ်း)
09 448001903

## ဂုဏ်ရည်ရှိ ဗုဒ္ဓဂယာနှင့် သိဒ္ဓိလေးဌာနဘုရားဖူးအဖွဲ့

**(၁၄)ည (၁၅)ရက်ခရီးစဉ်** သံဝေဇနီယ(၄)ဌာန၊ အဝိဇဟိတ(၄)ဌာန၊ နယူးဒေလီ၊ အာဂရာ(တပ်ချ်မဟာ) + နီပေါလ်

ထွက်ခွာမည့်ရက် 1,15 Oct/5,19 Nov/2,21 Feb/23 Mar/8 Apr

**(၇)ည (၈)ရက်ခရီးစဉ်** သံဝေဇနီယ(၄)ဌာန၊ သတ္တဌာန(၇)ဌာန + နီပေါလ် 3* & 4* ဟိုတယ်တည်း၊ အစားအသောက်(ငြိမ်း) 15 Oct

ဝန်ဆောင်မှုများ - (မြန်မာ့ဘုန်းကြီးကျောင်းတည်း) ခရီးစဉ်တလျှောက်လုံးမြန်မာဘုန်းကြီးကျောင်းများတွင်တည်းခို၍ အာဂရာနှင့် နယူးဒေလီတွင် ဟိုတယ်၌ တည်းခိုရပါမည်။ နံနက်စာ၊ နေ့လည်စာ၊ ညစာများကို မြန်မာဘုန်းကြီးကျောင်းများတွင်သုံးဆောင်ပါမည်။ တည်းခိုရာတွင် အမျိုးသား၊အမျိုးသမီးခွဲ၍ သီးသန့်တည်းခိုရပါမည်။

# ကာတီယာစိန်တိုက်

- 1ct အောက်မှ 10ct အထက်ထိ စိန်ပွင့်ကြီးများကို သက်သာသော နှုန်းထားများဖြင့် ရောင်းချပေးနေပါသည်။
- စိန်အကြွေဆိုဒ်စုံများကိုလည်း မိမိစိတ်တိုင်းကျ 1 ပွင့် ချင်းစီ ရွေးချယ် ဝယ်ယူနိုင်ပါသည်။
- Colombian Emerald (မြ) ဆိုဒ်စုံများကိုလည်း ရောင်းချပေးနေပါသည်။

"အို...ပိုက်ဆံများရှိလို့ကတော့ ကာတီယာစိန်တိုက်က စိန်တွေကိုဝယ်ပြီး တစ်ကိုယ်လုံးကို စိန်စီပစ်လိုက်မှာ..."

Show Room(I) No.137 ရွှေဘုံသာလမ်း(အောက်) Tel : 246838, 384905, 241929
Show Room(II) No.52 အရှေ့ဘက်အပြင်တန်းဗိုလ်ချုပ်အောင်ဆန်းဈေး Tel : 253308

Visit
The 3rd International Processing &Packaging Exhibition for Myanmar
တတိယအကြိမ်မြောက် နိုင်ငံတကာ ထုတ်လုပ်ခြင်း နှင့် ထုတ်ပိုးခြင်းဆိုင်ရာပြပွဲ

# PROPAK MYANMAR 2016
## 22-24 SEPTEMBER 2016
Myanmar Event Park (MEP), Yangon, Myanmar
(9.00-17.00 Hrs.)

Total Processing & Packaging Solutions: FoodDrinkPharma | DRINKTECH MYANMAR 2016 | PLASPAK MYANMAR 2016

Including:
- Over 200 Exhibitors from 21 countries
- 5 International Pavilions from China, Italy, Singapore, Taiwan and Thailand
- Industry Conferences & Seminars



Pre-register at www.propakmyanmar.com
Information Hotline Contact: U Htet Wai Zaw,
Tel:+95-1 513 515-519 Email:marketing@informationmatrix.com

Supported by: MFPEA, MIA, FoSTA | Organised by: BES, Allworld Exhibitions, Bangkok Exhibition Services Ltd.

# MANUFACTURING 2016 Myanmar

Manufacturing Myanmar #ManufacturingMyanmar

တတိယအကြိမ်မြောက် နိုင်ငံတကာ ကုန်ထုတ်လုပ်ရေးစက်ပစ္စည်းများ၊ ကိရိယာများ၊ ကုန်ကြမ်းပစ္စည်းများနှင့် ဝန်ဆောင်မှုများဆိုင်ရာပြပွဲ

## ၂၂ - ၂၄ စက်တင်ဘာ ၂၀၁၆
(ကြာသပတေး - စနေ) ပြပွဲကျင်းပချိန် - နေ့စဉ် မနက် (၉)နာရီမှ ညနေ (၅)နာရီအထိ
MYANMAR EVENT PARK (MEP)
ရန်ကုန်၊ မြန်မာ

Manufacturing Myanmar သည် အကောင်းဆုံးသော စီးပွားရေးအခွင့်အလမ်းများကို သင့်အိမ်တံခါးဝသို့ ယူဆောင်လာပါသည်။

- ကုန်ထုတ်လုပ်ရေးလုပ်ငန်းအမျိုးမျိုးအတွက် ပြည့်စုံသော စက်ပစ္စည်းများ၊ ကိရိယာ၊ နည်းပညာနှင့် နည်းလမ်းအဖြေများကို တစ်နေရာတည်းတွင် မြင်တွေ့နိုင်ပါမည်။
- CAMPRO, FESTO, GOODWAY, GUEHRING, NIKON, OLYMPUS, OPTICAL GAGING, OSG, SUHNER, TRUMPF, VÖLKEL, WIDIN တို့ကဲ့သို့ နိုင်ငံတကာမှ ကုန်ပစ္စည်းတံဆိပ်မျိုးစုံနှင့် အခြားသော အမှတ်တံဆိပ်များကိုလည်း တွေ့မြင်နိုင်ပါမည်။
- သင့်ကုမ္ပဏီအတွက် လုပ်ငန်းလုပ်ကိုင်နိုင်စွမ်းနှင့် ဝင်ငွေကို တိုးတက်စေမည့် လုပ်ငန်းဆိုင်ရာ နောက်ဆုံးပေါ် ဖွံ့ဖြိုးမှုများကိုလည်း ကျွမ်းကျင်သူများထံမှ လေ့လာနိုင်ပါမည်။
- ပြည်တွင်းမှ ကုန်ထုတ်လုပ်ငန်းရှင်များအပါအဝင် ကမ္ဘာတစ်ဝန်းမှကုန်သွယ်ရေးဆိုင်ရာ လုပ်ငန်းရှင် (၂,၀၀၀) ကျော်နှင့်တွေ့ဆုံပြီး အကျိုးတူဆောင်ရွက်မှုများ ပြုလုပ်နိုင်ကာ ဖြစ်နိုင်ခြေရှိသော စီးပွားရေးဆိုင်ရာ အခွင့်အလမ်းများကိုလည်း ရှာဖွေနိုင်ပါမည်။

ပြပွဲတွင်ပြသမည့် စိတ်ဝင်စားစရာကောင်းသော ကုန်ပစ္စည်းများကို Online Show Catalogue မှတစ်ဆင့်ကြိုတင်လေ့လာနိုင်ပါသည်။



www.ManufacturingMyanmar.com

ပူးပေါင်းပါဝင်သည်: TOOLS & HARDWARE 2016 Myanmar | စီစဉ်သူ: SINGAPORE EXHIBITION SERVICES | ကမ္ဘာအနှံ့မှ ပူးပေါင်းဆောင်ရွက်သူများ: oes, Allworld Exhibitions

ကူညီပံ့ပိုးသည့် အဖွဲ့အစည်းများ: Ministry of Industry SMEs Development Department, MIA, Myanmar Engineering Society

ဆက်သွယ်စုံစမ်းရန်
၀၁ ၅၁၂ ၈၈၇


wave money
YOMA BANK
The Responsible Bank.
telenor
လွယ်ကူ၊ လျင်မြန်ငွေလွှဲရန်
JOIN THE LUCKY DRAW NOW!
NEW MITSUBISHI CAR
500,000 MMK
SONY 48" LED TV
SAMSUNG S7 EDGE 32 GB
Wave Money ဆိုင်သို့သွားပြီး (သို့) Wave Money App နဲ့
ငွေလွှဲ၊ ငွေထုတ်ရင်း Lucky Draw အစီအစဉ်မှာ ပါဝင်ဆင်နွှဲလိုက်ပါ။
အသေးစိတ်အချက်အလက်များအတွက် အချိန်မရွေးခေါ်ဆိုမေးမြန်းရန်
တယ်လီနောအသုံးပြုသူများ - ၉၀၀၊
တယ်လီနောအသုံးမပြုသူများ - ၀၉၇၉၀၀၀၉၀၀၀
ပရိုမိုးရှင်းအစီအစဉ်များ ပိုမိုသိရှိနိုင်ရန်
Facebook.com/WaveMoney
တွင်ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။
ကံစမ်းမဲအစီအစဉ်
• Wave Money ရဲ့ကံစမ်းမဲအစီအစဉ်ကို Digital Money Myanmar Limited မှ (၄၅)ရက်ကြာ ပြုလုပ်မှာဖြစ်ပါတယ်။
• ဆုမဲများအနေဖြင့် Mitsubishi Car ကားအသစ် 1စီး၊ Sony LED 48" တီဗွီ 2 လုံး၊ Samsung S7 Edge 32 GB ဖုန်း 2 လုံးနှင့် Wave အကောင့်ထဲထည့်ပေးမယ့် E-money 5 သိန်းဖိုးတို့ ပါဝင်ပါတယ်။
• Wave ဆိုင်ငွေလွှဲမှုဖြစ်စေ၊ Wave အကောင့်မှုဖြစ်စေ Wave Money ဖြင့် မည်သည့်လုပ်ငန်းစဉ်ကိုမဆို ပြုလုပ်ပြီး ကံစမ်းမဲ အစီအစဉ်မှာ ပါဝင်နိုင်ပါတယ်။ အကျုံးဝင်သော လုပ်ငန်းစဉ်များ - ငွေသွင်းခြင်း၊ ငွေထုတ်ခြင်း၊ ငွေလွှဲခြင်း၊ ငွေလက်ခံခြင်းနှင့် ဖုန်းငွေဖြည့်ခြင်း။
• ကံထူးရှင်များကို ဖုန်းဆက်အကြောင်းကြားသွားမှာ ဖြစ်ပါတယ်။
• ကံစမ်းမဲအစီအစဉ် အသေးစိတ်အချက်အလက်များအတွက် Wave Money Facebook Page facebook.com/WaveMoney မှာဝင်ရောက်လေ့လာနိုင်ပါတယ်။

Since 1986
# KMD Institute



**Hotline: 09 262 600450**

www.facebook.com/kmdedu.mm

ကွန်ပျူတာဖြင့် အသက်မွေးဝမ်းကျောင်းပြုလိုသူများအတွက်
အခြေခံမှစ၍ နိုင်ငံတကာအဆင့်ထိ
ကွန်ပျူတာသင်တန်းများကို ရွေးချယ်တက်ရောက်နိုင်ပါပြီ...

**ဘာကြောင့် KMD မှာ တက်ရောက်သင့်တာလဲ ?**

- သင်ထောက်ကူပစ္စည်းများနှင့် သင်ရိုးညွှန်းတမ်း ကောင်းမွန်စုံလင်ခြင်း
- အတွေ့အကြုံရင့်ကျက်သော ဆရာ/မ များမှ စနစ်တကျ သင်ကြားပေးခြင်း
- စိတ်အေးချမ်းသာမှုရှိသော အဲယားကွန်းအခန်းထဲတွင် စာသင်ကြားနိုင်ခြင်း
- စင်တာခွဲပေါင်း (၁၃၈) စင်တာရှိခြင်းကြောင့် နီးစပ်ရာ ကျောင်းများတွင်အလွယ်တကူ တက်ရောက်နိုင်ခြင်း

**လုပ်ငန်းခွင်သုံး ကွန်ပျူတာသင်တန်းများ**

- i-Office 2016
- Layout Design Course
- Graphic Design Course
- Effective Presentation with Powerpoint
- Computerized Accounting (MYOB)
- LCCI Level I, II, III(Book Keeping & Accounting)
- AutoCAD 2014
- 3D Max Engineering
- Revit Architectural
- Excel in Business Application
- Computer for Kids

| (ပန်းဆိုးတန်း) | (သိမ်ကြီးဈေး) | (တာမွေ) | (မြေနီကုန်း) | (လမ်းမတော်) | (လှည်းတန်း-၁၂) |
|---|---|---|---|---|---|
| ၃၈၀၀၃၅၊ ၃၈၅၈၇၇ | ၃၈၄၂၆၈၊ ၃၈၄၆၄၁ | ၅၄၁၃၂၈ | ၅၂၇၄၃၆၊ ၅၀၂၂၃၃ | ၂၂၀၅၅၅၊ ၂၃၀၁၀၈၁ | ၅၂၄၄၀၀၊ ၅၀၂၂၁၁ |

# သတိုးအောင်ဇေယျ DESKTOP & LAPTOP



Core 2 Duo, RAM-1GB, HDD-80GB, LCD-15" ရှိပြီး Battery အလွန်ကောင်းမွန်သော ရုံးသုံး၊ ကျောင်းသုံး၊ လုပ်ငန်းသုံးရန် အရမ်းအရမ်းသင့်တော်သော Laptop တစ်လုံးလျှင် (95,000 Ks) ဖြင့်ရောင်းချပေးနေပါသည်။ ယနေ့ (5.9.16) မှ (11.9.16) အထိ အထူးအစီအစဉ်

မှတ်ချက်။ စရန်ကျပ် (10,000) ပေးခြင်းဖြင့် BOOKING လုပ်နိုင်ပါသည်။ (1 Year)
(၅)လုံးအထက်ဝယ်ယူသူများကို / လက်ကား ဈေးဖြင့်ရောင်းချပေးပါမည်။ (Parts & Services)

အမှတ်(၁၁၆)၊ ဆိပ်ကမ်းသာလမ်း(မဟာဗန္ဓုလလမ်းနှင့် ကုန်သည်လမ်းကြား)၊ ဖုန်း ၀၁. ၂၅၀၀၈၄၊ ၀၉-၅၀၇၁၇၈၉၊ ၀၉-၉၇၇၂၂၁၃၁
အမှတ်(၆၆၆)၊ တိုက်(ခ)၊ အခန်း(၄)၊ စံရိပ်ငြိမ် အင်းစိန်လမ်းမကြီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၉-၄၃၀၅၅၁၁၁၊ ၀၉-၄၃၀၂၂၈၃၉
အမှတ်(ပ-၅၃)၊ ပွဲရုံအထွက်လမ်း၊ ဈေးတော်အက်လမ်း၊ မြို့မဈေး၊ နေပြည်တော်မြို့။ ဖုန်း ၀၉-၄၂၁၁၈၀၁၃၊ ၀၉-၉၇၇၂၂၁၃၃၂

ဥပဒေ အကယ်ဒမီ
Mandaing Law Academy

**မူပိုင်ခွင့်သင်တန်းများ**

စက်တင်ဘာလ(၂၅)ရက်နေ့ စတင်မည်။

- WIPO On-Line မှတ်ပုံတင်ခြင်း၊ ဖြေဆိုခြင်းနှင့် အောင်လက်မှတ် ရရှိသည် အထိ။
- On-Line မှတ်ပုံတင်ရန် ကြိုတင်အပ်နှံပါ။

အမှတ် 113၊ 31 လမ်း၊ (အလယ်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-01-377710 / 01-708847

Dbuzz (ဒီဘက်ဇ်) အထည်ချုပ်၊ ကွန်ပျူတာပန်းထိုးနှင့် အဆင့်မြင့်တံဆိပ်ရိုက်လုပ်ငန်း

တီရှပ် နိုင်လွန် သန့် ▶ ၆၅၀ ကျပ်

အထည် ၃၀၀ နှင့် အထက်ယူပါက ပို့ပေး / ပြပေးသည်
အမှတ်-၁၃၃၂၊ မြေညီ၊ ကတိုက်လမ်း၊ မေတ္တာညွန့်၊ တာမွေ။
09 73060258, 09 31789830
www.dbuzzprintinggroup.com

MCC Institute နှင့်ပြင်သစ်နိုင်ငံ HEI တက္ကသိုလ်တို့ပူးပေါင်းသင်ကြားမည့် M.Sc (Engineering) မဟာဘွဲ့အင်ဂျင်နီယာ သင်တန်းအတွက် Open House အခမ်းအနားတက်ရောက်ရန် ဖိတ်ကြားအပ်ပါသည်။

MCC GROUP

HEI

**MCC Group & HEI- ISA-ISEN Groups**

*Cordially invite you to join academic program open house*
*M.Sc Engineering Program, At French Institute*
*Saturday, 10 September 2016,*
*15:30 p.m – 20:00 p.m, 340 Pyay Road, Sanchaung*

**Refreshment, Presentation & Press Release, Live Music Band**

*R.S.V.P : 09-799 676 004, 09-798 456 371, 09-448 002 288*

တက္ကသိုလ်ဝင်တန်း စာမေးပွဲကို အနည်းဆုံးအမှတ် (၃၆၀) နှင့် အထက်ရရှိ အောင်မြင်ပြီးသူများ၊ IGCSE နှင့် အလားတူ အဆင့်ရှိသူ ကျောင်းသူ/ကျောင်းသားများနှင့် မိဘများ၊ သတင်းစာ နှင့် ဂျာနယ်မှတ်ဝင်များ၊ ရုပ်သံ (TV) လွှင့်သော အဖွဲ့အစည်းများ အနေဖြင့် လူဦးရေ အကန့်အသတ်ရှိပါ၍ (Pre-Registration) ပြုလုပ်ပြီး တက်ရောက်နိုင်ပါသည်။ www.facebook.com/mcc.institute

# DSS Steel

GI ဟောလိုပိုက်နှင့်သံပြွန်အဖြန့်ချိရေး
၂၅၇၊ ၂၅၉ ကျိုင်းတုံလမ်းနှင့်ထားဝယ်လမ်းထောင့် စက်မှုဇုန်(၁)၊ တောင်ဒဂုံ။
Ph : 09-5113546 , 09-976644550

"အထူးအရောင်းနှင့်ဝင်ငွေ" (ပွဲစားမလို)

* ဗဟန်း၊ ရွှေဂုံတိုင်ကြားလမ်းတွင် (40'x60') အကျယ်ရှိ (၂)ထပ်လုံးချင်းတိုက် အိပ်ခန်း (၄)ခန်း ပြင်ပြီး ဈေးနှုန်း - (၇၂၀၀)သိန်း
* ဗဟန်း၊ ဗိုလ်စိန်လမ်းဆုံအနီးတွင် (38'x55') အကျယ်ရှိ (၂)ထပ်လုံးချင်းတိုက် အိပ်ခန်း (၄)ခန်း ပြင်ပြီး ဈေးနှုန်း - (၆၀၀၀)သိန်း
* သုဝဏ္ဏ၊ VIP တွင် (80'x70') အကျယ်ရှိ မြေကွက်နှင့် (100'x100') မြေပို(၁)ကွက်ပါမည်။ ဈေးနှုန်း - (၄၁၀၀)သိန်း
* အလုံ၊ အလုံလမ်းမတွင် Orchid Condo (2050Sqft) အကျယ်ရှိ MBR3, A/C4, ပြင်ပြီး ဈေးနှုန်း - (၃၄၅၀)သိန်း
* တောင်ဥက္ကလာ၊ ပြဟွန်စိုင်လမ်းမပေါ်တွင် (20x60) အကျယ်ရှိ လုပ်ငန်းသင့် (နေရာကောင်း) မြေကွက် ဈေးနှုန်း - (၂၂၀၀)သိန်း
* မရမ်းကုန်း၊ (၅)ရပ်ကွက် (60x60) အကျယ်ရှိ အုတ်တစ်ဝက်၊ မြေကွက် ဈေးနှုန်း - (၁၃၀၀)သိန်း

01552742, 095060940, 0973500535, 095060938



